

မောင်စည်သူ

# လီဇာ

# LIZA Of LAMBETH

**W.Somerset Maugham**

## မောင်စည်သူ [၁၉၁၈–၁၉၈၁]

ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့အနီး ဒေးဒရဲမြို့နယ်ထဲရှိ ထိုင်ကူမြစ်တန်းရွာ၌ အဖ မြေပိုင်ရှင် ဦးသာဘော်၊ အမိ ဒေါ်ကျော့တို့က ၁၉၁၈ တွင် မွေးဖွား၍ အမည်ရင်းမှာ ဦးဘညွန့် ဖြစ်သည်။

ကျိုက်လတ်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၃၆ ခု ကျောင်းသားသပိတ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံသို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၃၇ တွင် ကျိုက်လတ်မြို့ အမျိုးသား အထက်တန်းကျောင်းမှ ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ယူခဲ့သည်။ စစ်ကိုင်းကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်း အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဂျပန်ခေတ်တွင် ကျိုက်လတ်မြို့ အာရှလူငယ်အစည်းအရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ စစ်ပြီးစတွင် ကျိုက်လတ်မြို့နယ် တောင်သူလယ်သမားသမဂ္ဂ အမှုဆောင်အဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၄၆ တွင် တာရာမဂ္ဂဇင်း တည်ထောင်စဉ်ကတည်းက တွဲဖက်အယ်ဒီတာနှင့် မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၅၆ တွင် "စည်သူပညာ့ရိပ်သာ" အလွတ်ပညာသင်ကျောင်းကို ကိုယ်ပိုင် တည်ထောင်၍ ကျောင်းဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုသည်။ ၁၉၅၇ တွင် ရန်ကုန်ခရိုင် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ အမှုဆောင်အဖွဲ့ဝင်၊ ၁၉၆၃ တွင် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ ထို့နောက် ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ဒဂုန်တာရာ၏ ဦးလေး ဖြစ်ရာ ဒဂုန်တာရာနှင့် ငယ်ငယ်ကတည်းကပင် အတူနေ၊ အတူ စာရေးခဲ့သည်။ ၁၉၃၇ ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် အိုးဝေမဂ္ဂဇင်းမှာ ဆောင်းပါး၊ ဝတ္ထုများ ရေး၍ စာပေလောကထဲ ဝင်ခဲ့သည်။ တာရာမဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် (၂) မှ စ၍ ဝတ္ထုတိုများ ဆက်တိုက်ရေးခဲ့သည်။ **ယုံတော့မရေယ်** (၁၉၄၈) သည် ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သည်။ ထင်ရှားသည့် လက်ရာအချို့မှာ **ထိုက်** (၁၉၆၄)၊ **တက္ကသိုလ်ဆရာတစ်ဦး၊ တက္ကသိုလ်ကျောင်းသူတစ်ဦး၊ တက္ကသိုလ်ကျောင်းသားတစ်ဦး** (၁၉၆၅)၊ **ထိုက်သူ့သက်လျာ** (၁၉၆၇)၊ **မေတ္တာသိမ့်သိမ့်** (၁၉၆၇)၊ **သက်** (၁၉၆၈)၊ **မေတ္တာလေညင်းညင်း** (၁၉၆၉)၊ **အိုဘယ့်ချစ်သူ မောင့်ချစ်သူ** (၁၉၇၄)၊ **သက်မျှကြွင်းသည် သူ့ကိုရည်၍** (၁၉၇၆) တို့ ဖြစ်ကြသည်။

၄ ဧပြီ ၁၉၈၁ ညနေ ၆း၁၅ တွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီးမှာ ကွယ်လွန်ခဲ့သည်။

၂၀၁၇–၂၀၂၀ ထုတ်
ရာပြည့်စာအုပ်များ

၄၆၁။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော် စာတမ်းများ
၄၆၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ
၄၆၃။ သခ်ီ ၏ သူတော်ကောင်းကြီး
၄၆၄။ တောင်သာမာဒင် ၏ ပန်းခိုးမှုနှင့် ကျေးရွာတရားရုံး စုံထောက်မှုများ
၄၆၅။ ရွှေကိုင်းသား ၏ သမိုင်းထဲက စစ်ကိုင်း
၄၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ သုတေသန စာတမ်းများ
၄၆၇။ စိန်စိန် ၏ ချစ်ငြိုးချစ်မာန်
၄၆၈။ ထွန်းသစ် ၏ တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ဒုတိယအုပ်]
၄၆၉။ ဆရာမာဃ ၏ နိဗ္ဗာန်ဝါဒသမိုင်း
၄၇၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သူရဿတီနီတိ [ပေါင်းချုပ်]
၄၇၁။ မောင်ပေါ်ထွန်း နှင့် ချစ်ဝင်းညွန့် (မြန်မာပြန်) ၏ ပါရီ မီးလောင်ပြီလား
၄၇၂။ မှော်ဘီဆရာသိန်း ၏ စကားပဒေသာ
၁၀၉(ဒ)။ ကျော်အောင် (မြန်မာပြန်) ၏ အကောင်းမြင်သမား (Candide by Voltaire)
၄၇၃။ သခင်ဘသောင်း (မြန်မာပြန်) ၏ ဗုဒ္ဓ၏ စကြဝဠာတရား
၄၇၄။ မောင်ရွှေကြည် ၏ ကျားဆိုသော ကျား
၄၇၅။ ဓာတာတော်ပုံ ရာဇဝင်
၄၇၆။ ပြည့်စုံ ၏ ပန်းရုံ
၄၇၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာ ပြဇာတ်စာပေသမိုင်း
၄၇၈။ နေဦးဝေ (မြန်မာပြန်) ၏ သမိုင်းကို ပြောင်းလဲစေသော ကမ္ဘာကျော် အမှား ၁၀၀
၄၇၉။ သစ်ဦးဇင် (မြန်မာပြန်) ၏ မဟာကရုဏာသခင်၊ မီးအိမ်ရှင် ဖလောရင့် နိုက်တင်ဂေးလ်
၄၈၀။ ငွေလင်း ၏ ဝါးကြီးအိုင်သူပုန်
၄၈၁။ ဒေါက်တာတိုးလှ ၏ ပင်းယ–အင်းဝခေတ်မှ သမိုင်းဝင် စေတီပုထိုးများ [၆၇၂–၁၂၄၇]
၄၈၂။ ကျော်အောင် ၏ ဝတ္ထုတိုများ
၄၈၃။ ဟန်ဝင်းအောင် ၏ မတ်လ ၂၇
၄၈၄။ အရှင်အာဒိစ္စဝံသမထေရ် (မြန်မာပြန်) ၏ အသောကမင်းတရားကြီး၏ ကျောက်စာတော်
၄၈၅။ သိန်းသန်းထွန်း ၏ မိုးတခွေနှင့် မဂ္ဂဇင်းဝတ္ထု ပေါင်းချုပ်
၄၈၆။ တင်မောင်မြင့် ၏ သတို့သားနှင့် အခြား ဝတ္ထုတိုများ
[ The Bridegroom Stories by Ha Jin ]
၄၈၇။ မောင်ခင်မင် (ဓနုဖြူ) ၏ ကလောင်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ
၄၈၈။ မာဃ ၏ မင်းမြတ်သာလွန် [အတ္ထုပ္ပတ္တိ]
၄၈၉။ မောင်ရဲခိုင် ၏ ကောင်းကင်စားကျက် [The Pastures of Heaven by John Steinbeck ]
၄၉၀။ သိပ္ပံမောင်ဝ ပြဇာတ်ပေါင်းချုပ်
၄၉၁။ ညိုမြ ၏ နယ်နိမိတ်မဲ့ ကမ္ဘာ [ World Without Borders by Lester R.Brown]
၄၉၂။ ဆကာကြီးထိပ်တင် ၏ ပျို့ကရုဏာ
၄၉၃။ သစ်ဦးဇင် ၏ အပြောင်းအလဲ [ Change by Mo Yan ]
၄၉၄။ ဓမ္မာ ၏ တောကြီးမာယာနှင့် သည်းထိတ်ရင်ဖို မဂ္ဂဇင်း ဝတ္ထုရှည်များ

၂၀၂၀ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၄၉၆။ ငွေလင်း ၏ သည်မိုးနှင့်သည်မြေ အညာလေ့ ဝတ္ထုတိုများ
၄၉၇။ တက္ကသိုလ်ဝင်းမွန် ၏ အမျိုးသားပညာဝန် ဦးဖိုးကျား၏ ဘဝနှင့်စာပေ
၄၉၈။ တင့်ဇော် (မြန်မာပြန်) ၏ အာဖရိက ဝတ္ထုတိုများ [African Stories]
၄၉၉။ ဒေါက်တာကျော်ဝင်း ၏ ပါတော်မူပြီးစ မြန်မာနိုင်ငံ
၅၀၀။ ရာပြည့်ဦးစိုးညွန့် ၏ ၂၀ ရာစု မြန်မာစာရေးဆရာ ၅၀၀

ရာပြည့်စာအုပ် ၄၉၅

မောင်စည်သူ

# လီဇာ

## LIZA OF LAMBETH

## W. Somerset Maugham


**ရာပြည့်စာအုပ်တိုက်**

www.yarpyae.com

တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်

ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၉၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁–၃၇၅၉၅၂ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၂၀၂၀) ရာပြည့်စာအုပ်တိုက်
(ဇွန် ၂၀၂၀)
အုပ်ရေ [၆၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၀၄၂၀]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ နှင့် ဒီဇိုင်း
M. F. Husain (India) နှင့် လင်းဝဏ္ဏ

❑

တန်ဖိုး
၂၀၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

[ ၁ ]

ဩဂုတ်လဆန်း စနေနေ့၌ နေသည် တိမ်တောင်တိမ်တိုက် ကင်းသော ကောင်းကင်မှ ထွက်ပြူကာ အိမ်ခေါင်မိုးတွေပေါ်သို့ သိပ်နှိပ်ပြီး ပူပြင်းစေခဲ့သဖြင့် အပေါ်ဆုံးထပ်များမှာ မီးဖိုနှင့်မခြား အပူဒဏ်ကို အလူးအလိမ့် ခံခဲ့ရလေရာ၊ ညနေ အေးလာ၍ အပူလျော့စ ပြုတော့မှပင် ဝီရာလမ်းသူ လမ်းသားတို့သည် အပြင်ထွက်ကြ၊ သက်သောင့်သက်သာ နေကြထိုင်ကြနှင့် အေးချမ်းစွာ နေနိုင်တော့ပေသည်။

**ဝီရာလမ်းသည် ဝက်(စ်)မင်စတာ** တံတားလမ်းမှ ခွဲထွက်လာသော လမ်းတိုကလေး ဖြစ်ပြီးလျှင် ဟိုဘက်ဒီဘက် အိမ်ခြေလေးဆယ်ခန့်စီ ညီညီညာညာဖြင့် လည်းကောင်း၊ အိမ်ပုံကလေးတွေမှာလည်း ပဲစေ့ကလေးတွေ သို့မဟုတ် အပျိုပေါက်စကလေးတွေ အချင်းချင်း တစ်စေ့နှင့်တစ်စေ့၊ တစ်ယောက်နှင့်တစ်ယောက် ရွေးမရအောင် တူသကဲ့သို့ လည်းကောင်း ဆင်တူရိုးမှားကလေးတွေဖြင့် သုံးထပ်တိုက်၊ တိုက်ကတုံးကလေးတွေချည်း ဖြစ်ကြကာ လမ်းမဘက်သို့ ဆင်ဝင်၊ ဝရန်တာ စသည်တို့ မထုတ်ကြဘဲ ဟိုဘက်ထိပ်မှ ဒီဘက်ထိပ်ထိအောင် တစ်မျဉ်းတည်း၊ တစ်ဖြောင့်တည်းသာ စည်းကမ်း မပျက် တန်းလျက် ရှိကြပေသည်။

ဒီ စနေနေ့၏ ညနေခင်းသည် အတော်ပဲ အသက်ဝင်နေပုံ ရလေသည်။ လမ်းပေါ်တွင် ယာဉ်များလည်း သိပ်ရှုပ်မနေကြရကား ပလက်ဖောင်း နှစ်ခုကြားရှိ နေရာရှိသမျှကို ကလေးများကပဲ အပိုင်စီးထားနိုင်ပေတော့သည်။ သူတို့သည် ဆူညံအော်ဟစ်ခါဖြင့် ဘတ်ရိုက်တမ်း ကစားနေကြလေသည်။

အချို့ ကောင်ကလေးများသည် အင်္ကျီကိုချွတ်၍ အိတ်လုပ်ကာ ဖမ်းကြသဖြင့် ရိုက်တံကလည်း ခပ်သေးသေး ဖြစ်ရကား၊ ခဏခဏ မိကြသည့်အတွက် အငြင်းအခုံ များပြီး နားကွဲလုမတတ် အသံများဖြင့် ဆူညံနေပေတော့သည်။ ကောင်မကလေးများမှာတော့ အတော်ကလေး ငြိမ်ဝပ်နေကြလျက် ကြိုးခုန်တမ်း၊ ဖန်ခုန်တမ်းလောက်သာ ကစားကြသဖြင့် အလွန်ဆုံး နှုတ်ခမ်းစူကြရုံ၊ မကြားတကြား ဆဲကြရုံပဲ ရှိကြလေသည်။ အချို့ကလေးများသည် အတော်ပဲ ဆိုးရွားသဖြင့် လမ်းက သဲများကို တူးဆွကြပြီး အိမ်ဆောက်တမ်း၊ တိုက်ဆောက်တမ်း ကစားကာ စိတ်ကူးယဉ်လျက် ရှိကြပေသည်။

ကလေးဦးရေမှာ ထူးထူးကဲကဲကို များလွန်းလှပါသည်။ လမ်းခုံပေါ်တွင် လေးဖက်တွားနေကြလျက် တချို့တံခါးဝတွေမှာ ပြုတစ် ပြုတစ်နဲ့ တချို့။ မိခင်တွေရဲ့ ဂါဝန်ပေါ် တွယ်တက်နေသူက တချို့။ အလွန်တမင်းပေါများ နေကြလေသည်။ မိခင်များမှာတော့ တံခါးပေါက်ဝပေါ်တွင် နှစ်ယောက်တွဲ ထိုင်ကြပြီးလျှင် သူမတို့ရဲ့ ဝဲယာ၌ လင်သည်များသည် လည်းကောင်း၊ မိန်းမဖော်တွေသည် လည်းကောင်း ကုလားထိုင်များပေါ်တွင် ထိုင်လျက် ရှိကြလေသည်။ မိန်းမများ၏ ထူးခြားချက်များမှာ နို့စို့ရွယ် ကလေး ကိုယ်စီနှင့် ဖြစ်နေကြခြင်း ဖြစ်ပြီးလျှင်၊ အနည်းဆုံး အရွယ်ရောက်သည့် မိန်းမမှန်သမျှ ကိုယ်ဝန်ဆောင်နဲ့ချည်းလိုလို ဖြစ်ကြလေသည်။ တကယ်ဆိုတော့ ယောကျ်ားများကို သိပ်မတွေ့ရဘဲ ဓာတ်တိုင်မှီပြီး စီးကရက် သောက်နေသူ၊ တံခါးပေါင်တွင် မှီနေသူ စသည်လောက်သာ အနည်းငယ်ခန့်ကို တွေ့ရပေသည်။

သည်လောက် ကလေးပေါသည့် နေရာမို့လား မသိ။ ဝီရာရပ်ကွက်သူတို့မှာ ကလေးအကြောင်းက လွဲပြီး ပြောစရာ ရှာမရကြသဖြင့် လူစုမိလျှင် ဘယ်သူ ကလေးမွေးသည့်အကြောင်း၊ အရပ်ဝမ်းဆွဲများ၏ အဆိုးအကောင်း စသည့်အကြောင်း၊ ကိုယ်တွေ့ မီးဖွားပုံများကို ပြောပြ၍ တစ်ယောက်နှင့် တစ်ယောက် ဘယ်လို ကွာခြားပုံတို့ကို ဖွဲ့နွဲ့ကာ ပြောဆိုနေတတ်ကြပေသည်။

'မင်း ဒီလို ဒုက္ခကလေးမျိုးတွေနဲ့ တွေ့ရဖို့ သိပ်ကြာတော့မှာ မဟုတ်ဘူးနော် ပေါ်လီ'

ကလေးနို့တိုက်နေသူ မိန်းမတစ်ဦးက အခြား ကိုယ်ဝန်ဆောင်တစ်ဦး အား ပြောလိုက်လေသည်။

'အိုး … လိုပါသေးတယ်၊ ကိုယ် တွက်ထားတာတော့ နောက်နှစ်လ ထက် မမြန်နိုင် …'

ပေါ်လီရဲ့ စကားတောင်မှ မဆုံးသေးခင် အခြားမိန်းမတစ်ယောက်က ဝင်၍-

'အေး … ဟုတ်တယ်၊ မင်းရုပ်ကို အကဲခတ်ရတာ အနည်းဆုံး ဒီလောက်ပဲလို့ ငါ အထင်သား'

'ဒီတစ်ခါ မင်းကြည့်ရတာ လွယ်ပါလိမ့်မယ်'

မိန်းမ ခပ်ကြီးကြီး ခပ်ဝဝ၊ နေရာတကာ ဆရာလုပ်ချင်သည့် ဂိုက် ပေါက်နေသူ တစ်ဦးက ပြောလေသည်။

'ဒါနဲ့များ နောက်ဆုံးတစ်ယောက် မွေးတုန်းက တော်ပြီ တဲ့။ နောက် ထပ် မလိုချင်တော့ဘူး တဲ့'

ဤကား ပေါ်လီရဲ့ ယောက်ျားဖြစ်သူက ဝင်ပြောလိုက်ခြင်း ဖြစ်ရာ-

'ဟယ် … ဒီလိုပဲ ပြောကြရတာပေါ့။ ဒီလိုပြောတိုင်းလဲ ဘယ် အတည်ယူလို့ ဖြစ်နိုင်ပါ့မလဲ'

ထိုဝဝ မိန်းမကြီးကပဲ ဆရာလုပ်သည့် လေသံနှင့် ဆက်ပြောသည် မှာ-

'ကိုယ့်ကို ကြည့်လေ၊ အခု သုံးယောက်တောင် ရှိထားတယ် မဟုတ် လား။ ဒါပေမဲ့ နောက်ထပ် မလိုချင်ဘူးလို့များ မထင်နဲ့။ ရရင် သာတောင် ကြိုက်သေးတယ်။ တကယ့်ကို ပြောတာပါ'

'ရှင့်အဖို့တော့ ဟုတ်မယ်ပဲ ထားပါရှင်၊ ကျုပ်အဖို့တော့ ဒီမယ်နော် ဟယ်ရီ၊ မင်းလဲ မကြားမရှိနဲ့၊ နောက်တစ်ခါ ငါ ကလေးရရင် မင်းနဲ့ ကွာရလိမ့်မယ်။ ဒါပဲ'

ပေါ်လီသည် ဤသို့ သူ့ယောက်ျားအား လှမ်းပြောလိုက်လေသည်။

ထိုအတွင်း လက်ဆွဲဘာဂျာသမားသည် လမ်းကွေ့မှ ပေါ်လာလေ သည်။ လူရော အသံပါ သူတို့ဘက်သို့ လာနေလေသည်။ လေး ငါး ခြောက် ယောက်လောက် ထိုဘာဂျာသမားနောက်မှ ပြုံလိုက်လာကြလေသည်။ သူ

သည် အီတာလျံလူမျိုး ဖြစ်ပြီးလျှင် ဆံပင်နက်၍၊ နှုတ်ခမ်းမွှေးရေးရေး ရှိလေသည်။ သူ သဘောကျသော နေရာတစ်ခုတွင် ရပ်ပြီး တီးလက်စ သီချင်းကို ခဏရပ်ကာ အသံပြောင်း၍ စမ်းနေလေသည်။ သူ့ဦးထုပ်ပျော့ကြီးကို တစောင်းပြင်ဆောင်းလိုက်ပြီးလျှင် သူသည် အတော် အလိုက်သွက်သည့် သီချင်းတစ်ပုဒ်ကို တီးလိုက်လေရာ၊ မကြာမီ ကလေး လူကြီး၊ အပျို အအိုများ ဝိုင်းအုံလာကြလေသည်။ ဒါပေမဲ့ အအိုများမှာတော့ သိပ် က ချင်စိတ် မပြင်းပြကြသဖြင့် ခပ်လှမ်းလှမ်းကသာ ဝိုင်းနေကြလေသည်။ အပျိုအရွယ် ကလေးတွေမှာမူ အတော် ရိုးတိုးရွတ ဖြစ်လာကြလေသည်။

'လာလေ ဖလော်ရီ၊ မင်းနဲ့ငါနဲ့ တွဲရအောင်'

တစ်ယောက်က စပြီး အဖော်ညှိလိုက်ရာ နောက်တစ်ယောက်က ငြင်းတောင် မငြင်းဘဲ ထွက်လာပြီး တစ်ယောက်က ယောက်ျားလို၊ တစ်ယောက်က မိန်းမလို လုပ်၍ က ကြလေသည်။ မကြာမီ ဒီလိုပဲ သုံးလေးတွဲ ဝင်လာကြလေသည်။ နောက် သူတို့သည် သူ့အတွဲနှင့်သူ မော့ကာ၊ ထောက်ကာဖြင့် လည်းကောင်း၊ လှည့်ကာပတ်ကာဖြင့် လည်းကောင်း သီချင်းသံကို ခို၍ ဟန်ဟန်ပန်ပန် တကယ့် အကခန်းကြီးထဲမှာလို သဘောထားပြီး က ကြလေသည်။ မကြာမီ ယောက်ျားကလေးတွေပါ စိတ်ပါလာပြီးလျှင် သူတို့ဘာသာ အတွဲရှာရသောအခါ ရော၍ က ကြပြန်သည်။

ထိုကဲ့သို့ အားရပါးရ က နေကြစဉ်မှာ လှုပ်လှုပ်ရွရွ ဖြစ်လာပြီး-

'ဟိုမှာဟေ့ လီဇာ'

တစ်ယောက်က လှမ်းပြောလိုက်ရာ လူအုပ်ထဲမှာ တချို့ ထွက်လာကြပြီး-

'ဟုတ်တယ်ဟေ့၊ ဟိုမှာ… လီဇာ၊ ကြည့်စမ်း'

က နေကြသူများသည် ခဏ ရပ်ထားလိုက်ကြပြီး အခြားလူများ ကြည့်ရာသို့ လိုက်ကြည့်မိကြသည်။ ဘာဂျာသမားတောင်မှ သီချင်းဆုံးသွားသောအခါ သူတို့ ကြည့်သည့်ဘက်သို့ လိုက်ကြည့်မိသွားလေသည်။

'လီဇာ… ဒီမှာဟေ့… လီဇာ…'

သူတို့သည် အော်ခေါ်ကြလေသည်။

ဝိုင်းပျက်လောက်အောင် စွမ်းဆောင်နိုင်သူကလေးမှာ အသက်ဆယ့်

ရှစ်နှစ်ခန့်၊ မျက်လုံးနက်နက်၊ ဆံပင်အုပ်များ ကောင်းပြီး ဖောင်းဖောင်းလိမ်လိမ် အတွန့်ကလေးတွေဖြင့် နဖူးကို အုပ်လုနီးနီး တွဲလောင်းကျနေသည့် အပျိုမကလေး တစ်ဦးသာပဲ ဖြစ်လေသည်။ သူမသည် ခရမ်းရောင် ခပ်လွင်လွင် ပိုးသားအစကို ဂါဝန်ချုပ်ဝတ်ထားပြီး ငှက်မွေးဦးထုပ် အနက်ကြီးကြီး တစ်ခုကို ဆောင်းထားလေသည်။

'လီဇာ… ဒီနေ့ အရမ်းကို လုပ်လာပါလား ဟေ့'

လူအုပ်ထဲမှ တစ်ယောက်က သူမ ဖြတ်သွားစဉ် မှတ်ချက် ချလိုက်လေရာ–

'ဒီ သောက်ဖက်ရှင်မျိုးတော့ မုန်းလိုက်တာ'

လီဇာသည် သူမ အဘယ်မျှ လူတွေကို ချောက်ချားစေလိုက်သည်ကို ရိပ်မိသွားလျက် အရွဲ့တိုက်လိုသည့်သဘောဖြင့် ခေါင်းကလေးကို မော့၊ ရင်ကလေးကို ကော့လိုက်ပြီးလျှင် ကိုယ်ကလေး တခါခါ၊ တင်ကလေး တလှုပ်လှုပ်လှုပ်၍ တစ်လမ်းလုံး သူမတစ်ယောက်တည်း ရှိဘိအလား အစွမ်းကုန် ကြဲလိုက်လေတော့သည်။

'ဟေ့… ဒီလမ်းဟာ မင့်လမ်းဆိုပဲ… ဟင်၊ ဘီ(လ်)'

လူငယ်တစ်ဦးက ဘီ(လ်)အား လှမ်း၍ မြှောက်ပေးလိုက်ရာ အားလုံးက သူနှင့် သံယောင်လိုက်ပြီး–

'ဖိုးကြွားကြီးကို အလိုမရှိ'

တစ်ဒါဇင်လောက် လူငယ်ကလေးတွေသည် ဝိုင်းပြီး အော်ကြလေသည်။ နောက် သူတို့အထဲမှ တစ်ယောက်က အသံကြောင်ကလေးနှင့်–

'ဟေ့… လီဇာ…'

ဤသို့ အော်လိုက်ရာ သူ့ထက် ကြောင်သော၊ စူးသော၊ တုန်သော အသံအမျိုးမျိုး ပေါ်ထွက်လာပြီး တစ်လမ်းလုံး ပွဲတင်ထပ်သွားလေသည်။ လက်ခေါက်မှုတ်သံလည်း ပေါ်လာသေးသည်။

လီဇာမှာမူ သူတို့အား ဂရုစိုက်ဖို့ ဝေးစွ၊ ပို၍ပင် ကျေနပ်သည့်အသွင်ဖြင့် ကြွားဝင့်သော မျက်နှာပေးကို လှည့်၍ပြလိုက်သေးရာ၊ အဝီစိပွက်သည်ထက် ပိုဆိုးသွားလေတော့သည်။ သူမသည် လူစုရှိရာသို့ပင် ရဲဝံ့စွာ လျှောက်လာလေသည်။

'ဒါ မင်းရဲ့ နောက်ချုပ်တဲ့ဟာလား'

'ကြည့်ပါလားကွဲ့၊ အရင် အဟောင်းတွေနဲ့ တူလားလို့'

'ဘယ်က ရတာလဲဟေ့… လီဇာ'

'လမ်းမပေါ်က ကောက်ရတာပေါ့ကွ'

လီဇာက အရွဲ့တိုက်ကာ ဖြေလိုက်လေရာ-

'ငါ အပေါင်ဆိုင်မှာ တွေ့တာ ဒီအင်္ကျီပဲ ထင်တယ်'

ယောက်ျားတစ်ယောက်က ဝင်၍ လီဇာအား မခံချင်အောင် ပြောလေသည်။

'ဩော်… အဲဒီတုန်းက ရှင့် ဘောင်းဘီကို လာပေါင်ရင်း တွေ့မိမှာပေါ့'

သူမသည် ဤသို့ ပြန်နှက်လိုက်ရုံတင် မကသေးဘဲ-

'ဒါပဲနော်… ရှင်တို့ နောက်ထပ် မပြောနဲ့။ ဒါတွေဟာ တိုက်က ဝယ်လာပြီး တိုက်က စက်သမားဆီမှာ အပ်တာ။ ဘာမှတ်လို့လဲ'

သူမသည် ဤသို့ ကြွားဝင့်စွာ ပြန်ပြောလိုက်လေရာ သူတို့က ရယ်ကြလေသည်။ ဒါပေမဲ့ လီဇာက ဂရုမစိုက်ချေ။ သူမသည် ဘာဂျာသမားကို တွေ့သောအခါ အူမြူးသွားလေသည်။ သူမသည် စောစောက သူမရဲ့ အဝတ်အစားကို ကြွားနေရသဖြင့် သတိမထားမိဘဲ ရှိလေသည်။ နောက် သူမသည် အခြား အပျိုမကလေး တစ်ယောက်ဆီသို့ လှမ်း၍-

'လာဟေ့ ရှယ်လီ၊ မင်းနဲ့ငါနဲ့ က ကြရအောင်။ နင်တို့ ဖယ်ကြ… အရှုးတွေ'

သူမသည် ခုနက သူမအား လှောင်သူများကို တွန်းဖယ်ပြီး က ဖို့ ပြင်တော့လေသည်။

'ဒီမယ် ရှင့်… ဘာဂျာဆရာ'

လီဇာက မျက်လုံးကလေး ထောင့်ကပ်ကာ ပြောလိုက်လျှင်ပင် ဘာဂျာသမားသည် အသံညှိ၍ သီချင်းအသစ်တစ်ပုဒ်ကို တီးလေတော့သည်။ လီဇာတို့ အတွဲကို အားကျ၍ အခြားအတွဲတွေလည်း မကြာမီ ဝင်လာကြပြီး လျှင် ယခင်ကကဲ့သို့ လှည့်ကာပတ်ကာ က ကြပြန်လေသည်။ သူတို့သည် ဟန်ဟန်ပန်ပန် ဖြစ်နိုင်သမျှ ဖြစ်အောင် သူ့ထက်ငါကောင်း ကြိုးစားပြီး

ဣန္ဒြေရရ က ကြသည်။ ဒါပေမဲ့ လီဇာတို့အတွဲမှာ ထူးချွန်ပေါ်ထင်လျက်ရှိတော့လေရာ အခြားအတွဲတွေသည် မိဖုရားကလေးတွေတမျှ ကြော့မော့အောင် က နိုင်ကြသည် ဆိုပါလျှင်၊ လီဇာသည် ထိုနေ့အဖို့ ဘုရင်မကဲ့သို့ ကျက်သရေရှိစွာ က သည်ဟုပဲ ဆိုရပေတော့မည်။ သူမရဲ့ ခြေဖျားထောက်သည့်ဟန်၊ ရင်ကလေးကို ချီထားပုံ၊ မျက်လုံးကလေးတွေ မှေးထားသည့်အမူအရာ၊ နှုတ်ခမ်းကလေးတွေ အားမလို အားမရ ကိုက်ထားသည့် အမူတို့သည် ဝီရာလမ်းသားတို့ကို ဖမ်းနိုင်သည် ဆိုခြင်းမှာ တကယ်ဆိုတော့ အံ့သြစရာတောင် မဟုတ်တော့ချေ။

ရုတ်တရက် လီဇာသည် ရပ်ပစ်လိုက်ပြီးလျှင် သူမ အဖော်အား ဖက်ထားသည့် လက်ကိုလည်း ဖြေလိုက်ကာ–

'အို… ဒီလို နှေးနှေးကြီး က နေရတာ လီဇာ အားမရလိုက်တာ ကွယ်'

ဟုတ်ပါသည်။ ဒီလိုဟန်နှင့် က ရသည့် အကမျိုးကို လီဇာသည် ငြီးငွေ့လာတော့သည်။

'ဒီမယ် ဆရာ၊ ခပ်သွက်သွက်ကလေးနဲ့ ဒီ့ထက် ပိုပြီး အသက်ပါတဲ့ တီးလုံးမျိုး တီးစမ်းပါ ဆရာ။ ကြည့်ဟေ့… ရှယ်လီ၊ ဂါဝန်အက ငါ က ပြမယ်'

'ကင်တာဘာရီနဲ့ လန်ဒန်မှာ က တဲ့ ဘဲလေး အကမျိုးလား။ အိုကေ… ကောင်းပြီ၊ ဝီရာလမ်းက ဘဲလေးအကနဲ့ ပြိုင်ကြရအောင်'

ဤသို့ အတီးဆရာက လီဇာအား သရော်လိုက်ရာ လီဇာသည် သူ့အနားသို့ ကပ်သွားပြီး သူ့ဦးထုပ်ပျော့ကြီးကို မျက်နှာတစ်ခုလုံး ဖုံးသွားအောင် အတင်း စွပ်ချလိုက်၍–

'မဟုတ်ပါဘူး ကိုအီတာလျံရဲ့၊ နည်းနည်း ခုန်လို့ပျံလို့ ကောင်းတဲ့ အလိုက်ဆိုရင် တော်ပါပြီ တဲ့'

ဘာဂျာသမားသည် လီဇာ့ အမိန့်အတိုင်း ခပ်သွက်သွက်အလိုက်နှင့် သီချင်းတစ်ပုဒ် စ လေတော့သည်။ ဒီအကမှာ တစ်ယောက်ချင်း က ကြရသည်။ သီချင်းမစခင်ကတည်းက သူမတို့သည် ဂါဝန်ကလေးတွေကို သလုံးသားများပေါ်အောင် မ ထားကြရသည်။ နောက် စလျှင်စချင်း ခြေထောက်

ကို များများအသားပေး၍ က ရသည့် ခြေဆတ်၊ ခြေမြှောက်၊ ခြေတန်းတို့ ပါရလေသည်။

အားလုံး မိန်းကလေးများသည် ပထမတော့ ကြိုးစား၍ပဲ က ကြပါသည်။ ဒါပေမဲ့ သူမတို့သည် လီဇာလို အကကျင်လည်သူများ မဟုတ်ကြလေရာ အမှားများလာသောအခါ ခပ်ရှက်ရှက်နှင့် ဘေးသို့ဝင်ပြီး ထိုင်ကြလေတော့သည်။

'ကိုယ်လဲ တော်ပြီ… လီဇာ'

ရှယ်လီက မောကြီးပန်းကြီးနှင့် ပြောရင်း ထိုင်ချလိုက်လေတော့သဖြင့် လီဇာတစ်ယောက်သာ က လျက် ကျန်နေလေတော့သည်။

'လီဇာ… ဆက် က ပါ ဟေ့'

လီဇာသည် သူတို့ ပွဲမတောင်းလျှင်လည်း ဆက် က မည်သာ ဖြစ်သည်။ သူမသည် မည်သူ့မျှ ဂရုမစိုက်ဟန်ဖြင့် ဂါဝန်ကလေးကို မ ကာ မ ကာ က လေသည်။ တစ်ခါတစ်ရံ သူမသည် သီချင်းသံနှင့်အတူ တက်ကြွလာပြီးလျှင် မွေ့၍ မွေ့၍ ဝိုင်းနေအောင် က လေသည်။ ဂါဝန်ကလေးမှာ မိုးပွင့်ကြီးတစ်ပွင့် ဖောက်ထိုးစိုက်ထားသလို ဝိုင်းနေပေသည်။ ပရိသတ်သည် ဩဘာလက်မြှောက် ပေးရန်ကိုပင် မေ့လုမတတ် စိတ်ဝင်စားနေလေတော့သည်။ တစ်ခါတစ်ရံ ယောက်ျားကလေးတွေရဲ့ မချင့်မရဲ အာမေဋိတ်သံတွေကို ကြားရသောအခါ၌ လီဇာသည် တိုး၍ သဲမဲ ကြမ်းတမ်းလာပြီးလျှင် ခပ်ကြမ်းကြမ်း ခြေကို ပိုမြှောက်၍ လည်းကောင်း၊ ဂါဝန်ကို တစ်ခါတစ်ရံ ရင်နားအထိ ဝိုင်းတက်လာအောင် လုပ်၍ လည်းကောင်း ကော့၍ နော့၍ က လေသည်။ သူမ ပါးစပ်မှလည်း 'ဟောကြည့်… ဟောဒီလို…' ဤသို့ သူမကို သူမ အားပေး၍ က လေသည်။ ပရိသတ်သည် ထိန်းမရအောင် ရီးတိုးရှုတ ဖြစ်လာလေသည်။ ဘာဂျာသမားလည်း အထူးရှင်ပျကာ အစွမ်းကုန် တီးလေရာ၊ ဝီရာလမ်းကလေး၌ မကြုံဖူးသော ကပွဲတစ်ခု မမျှော်လင့်ဘဲ ကြုံရသလို ဖြစ်သွားလေတော့သည်။

'ကြည့်စမ်း၊ ထူးဆန်းတဲ့ ခြေထောက်ကလေးတွေ…'

ယောက်ျားတစ်ယောက်က ချီးကျူးမိလေသည်။

'ဟယ်… ဂါဝန်ပျံကလေး ဟ' အခြားတစ်ယောက်က ပြောပြန်သည်။

လီဇာသည် သူတို့တစ်တွေ ရှုးသထက်ရှုးအောင် တိုး၍ က လေသည်။ သူမ ကိုယ်ကလေးကို မွှတ်နေအောင် လှည့်နေလေရာ ခြေထောက်နှင့် မြေကြီးတောင် ထိမှ ထိရဲ့လား အောက်မေ့ရလေတော့သည်။

'ဟော့… သတိထားနော်၊ ပေါင်တစ်ချောင်း လွင့်စဉ်သွားမယ်'

လူနောက်တစ်ယောက်က သူမ ခြေထောက်အမြှောက်လိုက်တွင် နောက်လိုက်လေသည်။

လီဇာသည် ထိုသူရဲ့စကား မဆုံးမီ သူမ ခြေထောက်တစ်ချောင်းကို အစွမ်းကုန်မြှောက်လိုက်ပြီး ထိုသူ၏ ခေါင်းပေါ်မှ ဦးထုပ်ကို လွင့်သွားအောင် ကန်ပစ်လိုက်လေရာ ပွဲအကျကြီး ကျသွားလေတော့သည်။ လက်ခုပ်သံ၊ လေချွန်သံတို့မှာ တစ်ခဲနက်စွာ ထွက်ပေါ်လာကြလေသည်တွင် လီဇာသည် ကျေနပ်စွာ ပြုံးလျက် တိုး၍ က ပြန်လေသည်။ သူမသည် သီချင်းဆုံးခါနီး၌ နောက်ဆုံး ကြိုးစားခြင်းဖြင့် ကိုယ်ကို ဂျင်ကဲ့သို့ လှည့်လိုက်၊ ကော့လိုက်၊ ကုန်းလိုက် လုပ်ကာနှင့် နောက်ဆုံး စွန်ကဲ့သို့ဝဲပြီး ငေးနေသော ယောကျ်ားပျို တစ်ယောက်၏ လက်ထဲသို့ လှဲချလိုက်လေရာ-

'အို… လီဇာ မွှေးမွှေးလေးလဲ ပေးပါလားကွယ်'

ထိုသူက ဤသို့ပြောရင်း လီဇာအား ကုန်း၍မွှေးမည် ပြုစဉ်၊ လီဇာသည် သူ့အား တအားကုန် တွန်းလိုက်ပြီး သူ့လက်ထဲမှ ခုန်ထွက်လိုက်လေသည်။

'ကိုကို့ကိုလဲ ပေးပါဦးကွယ်'

နောက်တစ်ယောက်က ကပ်လာပြန်ရာ၊ သူမသည် ကျင်လည်စွာ ရှောင်လိုက်ရင်း-

'ဟင်း… နော်၊ ပါးကို ချလိုက်မယ် သိလား'

'ဟော့… ဖမ်းဟော့၊ တို့အားလုံး ဝိုင်းမွှေးမယ်'

တစ်ယောက်က မြှောက်ပေးလိုက်ရာ၊ လူသောင်းကျန်းကလေးတွေ တစ်သိုက်သည် တကယ် မလုပ်ဘူးလို့ မည်သူမျှ မပြောနိုင်တော့ချေ။

'ဒါပဲနော်၊ မလုပ်ကြနဲ့'

လီဇာသည် လန့်သွားကာ အသံတောင်မှ တုန်သွားလေသည်။

ဒါပေမဲ့ မရ။ သူတို့သည် သူမအား လိုက်ဖမ်းကြလေသည်။ သူမသည် သူတို့အား အမျိုးမျိုးရှောင်၍ လူအုပ်ထဲမှ ကြိုးစားပမ်းစားထွက်ကာ ဂါဝန်ကလေး မ ပြီး ပြေးရလေတော့သည်။ လူနှစ်ဆယ်ခန့်သည် နောက်မှ ညာသံပေးပြီး လိုက်လေသည်။ လူကြီးတွေကလည်း ပျော်စရာလို အိမ်ဝတွေမှ ထွက်ကြည့်ကြလေသည်။ လီဇာသည် ရှေ့ကိုသာ သွန်ပြီး ပြေးလေသည်။ လမ်းအကွေ့တစ်ခုသို့ ရောက်သောအခါ သူမသည် လန့်သွားလေသည်။ လူကြီးတစ်ယောက် သူမရှေ့က ဆီးလျက် ထားလေသည်။ သူမသည် ဘယ်လို လှည့်ပတ်ပြေးရမည် မကြံစည်လိုက်ရသေးမီ သူ့လက်မောင်းထဲသို့ ရောက်သွားလေတော့သည့် ခဏ၌ သူမရဲ့ နုဖပ်သော ပါးပြင်ကလေးပေါ်သို့ နှစ်ကြိမ်တိုင်တိုင် အားရပါးရ မွှေးလေတော့သည်။

'ကြည့်စမ်း၊ ရှင် တကယ် မွှေးတယ်ပေါ့ ဟင်'

သူမသည် တကယ် တုန်လှုပ်ချောက်ချားသံဖြင့် ပြောလိုက်လေသည်။

နောက်မှ လိုက်လာသူ လူတစ်စုနှင့် ဘေးမှ ရပ်ကြည့်နေသူ တချို့၏ ဝါးခနဲ ရယ်လိုက်သံကိုလည်း သူမ ကြားလိုက်ရလေသည်။ နောက် သူမသည် ရှက်ရှက်နှင့်ပင် သူမအား မွှေးသူကို မော့ကြည့်လိုက်မိရာ အသက်ကြီးကြီး၊ မြင့်မြင့်၊ မုတ်ဆိတ်မွေးနဲ့ လူကြီးတစ်ယောက်။

သူမသည် သူ့အား အစက ဒီလမ်းထဲ၌ မမြင်ဖူးချေ။

သူမရဲ့မျက်နှာမှာ ရှက်သွေးဖြင့် နှင်းဆီရောင် လွှမ်းသွားလေသည်။ သူ့အား ငိုမဲ့မဲ့မျက်နှာနှင့် တစ်ချက်ကြည့်လိုက်ပြီး အတင်းရုန်းထွက်လိုက်ကာ ရယ်သံ၊ ပြောင်သံတွေကြားထဲမှ နီးရာအိမ်ထဲသို့ အတင်း ဝင်ပြေးသွားလေတော့သတည်း။

( ၂ )

လီဇာသည် သူမ အမေ မစွက်ကင့်နှင့်အတူ ညစာ စားနေလေသည်။

မစွက်ကင့်သည် အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သည်။ မုဆိုးမတစ်ဦး ဖြစ်ပြီး သူမယောက်ျားမှာ စစ်သားဘဝနှင့် ဆုံးခဲ့ရကား ယခုအခါတွင် လီဇာနှင့်အတူ ထိုဝီရာလမ်းကလေးထဲတွင် အခန်းကလေးတစ်ခု ငှားလျက် နေထိုင်နေရလေသည်။ သူမ၏ ယောက်ျားအတွက် ရသော ပင်စင်လခကလေးနှင့် ပင် နေနိုင် ထိုင်နိုင်သော်လည်း သူမ၏ အရက်ကြိုက်တတ်သည့် ဝါသနာကလေးကြောင့် ဝင်ငွေ ပိုနိုင်သမျှ ပိုအောင် တောက်တိုမည်ရကလေးတွေ လုပ်လေသည်။ လီဇာသည် စက်ရုံတစ်ရုံမှ ရသော နေ့စား အလုပ်ကလေးဖြင့် သူမ၏ ဝတ်ဖိုးစားဖိုး ဝယ်ရလေသည်။

'ဒီညနေ ဘယ်သွားနေသလဲ လီဇာ'

'လမ်းထဲမှာပဲ ရှိနေသားပဲ'

'ငါ အလိုရှိတိုင်း ဒီလိုချည်း လမ်းထွက်နေတာ တွေ့ရတာပဲ'

'မေမေ အလိုရှိမှန်းမှ လီဇာ မသိဘဲ'

'အေး… အဲဒီလို ငါ့ကို ပစ် ပစ်ထား၊ တော်တော်ကြာတော့ ငါ့ တစ်ယောက်တည်း သေနေတာ တွေ့ရမယ်'

လီဇာသည် တွေတွေကလေး ငြိမ်ကျသွားလေတော့သည်။

'ဒီနေ့ ငါ့ကိုယ်လက်ကိုက်ရောဂါ ထ နေတယ် ထင်တယ်။ ဆရာက တစ်ခုခု လိမ်းပေးရမယ်တဲ့။ ညည်း ငါ့အတွက် ဘာမှလဲ လုပ်မပေးဘူး'

'မနေ့ကတော့ အမေ့ကိုယ်လက်ကိုက်ရောဂါက သက်သာနေတယ် မဟုတ်လား'

'ညည်းမှာ အဝတ်အစားသစ်ကလေးနဲ့ အရပ်ထဲမှာ လယ်ပြနေဖို့ပဲ တတ်တာပဲ။ ငါ့ကိုဖြင့် လုံးလုံးဂရုစိုက်ရမှန်း မသိဘူး။ ကြည့်စမ်း ငါ့အဝတ်တွေ ဘယ်လောက် ဟောင်းနွမ်းနေပြီလဲ'

လီဇာသည် ဝမ်းနည်းစွာဖြင့် အဖြေမပေးနိုင်ဘဲ ရှိနေလေရာ သူမသည်လည်း နောက်ထပ် ပြောစရာ ရှာမတွေ့တော့သဖြင့် ထမင်းကိုပဲ ဆက်စားနေလေတော့သည်။ လီဇာသည် အတော်ကြာ တွေးနေရာမှ-

'ဒီလမ်းထဲမှာ လူသစ်တွေ တိုးလာတာ မေမေ မြင်မိသလားဟင်'

'ဟင့်အင်း… ဘယ်က လူတွေလဲ'

'လူကြီးတစ်ယောက် မုတ်ဆိတ်မွေးတွေနဲ့ ဟိုဘက်နားမှာ တွေ့တာပဲ'

သူမသည် ပြောရင်း ရှက်သွေးကလေး ဖြန်းနေလေသည်။ ပါးကလေးကိုလည်း ပွတ်ကြည့်သည်။

'ဘယ်သူပဲဖြစ်ဖြစ် လူကောင်းတော့ မဟုတ်ပါဘူး။ ဒီလမ်းကို လူကောင်း မလာဘူး မှတ်'

ထမင်းစားပြီးကြသောအခါ မစ္စက်ကင့်သည် ဘီယာ တစ်ဖန်ခွက် သောက်လေသည်။ နောက်-

'လီဇာ သိမ်းလိုက်တော့ သမီးရယ်၊ ငါ ဟိုဘက်နားက မစ္စက်ကလေးတန် အမ္ဘာပူးကလေး မွေးနေလို့တဲ့၊ သတင်းသွားမေးလိုက်ဦးမယ်။ အိုသူ့မှာလည်း လက်ရှိ ကလေးကိုးယောက်နဲ့ ဘုရားသခင်ရယ်…'

သူမသည် ဒီလို မှတ်ချက်ချပြီး ထွက်သွားလေသည်။

လီဇာသည် မသိမ်းဆည်းနိုင်သေးမီ ပြတင်းပေါက်နားသို့ ကုလားထိုင် တစ်လုံး ယူလိုက်ပြီး အပြင်သို့ ငေးမိပြန်လေသည်။ နေဝင်ခါနီး မှောင်စပျိုးလျက်ရှိသည့် ညနေခင်းကလေးသည် သာယာနေလေသည်။ လမ်းသူလမ်းသားတို့သည် အပြင်မှာပဲ အေးအေးဆေးဆေး စကားလက်ဆုံကျနေကြတုန်းပင် ဖြစ်လေသည်။ ကလေးများလည်း ဘက်ရိုက်တမ်း ကစားတုန်းပင် ဖြစ်လေသည်။ သူတို့အသံသည် လီဇာ့နားထဲသို့ လျှံ၍ ဝင်လာကြပေသည်။

ဒီညနေ သူမသည် အရသာထူးတစ်ခုကို ရင်တဖိုဖိုနှင့် ခံစားမိလေသည်။ ပျော်သလိုလို၊ လွမ်းသလိုလိုနှင့် ဘယ်လိုမှန်း သူမသည် မဝေခွဲတတ်

ချေ။ နက်ဖြန်နေ့အားမို့ ပျော်ရမလိုလို။ နောက်ပြီး သူမ ဆွေးသလိုလို။ တစ်ခု ကတော့ အို… ညနေက အတွေ့ကြောင့်ဟုပဲ ထင်ပါသည်။ သူမသည် ဘယ်လိုကြောင့်မှန်းမသိ၊ အော်ဟစ်ပြီးသာ ငိုလိုက်ချင်တော့လေသည်။

ထိုအတွင်း မဲမဲသဏ္ဌာန်တစ်ခုခု သူမ အခန်းတွင်းသို့ ဝင်လာရာ သူမသည် လန့်ပြီးတောင်မှ အော်မိသွားလေသည်။

'ဘယ်သူလဲ… ဟင်'

သူမသည် မှောင်ဝါးဝါးတွင် ရပ်နေသော ယောကျာ်းအား ကြောက်ကြောက်နှင့် မေးလေသည်။

'ကိုယ်ပါကွ… လီဇာ'

'တွမ်လား'

'အင်း…'

သူသည် လူရွယ်တစ်ဦးဖြစ်ပြီး ဆံပင်မှာ ရွှေရောင်ပြေးကလေး၊ နှုတ်ခမ်းမွေးရေးရေးနှင့် လူချောကလေးတစ်ဦး ဖြစ်လေသည်။ သူသည် မျက်လုံးပြာကလေးနှင့် ကလေးကလေး၏ မျက်နှာကဲ့သို့ နှစ်လိုစရာ အပြုံးကလေးဖြင့် ရှက်ယို့ယို့ အမူအရာ ရှိလေသည်။

'ဘာကိစ္စလဲ ဟင်၊ တွမ်'

'လမ်းလျှောက်လိုက်မလားလို့၊ ဟင် လီဇာ လိုက်မလား'

'မလိုက်ဘူး'

လီဇာက ဆုံးဖြတ်ထားသကဲ့သို့ ပြောလေသည်။

'မနေ့က မှာထားပြီးတော့'

သူက ဝမ်းနည်းသံကလေးကို ဖုံးဖိရင်း ပြောလေသည်။

'မနေ့က မနေ့၊ ဒီနေ့က ဒီနေ့… တခြားစီပဲ'

သူမက ကြီးကြီးကျယ်ကျယ် လုပ်ပြောလိုက်လေသည်။

'လာပါ… လီဇာရယ်'

'မလိုက်ချင်ဘူးလို့ ဆိုနေ'

'လိုက်ခဲ့ပါကွယ်… ပြောစရာတစ်ခု ရှိလို့ပါ'

သူသည် ဤသို့ပြောရင်း ပြတင်းပေါင်ပေါ်၌ တင်ထားသော သူမ

၏ လက်ကလေးကို ဆုပ်ကိုင်လိုက်လေသည်။ သူမသည် ဖျတ်ခနဲ သူမ လက်ကလေးကို ရုပ်လိုက်လေသည်။

'ဒီလမ်းထဲက ဟိုလူသစ်တွေဟာ ဘယ်ကလဲ တွမ်၊ မုတ်ဆိတ်မွေး ညိုညိုနဲ့ လူကြီးဟာလေ…'

လီဇာက မေးလေသည်။

'လီဇာကို ညနေတုန်းက နမ်းတဲ့ အကောင်ကြီးကို မေးတာလား'

လီဇာသည် ရှက်သွားလေသည်။ ထို့ကြောင့် ရှက်ရမ်း ရမ်း၍–

'သူ့ဘာသာသူ နမ်းတာ ဘာဖြစ်သလဲ'

'မနမ်းရဘူး မပြောပါဘူးကွယ်၊ သူပဲလားလို့ မေးရုံမေးတာပါ'

'ဟုတ်တယ်၊ သူ ဘယ်သူတဲ့လဲ'

'ဂျင်တဲ့၊ ဟိုဘက်အိမ် အထက်ထပ် နှစ်ခန်းတွဲမှာ နေတယ်'

'ဘာဖြစ်လို့ နှစ်ခန်းတွဲ နေရသလဲ'

'ကလေး ငါးယောက်တောင်မှပဲ ရှိနေတဲ့ဟာ… မတွေ့ဘူးလား၊ သူ့မိန်းမ ဝဝမြင့်မြင့်ကြီးဟာ'

'ဪ… သူ့မှာ မိန်းမနဲ့လား'

လီဇာသည် ငေးမိသွားပြန်သည်။ သူမသည် အဝေးသို့ လှမ်းမျှော် ကြည့်နေလေသည်။ တွမ်မှာမူ လီဇာအား စိုက်၍ ကြည့်နေရာက–

'လာပါ လီဇာ၊ လမ်းလျှောက်ထွက်ရအောင်ကွယ်'

လီဇာက ခေါင်းကို ယမ်းပြလေသည်။ နောက် အသံပျော့ကလေးဖြင့်–

'နောက်ကျနေပြီ'

'လီဇာ'

တွမ်က အသံကလေး တုန်တုန်ဖြင့် ခေါ်လိုက်လေသည်။

'ဘာလဲ'

'လီဇာ' သူသည် ရှက်သွေးဖြန်းနေသည့် မျက်နှာကလေးဖြင့် ဤတွင် ထစ်နေပြီးမှ မနည်းကြိုးစား ပြောရသည့် လေသံနှင့်–

'လီဇာ၊ နင့်ကို ငါ ချစ်နေပြီ လီဇာရယ်…'

'အို… သွားစမ်း တွမ်၊ ငါ စိတ်ညစ်နေလို့'

တွမ်သည် သွေးပူလာကာ အနည်းငယ် ရဲလာသဖြင့် သူမလက်ကို ဆုပ်ကိုင်လိုက်လေသည်။

'လီဇာရယ် ငါ အခု လခ ဿျိလင်သုံးဆယ်တောင် ရပါတယ်ကွယ်၊ အိမ်ထောင်ပရိဘောဂတွေလည်း ငါ ဝယ်ပြီးသားပါကွယ်'

လီဇာက မတုန်မလှုပ် တွေနေလေသည်။

'လီဇာ ငါဟာ လင်ကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်ကွယ်၊ ငါ အရက်လည်း ကြိုက်တတ်တဲ့ကောင် မဟုတ်ဘူးဆိုတာ သိတယ် မဟုတ်လားကွယ် ဟင်၊ ငါ့ကို လက်ထပ်နိုင်မလားကွယ်'

'ဟင့်အင်း··· မဖြစ်နိုင်ဘူး တွမ်'

'တကယ်လား လီဇာ ဟင်'

'တကယ် မယူနိုင်ဘူး'

'ဘာဖြစ်လို့လဲကွယ်··· ငါဟာ မင်း သူငယ်ချင်းပဲ မဟုတ်လား၊ ညနေတိုင်း လမ်းလျှောက်ကြတာတွေ မေ့ပြီလား လီဇာ'

'အခု ငါ စိတ်ပြောင်းသွားပြီ တွမ်'

'ဩော်··· ဒီပြင်လူနဲ့ မင်း တွဲနေပြီပေါ့'

'မဟုတ်သေးပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ငါ့ကို မချစ်နိုင်ရတာလဲကွယ်ဟင် လီဇာ၊ မင့်ကို ငါ သိပ်ချစ်တယ်ကွယ်။ ဘယ်သူ့ကိုမှ ဒီလို တစ်ခါမှ မချစ်ဖူးဘူးကွယ်'

'မဖြစ်နိုင်ပါဘူး တွမ်'

လီဇာက ခိုင်ခိုင်ကြီး ပြောလေသည်။

'ဒီပြင်တစ်ယောက် ရှိနေလို့လား လီဇာ'

'မဟုတ်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ငါ့ကို မယူနိုင်ရတာလဲ'

'ဝမ်းနည်းပါတယ် တွမ်၊ ငါ မင့်ကို လက်ထပ်နိုင်လောက်တဲ့အထိ မချစ်သေးလို့ပဲကွယ်'

'အို··· လီဇာရယ်'

သူမသည် သူ့မျက်နှာကိုတော့ ကောင်းကောင်း မကြည့်မိပါ။ ဒါပေမဲ့ သူ့အသံကို ကြားရုံနဲ့ပဲ အဘယ်မျှလောက် သူစိတ်ထိခိုက်သွားသည်ကို

ခန့်မှန်းကြည့်နိုင်လေသည်။ သူမသည် သူ့အား အလွန်သနားသွားပြီး သူမ၏ လက်ကလေးနှစ်ဖက်ကို ဆန့်တန်းလိုက်ကာ သူ့လည်ပင်းမှာ သိုင်း၍ ဖက်လိုက်လေသည်။ နောက် သူ့ရဲ့ ပါးပြင်အား မွေးလေသည်။

'ဒီလောက်ပဲ လီဇာကို ချစ်သလား တွမ်ရယ်… လီဇာကို မင်း မချစ်ချင်ပါနဲ့ကွယ်'

လီဇာသည် ဒီလိုပြောပြီး ပြတင်းတံခါးကို ဆောင့်ပိတ်လိုက်ကာ အိမ်ထဲသို့ ဝင်ပြေးသွားလေတော့သည်။

[၃]

နောက်တစ်နေ့မှာ တနင်္ဂနွေနေ့ဖြစ်၍ လီဇာအဖို့ နေ့အားဖြစ်ပေရာ သူမသည် စောစောစီးစီး ဖြီးလိမ်းကာ ကြော့နေနိုင်တော့သည်။ သူမ အမေသည် ညက လမ်းထဲမှ မျက်နှာစိမ်းတွေနှင့် လိုက်၍ တစ်အိမ်တက်ဆင်း အသိဖွဲ့နေမိသဖြင့် ဒီနေ့မနက် ကိုယ်လက်ကိုက်ခဲသည့်ရောဂါ ထနေတော့လေသည်။

'ခေါင်းကိုက်တဲ့ရောဂါ ပြန်ထလာပြန်ပြီကွယ်။ ညကလည်း ကိုယ်တွေ လက်တွေ ကိုက်လိုက်တာ အိပ်လို့မရဘူး'

သူမသည် ခေါင်းကို လက်နှင့်နှိပ်ထားရင်း ပြောလေသည်။

'ဆေးရုံတက်ရင် မကောင်းဘူးလား'

လီဇာက အကြံပေးလေသည်တွင် သူမသည် သိပ်သဘောမကျသည့် မျက်နှာမျိုးဖြင့် သူ့သမီးအား ကြည့်လေသည်။ နောက် သူမသည် စိတ်မရှည်သည့် လေသံဖြင့် သူမအိမ်မှာ စောင့်ရှောက်ရသည့်တာဝန်၊ ချက်ပြုတ်ရသည့် တာဝန်၊ အိမ်မှု အသေးအဖွဲ တာဝန်တွေကို ထမ်းဆောင်ရသဖြင့် ငြီးငွေ့ကြောင်း၊ အကယ်၍သာ သူမသည် ဘီယာကလေး၊ အရက်ကလေးကို မှန်မှန်သာ မသောက်ရလျှင် သေတာကြာပြီဖြစ်လိမ့်မည် ဆိုသည့်အကြောင်းတွေကို ညည်းညူလေပြီးသောအခါ -

'လီဇာ ညည်း မနက်စာ စားပြီးရင် ငါ့ဘွတ်ဖိနပ်ကို ဆေးသုတ်ထားလိုက်စမ်းပါကွယ်။ နောက်ပြီးတော့ ညည်းပဲ ဒီနေ့ ချက်စရာ ပြုတ်စရာရှိတာတွေ အကုန်လုပ်လိုက်ပါ။ ငါတော့ တစ်နေ့လုံး ဒီကိုယ်လက်ကိုက်တဲ့ ရောဂါနဲ့ အိပ်ရာထဲက ထ နိုင်မှာ မဟုတ်ဘူး'

'ကောင်းပြီ မေမေ၊ နေမကောင်းရင် အိပ်နေပါ။ လီဇာ အကုန်လုပ်လိုက်မယ်'

'အေး ကောင်းတယ်၊ ညည်း ဒါတွေအတွက် မညည်းနဲ့ ကြားလား။ ညည်း ငယ်ငယ်တုန်းက ငါ ဘယ်လောက် တာဝန်တွေ ယူထားခဲ့သလဲ။ ပြီးတော့ ညည်းကို မွေးတုန်းကများ ဆရာဝန်က ငါ့ကို ချည့်သွားမယ်တောင် ပြောတယ်။ ကံကောင်းပေလို့ပေါ့။ အခုလောက် နေနိုင်တာ။ ညည်း ဒီတစ်ပတ် ရတဲ့ ပိုက်ဆံတွေကော'

'သိမ်းထားတာပေါ့ မေမေ'

လီဇာက အေးအေးပဲ ဖြေလေသည်။

'ဘယ်မှာများ သိမ်းထားသလဲ'

'စိတ်ချရတဲ့ နေရာမှာပါ မေမေ'

'ဘယ်နေရာမှာလဲ၊ ပြောစမ်း'

လီဇာအား ပိတ်၍ မေးလိုက်လေရာ လီဇာသည် အတော်အကျပ်ကျသွားလေသည်။

'ဘာဖြစ်လို့ သိချင်ရတာလဲ'

'အို… မသိရတော့ဘူးလားကွယ်။ ညည်းဟာကို ခိုးမယ်များ ထင်သွားသလား'

'မဟုတ်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ မပြောနိုင်ရသလဲ'

'အို… လီဇာ တစ်ယောက်တည်း သိတဲ့နေရာဆိုတော့ ပိုပြီးလည်း လုံခြုံမယ် မဟုတ်လား'

လီဇာ၏အဖြေမှာ လိမ္မာသလောက် မစွက်ကင့်မှာ ဒေါပွသွားလေသည်။ သူမသည် အိပ်ရာမှ လူးလဲထလိုက်ပြီးလျှင် သူမ၏လက်သီးကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်၍–

'ညည်းက ငါ့ကို မယုံဘူးပေါ့လေ ဟုတ်လား။ ညည်း ပိုက်ဆံကိုများ ငါက ခိုးမယ်မှတ်လို့လား ဟင်… အကောင်မ၊ တယ်…'

သူမသည် ဒေါသဖြင့် ဆဲလေသည်။ အတော်ပဲ ညစ်ညစ်ညမ်းညမ်းဆဲလေသည်။ လီဇာသည် သူမ မိခင်အား သနားသွားလေသည်။ ထို့ကြောင့် သူမသည် နှစ်သိမ့်စေလိုသဖြင့် –

'ဒီလို မေမေ၊ အခု လီဇာတို့မှာ ငွေအကုန်များတယ် မဟုတ်လား။ ဒီတော့ လွယ်လွယ်ထားရင် ယူယူသုံးမိတာနဲ့ ပျောက်ပျောက်သွားတယ်။ ဒါကြောင့်မို့ ခက်တဲ့နေရာမှာ ထားတာပါ မေမေ'

မစ္စက်ကင့်သည် လက်သီးဆုပ်ကလေးကို လှုပ်ယမ်းရင်း-

'အောင်မယ်… ညည်းသောက်ငွေကို ငါများ ယူသုံးတယ် ဆိုလို ချင်သလား'

ဒေါသနှင့် ပြောလေသည်။

'မဟုတ်ပါဘူး မေမေ၊ ဒီလို စုထားတာကလေးရှိရင် တကယ်လို့ မေမေ့ရောဂါ တိုးလာတဲ့အခါများတောင်မှ လွယ်လွယ်ကူကူ ရနိုင်မယ် မဟုတ်လား'

'အို… ညည်း ဆင်ခြေမများပါနဲ့၊ ဒီလို စုထားမဲ့အစား၊ ညည်း ဝယ်ချင်တာတွေ ဝယ်ဝတ်နေမဲ့အစား ငါ့ကို ညည်း ရတဲ့ တစ်ပတ်အတွက် ပိုက်ဆံအကုန် ပေးထားရင် မကောင်းဘူးလား'

အမှန်မှာ မစ္စက်ကင့်သည် ဒီလိုပိုက်ဆံများ အကုန် သူမထံတွင် အပ်ထားသည့်အခါများ၌ ဘယ်တော့မှ အင်္ဂါနေ့ထက် နောက်ကျအောင် မသုံးချေ။ နောက်နေ့တွေအတွက် လီဇာကချည်း ရှာပေးရလေသည်။

လီဇာသည် ဒါတွေကို သူမ မိခင်အား ရှင်းပြောနေရလျှင် သူမအား မောပန်းစေမည်သာ ဖြစ်သဖြင့် ရှောင်ထွက်သွားဖို့ စိတ်ကူးမိပြီး ဦးထုပ်ကို ယူဆောင်းလိုက်လေသည်တွင်-

'အင်း… ငါ့ထားပြီး ယောက်ျားတွေနဲ့ လျှောက်အလေလိုက်နေဦး မလို့လား။ အေး ညည်း ကောင်းတယ်ထင် ဒီလိုပဲ ပစ်ပစ်သွား၊ ငါ့ဘာသာ ငါ သေနေ သေနေ…'

ဒီလိုပြောရင်း သူမသည် အသံထွက်၍ ငိုလေရာ လီဇာသည် ဖွတ် နှစ်၍ လမ်းသို့ ထွက်သွားလေသည်။ လမ်းပေါ်ရောက်လျှင်ပင် လီဇာသည် တစ်ဖက်အိမ်နံရံတွင် မှီနေသော တွမ်အား တွေ့လေသည်။

'ဟေး… တွမ်၊ မင်း ဘာလုပ်နေတာလဲ'

'လီဇာ… မင်း အလာကို စောင့်နေတာပဲကွယ်'

လီဇာသည် သူ့အနားသို့ မြန်မြန်လျှောက်သွားရင်း-

'မင်း စောင့်နေပေမဲ့ မင်းနဲ့ ငါ လမ်းလျှောက်မလိုက်နိုင်ဘူး တွမ်'

'မခေါ်ပါဘူး လီဇာရယ်၊ ညက မင်းပြောတာ ငါ သဘောပေါက်ပါတယ်'

သူ့အသံသည် ဝမ်းနည်းသံပါနေလေသည်။ လီဇာတောင်မှ သူ့ကို သနားသွားမိလေသည်။

'မင်း ငါ့ကို စိတ်နာမနေဘူးလားဟင် တွမ်'

လီဇာက ကြင်နာသည့်လေသံဖြင့် မေးလေသည်။

'နက်ဖြန်လည်း ဘဏ်နေ့နော်၊ ရုံးတွေ ပိတ်တယ်'

'အေး… ဘာဖြစ်လဲ'

'ချင်းဖိုဒ်ကို အပျော်ခရီး ထွက်ကြမယ်၊ မသိသေးဘူးလား'

'အင်း… ဟုတ်တယ်'

တွမ်သည် သူမအား မျှော်လင့်စွာဖြင့် ကြည့်နေမိလေသည်။

'ငါလဲ သွားမယ် လီဇာ၊ မင်းကော လိုက်ဦးမလား၊ တစ်လမ်းလုံး သွားကြမယ့် လူချည်းလိုလိုပဲ'

'ဘာဖြစ်လို့လဲ၊ မင့်မှာ ပိုက်ဆံနည်းနေလို့လား။ အို… ကိစ္စမရှိပါဘူး ကွယ်။ လိုက်မယ် မလိုက်ဘူးသာ ပြောပါ'

တွမ်က မရဲတရဲနှင့်ပင် စွန့်၍ သူမအား ဆွဲဆောင်လေသည်။

'ကျေးဇူးတင်ပါတယ်… ကွယ်… ဒါပေမဲ့လဲ'

'ဘာများ မင့်မှာ ဝန်လေးစရာ ရှိသေးသလဲကွယ်'

'မလိုက်ချင်ပါဘူးကွယ်၊ မင်းကို ငါ ဘာမှ မျှော်လင့်ချက် မပေးနိုင်ဘဲနဲ့ သက်သက် ဒုက္ခမရှာချင်ဘူး'

သူမသည် ဒီတစ်ခါ အတော်စဉ်းစဉ်းစားစားနှင့် လေးလေးနက်နက် ပြောပါသည်။

'ငါ နားမလည်ပါဘူး လီဇာ'

'မင်းနဲ့ငါ မတွဲနိုင်တော့ဘူးလို့ ညက ပြောပြီးပြီ မဟုတ်လားတွမ်'

တွမ်သည် ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

'လီဇာ မင်းမပါရင် ဘယ်နေရာမှ ငါ တစ်စိကလေး ပျော်နိုင်မှာ မဟုတ်ပါဘူးကွယ်'

'တခြားတစ်ယောက် ရှာကြည့်စမ်းပါဦးကွယ်။ မင်း ပျော်လာမှာပါပဲ'

ဒီလိုပဲပြောပြီး သူမသည် သူ့ကိုထားခဲ့၍ ဆက်လျှောက်သွားလေသည်။ နောက် ရှယ်လီတို့ အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ပေါ်ထပ်သို့ မော့ကြည့်လေရာ ရှယ်လီသည် ပြတင်းဝတွင် ရပ်နေသေသည်ကို တွေ့၍ 'ရှယ်လီ' ဟု သံကုန်အော်ခေါ်လေသည်။

ရှယ်လီက မကြားသေးပေ။ ဒါပေမဲ့ အခြားယောက်ျားကလေးတွေက သူ့လိုလိုက်ပြီး အော်ခေါ်ကြသည်။ သူမသည် သူတို့အား လှည့်၍ အရူးတွေဟု ပြန်နှက်လေသည်။ နောက်ထပ် ခေါ်ပြန်သည်။ ရှယ်လီသည် မကြားဘဲ အထဲသို့ပင် ဝင်သွားလေတော့သည်။ ထို့ကြောင့် တစ်ခါ ထပ်ပြီး အသံကုန် ဟစ်၍အော်မှ ရှယ်လီ ထွက်လာလေသဖြင့် သူမသည် ဦးထုပ်ကို ချွတ်ပြီး ယမ်းပြရင်း 'လာဟေ့' ဟု အော်ခေါ်လေသည်။ မကြာမီ လှေကားပြေးဆင်းလာသည့် ဖိနပ်သံများ ကြားရပြီး ရှယ်လီသည် လီဇာအား ပြေးဖက်လေသည်။ လီဇာကလည်း ပြန်ဖက်ပြီး 'အချစ်ဆုံး ဘဲမကလေးရေ' 'အသက်ဘူး ကြက်မကလေးရေ' ဟု တစ်ယောက်ကိုတစ်ယောက် ခေါ်ရင်း နမ်းကြလေသည်။ သူတို့သည် အချစ်ဆုံး သူငယ်ချင်းများ ဖြစ်ကြသည်။

'မင်း မယ်တော်ကြီးကော နေကောင်းလား ဟေ့'

လီဇာက စ မေးလေရာ-

'အို… သိပ်ကို အောရိုက်၊ ဖတ်စ်ကလပ်ပဲ၊ ဒါနဲ့ မင်းရဲ့ မိဖုရားခေါင် မယ်မယ်ကြီးကော'

ရှယ်လီက ဖြေရင်း လီဇာနည်းတူ ပြန်ပြီး နောက်လေသည်။

'အေး… ကိုယ့်ထိပ်ထား မယ်မယ်ကြီးတော့ စိတ်နှလုံးတော် မအီမသာ ဖြစ်နေတုန်းပဲကွယ်'

လီဇာက မျက်နှာညိုညိုနဲ့ပင် ရယ်သွမ်းသွေးရလေတော့သည်။

ရှယ်လီကဲ့သို့မဟုတ်၊ ပိန်ပိန်ပါးပါး လီဇာမှာ မျက်လုံးပြာကလေးနှင့် ဖြစ်ပြီး သွားကျဲတဲတဲ ဖင်လိမ်လိမ်ဖြင့် ရပ်ချောသူကလေးတစ်ယောက် မဟုတ်ရှာပေ။ သူမသည် ဂါဝန်တိုတိုကလေး ဝတ်ထားလေသည်။ လက်

မောင်းကလေးတွေ ပေါ်အောင် အင်္ကျီလက်တိုထားသည်။ ဒါပေမဲ့ သူမသည် ခေါင်းကို အလိမ်အတွန့်ကလေးတွေဖြင့် သပ်ရပ်စွာ ပြုပြင်ထားလေသည်။ လီဇာသည် သူမ ခေါင်းကို သေသေချာချာ ကြည့်ပြီး-

'အမယ် ကြည့်စမ်း၊ အကျကို လုပ်ထားပါလားကွယ့်။ ဒီည မင့်လူ လာခေါ်မယ်ထင်တယ် ဟုတ်လား'

'ဟင့်အင်း… ဒီည ဘယ်မှ မသွားပါဘူး။ ဟယ်ရီက နက်ဖြန် ချင်းဖိုဒ်ကို အပျော်ထွက်ဖို့ ခေါ်ထားတယ်။ မင်းကော လီဇာ၊ မသွားဘူး လား။ ဟောလီးဒေးမှာ မပျော်တော့ဘူးလား'

လီဇာက ခေါင်းခါပြလေသည်။

'တွမ်လည်း လိုက်မှာပဲ… မခေါ်ဘူးလား။ အို… သူလား၊ လီဇာ ကို သိပ်ခေါ်ချင်မှာပဲ'

'ခေါ်သားပဲကွယ်၊ ငါက မလိုက်ချင်တာပါ'

'အို… ဘာဖြစ်လို့လဲကွယ်'

'အခု သူနဲ့ ငါ မတွဲတော့ဘူး ရှယ်လီ'

'ဟင်… မင်းနဲ့ အမြဲတွဲနေတာပဲ။ အခု ဘာစိတ်ဆိုးကြလို့လဲ'

'အေး… ဟုတ်တယ်၊ အခု မတွဲတော့ဘူး။ မင်း ဟယ်ရီနဲ့ တွဲနေ တုန်းပဲ မဟုတ်လား'

'အင်း…' ရှယ်လီက ဖြေသည်။

'သူ့ကို မင်း ယူမယ်မဟုတ်လား'

'ဒါပေါ့ကွယ့် လီဇာရဲ့'

'အေး… ငါ တွမ်ကို မယူချင်ဘူး။ ဒီတော့ မတွဲတော့ဘူး'

လီဇာက အဓိပ္ပာယ်ပေါ်အောင် ပြောပြလေရာ ရှယ်လီသည် လီဇာ အား အတော်အစဉ်းစားရ ခက်သွားလေသည်။ နောက် သူမတို့သည် ဝက်စ် မင်စတာ တံတားဘက်သို့ လျှောက်သွားကြလေသည်။ ရှယ်လီသည် သူ့ အဆက် ဟယ်ရီအား တွေ့သဖြင့် ခဏနော်ဆိုပြီး လီဇာအား ခွဲထွက်သွား လေသည်။ လီဇာသည် ရှယ်လီအား စောင့်မနေတော့ဘဲ အိမ်ပြန် ထမင်းချက် ဖို့ လှည့်လာခဲ့လေသည်။ သူမ၏ခြေလှမ်းသည် မသွက်ဘဲ ရှိနေလေသည်။ အိမ်ရှင်မတွေသည် တံခါးပေါက်ဝတွေ၌ ထိုင်၍ အာလူးအခွံခွာနေကြလေ

သည်။ လီဇာသည် အချို့အား လှမ်း၍ နှုတ်ဆက်သွားလေရာ သူတို့သည် လီဇာကို အဆိုးအကောင်းပြော၍ ကျန်ခဲ့ကြလေသည်။ နောက် ကလေးတွေ ကစားနေသည့် အနားသို့ ဖြတ်လာလေရာ ကလေးတွေသည် လီဇာအား လက်ကို ဆွဲသူဆွဲ၊ ဂါဝန်ကို တွယ်သူတွယ်နှင့် လုပ်ကြလေသည်။ သူမအား ကစားရန် အတင်း ခေါ်ကြလေသည်။ လီဇာသည် အချို့အား ပြန်ချွေးမွှေးပေးသည်။ အချို့အား ယုယစွာရိုက်သည်။ ဒါပေမဲ့ သူတို့သည် လီဇာကို မြင်ရင် ချစ်ကြသည်။ လီဇာသည် ကြိုးအတင်းခုန်ခိုင်းသဖြင့် ဝင်၍ တစ်ကြော့ နှစ်ကြော့ ခုန်ရလေသည်။ သူကလေးတို့သည် မြူးသွားကြလေသည်။

နောက် သူမသည် အတင်းပြန်လာခဲ့ရာ အိမ်နားသို့ ရောက်ခါနီးတွင်–

'မောနင်း လီဇာ'

သူသည် ''ဂျင်'' ဆိုသူဖြစ်ရာ လန့်သွားလေသည်။ သူသည် အိမ်တစ်အိမ်ရှေ့က ခွေးခြေကလေးပေါ်တွင် ထိုင်နေလေသည်။ ကလေး နှစ်ယောက်သည် သူ့ဒူးကို မြင်းလုပ်၍ စီးနေလေသည်။ လီဇာသည် သူ၏ မုတ်ဆိတ်မွေးညိုညိုကြီးတွေကို ကြည့်ပြီး မနေ့ကအဖြစ်ကို သတိရကာ ကြက်သီးထမိသွားလေသည်။ ဒီတစ်ခါ သူမသည် သေသေချာချာ ကြည့်မိရာ သူ့ရဲ့ ခံ့ထည် ထွားကျိုင်းသော ကိုယ်လုံး၊ ရင်အုပ်ကားကား၊ လက်မောင်း ထွားထွားတို့ကို သတိပြုမိလေသည်။ အသက်လည်း လေးဆယ်ကျော် ငယ်ပုံ မရချေ။

'မောနင်း'

သူက ထပ်ပြီးပြောသဖြင့် လီဇာသည် ခြေလှမ်းတုံ့သွားလေသည်။ နောက်ပြီး သူမသည် ရှက်သွေးကလေး ဖြန်းသွားလေသည်။ ဖြေလည်း မဖြေနိုင်အောင် ကြက်သေ သေသွားလေသည်။

'ကိုက်မစားပါဘူးကွဲ့၊ ဒီလောက် ကြောက်မနေပါနဲ့'

'ဩော်… ရှင်ပဲကိုး၊ မကြောက်ပါဘူး၊ ဘာလို့ ကြောက်ရမှာလဲ'

'ဩော်… မျက်နှာကလေး နီနေလို့ ကြောက်များ သွားသလားလို့၊ ဒါဖြင့် မနေ့က မင်းကို မွှေးလို့ စိတ်ဆိုးနေလို့လား'

သူမက မဖြေဘဲ သူ့အား ရဲဆေးတင်၍ ကြည့်နေလေသည်။

'မင်းက ငါ့ဆီကို အတင်း ဝင်တိုးတာပါကွယ့်'

'ရှင် ထွက်ပြီး တမင် ကျွန်မကို ဖမ်းတာမဟုတ်လား'

သူမသည် ဒေါသသံဖြင့် ပြောလေသည်။

'ထားပါတော့ကွယ်၊ မင်းကို ငါ သဘောမတူဘဲနဲ့ နမ်းတယ်ပဲ ထားပါ။ ဒီတော့ မင်း မကျေနပ်ရင် ငါ့ကိုလည်း ငါ သဘောမတူဘဲနဲ့ပဲ ပြန်နမ်းပေါ့'

'ဟုတ်တယ်၊ ရှင်က နမ်းချင်စရာမှ မဟုတ်ဘဲ၊ အန်ချင်စရာကြီး'

သူက သဘောကျစွာ ရယ်လိုက်လေသည်။ သူ့ဒူးပေါ်က ကလေးတွေသည်လည်း ဘာသဘောကျသည်မသိ၊ ခုန်၍ ခုန်၍ ဆော့ကြလေသည်။

'ဒါတွေ ရှင့်ကလေးတွေလား'

'ဒါတွေတင် ဘယ်ကမလဲ၊ ငါးယောက်တောင် ရှိတယ်။ အကြီးဆုံးက ဆယ့်ငါးနှစ် မိန်းကလေး၊ နောက်ဆယ့်နှစ်နှစ် မိန်းကလေး၊ နောက်ယောကျ်ားကလေး နှစ်ယောက်'

'အင်း ဒါဖြင့် ရှင် ရတဲ့ပိုက်ဆံတွေ စားပေးဖို့ လူတွေ အတော်များသားပဲ'

'များရုံ ဘယ်ကမလဲကွာ... သိပ်များတာပေါ့... နောက်လဲ ရှိကြဦးမှာပဲ'

'မညည်းနဲ့ပေါ့ရှင်... ဒါ ရှင့်အပြစ်ပဲ မဟုတ်လား'

သူမသည် ဒီလို ရယ်ရယ်မောမော ပြောကာ နှုတ်ဆက်၍ ဆက်လျှောက်သွားလေသည်။ သူသည် လီဇာအား နောက်မှ မျက်စိတစ်ဆုံး ကြည့်၍ ကျန်ခဲ့လေသည်။

( ၄ )

ဘဏ်နေ့ ရုံးပိတ်ရက် နေ့အားကလေးသည် လင်းစကတည်းက သာသောင့် သာယာပဲ ရှိနေပါသည်။ ဒါပေမဲ့ ရှင်းနေလျက်ရှိသော ကောင်းကင်ကမူ အလွန်ပူတော့မည့်ဟန်ဖြင့် ခြိမ်းခြောက်နေပေသည်။

လီဇာသည် အစောကြီး အိပ်ရာမှထ၍ သန့်ရှင်းစွာ ဖြီးလိမ်းပြီးသော် နံနက်ခင်းအရသာကို ခံနေလေသည်။ ဒီလို သာယာသည့် နေ့တစ်နေ့ကို ဘယ်လိုများ ကုန်လွန်စေရပါ့မလဲ။ ရှယ်လီတော့ ချင်းဖိုဒ်သွားပြီး ပျော်နေမှာပဲ။ သူမ မရှိရင် မိမိအဖို့ ပျင်းကျန်ခဲ့တော့မည် ဖြစ်သည်။ လီဇာသည် ဒီနေ့အဖို့ နေ့အား မဟုတ်ဘဲ ရိုးရိုးအလုပ်တက်သည့် နေ့တစ်နေ့ပဲ ဖြစ်ပါစေတော့ဟု ပျော်မည့်ပါးမည့်သူတွေအတွက် မနာလိုပြီး ဆုတောင်းမိလေသည်။ သူမ အမေသည်လည်း အိပ်ရာက နိုးလာပြီး၍ စားဖို့သောက်ဖို့ လောက်သာ စီမံ စိုင်းပြင်းလျက် ရှိနေပေသည်။

လီဇာသည် ရှယ်လီ အဝေးမှ လာနေသည်ကို စိတ်ကလေး စောစွာဖြင့် ရပ်ကြည့်နေမိလေသည်။ ရှယ်လီမှာ သူမကိုယ်သူမ ခြယ်မှုန်းလာသည်။ ပန်းနုရောင် ဂါဝန်ပျော့၊ ခေါင်းပေါ်မှာလည်း အမွေးဖွား ဦးထုပ်ကြီးဖြင့် ရှယ်လီသည် အတော်ပဲ ဂိုက်ကျလာလေသည်။ သူမရဲ့ လမ်းလျှောက်ပုံမှာလည်း ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ရှိလှပေသည်။

'ဟေး… လီဇာ'

လီဇာကို တွေ့လျှင်ပင် သူမက ရွှင်မြူးအားရစွာဖြင့် လှမ်းခေါ်လေသည်။ လီဇာမှာမူ အားကျစွာ ကြည့်နေရတုန်း ဖြစ်သဖြင့် ပြန်မထူးနိုင်ဘဲ ပြုံးရုံသာ ပြုံးပြလိုက်လေသည်။

'ဟယ်ရီနဲ့အတူ ကိုယ်တော့ ရထားစောင့်စီးမလို့'

'ဘယ်နှနာရီ အဲဒီက ထွက်မှာတဲ့လဲ'

'ရှစ်နာရီခွဲလောက်ပေါ့ကွယ့်'

'အို... ဒါဖြင့် အခုပဲ ရှစ်နာရီ ရှိနေပြီဟာ၊ သူ ဟိုက စောင့်နေမှာ ပေါ့နော်'

'ဒါပေါ့ လီဇာရဲ့၊ သူက ဒါမျိုးတော့ ဝီရိယ ရှိပါတယ်ကွယ်။ ကိုယ်လဲ အစောကြီး ငါးနာရီလောက်က ထပြီး ပြင်တာပဲ။ နောက်ကျမယ့် ကျတာ၊ ညကလည်း မအိပ်နိုင်ပါဘူးကွယ်။ စိတ်က စောနေလို့ကွ'

'ကောင်မက ဒီလောက်ပဲ ဖြစ်ရသလား'

လီဇာက မနာလိုသံဖြင့် ခနဲ့လိုက်လေသည်။

'ဖြစ်ရတာပေါ့ လီဇာ၊ နည်းတောင် နည်းပါသေးတယ် ဟဲ... ဟဲ၊ မင်းကော မလိုက်ချင်ဘူးလားကွယ်'

'ငါ လိုက်ချင်ရင် လိုက်မှာပေါ့ကွယ်၊ မလိုက်ချင်လို့ပေါ့'

လီဇာက မိမိအခြေအနေကို ဝန်မခံဘဲ အမာစား ပြောလိုက်လေသည်။

'မင်း အခွင့်အရေးကောင်းကို မူမနေပါနဲ့ကွယ်။ တွမ်က ခေါ်သားပဲဟာ၊ လွတ်သွားမယ် ဆရာ'

'လွတ်လိုက်ပြီးသားပါကွယ်၊ မျှော်လင့်စရာလည်း မရှိပါဘူး'

လီဇာ့အသံမှာ ဝမ်းနည်းခြင်းဖြင့် အနည်းငယ် အဖျားခတ်နေလေသည်။

'ကဲ... ဒါဖြင့် ရထားဆိပ်အထိ ငါ့လိုက်ပို့ပါကွယ်၊ လာပါ'

'အို... မဟုတ်တာပဲကွယ်၊ သွားပါတော့ကွယ်၊ မင်းဘာသာမင်း သွားပါ'

'လာပါကွယ် လီဇာ၊ ဟယ်ရီနဲ့တွေ့တော့ မင်း ပြန်ချင် ပြန်နိုင်ပါပြီကွယ့်'

'ကဲကွာ မင်း ဒီလောက်တောင်ခေါ်မှ ငါ လိုက်ကြည့်ဦးမယ်။ ရထားထွက်ရင် ပြန်လာမယ်နော်'

လီဇာသည် ဦးထုပ်တောင် မဆောင်းဘဲ ဒီအတိုင်းပင် ထ လိုက်သွားလေသည်။ သူမတို့သည် မြင်းရထားဆိပ် ရထား စထွက်မည့်နေရာသို့ လျှောက်သွားကြလေသည်။

သူမတို့သည် ထိုနေရာသို့ ရောက်သောအခါ ရထားမှာ အပေါက်ဝ တွင် အဆင်သင့် ရပ်ထားသည်ကို တွေ့ရလေသည်။ ဒါပေမဲ့ လူစုံပုံတော့ မရသေးပေ။ ရထားသည် အတော်ကလေး ကြီး၍ အထဲတွင် ထိုင်ခုံများမှာ လေးယောက်တစ်တွဲစာ စီမံထားပြီး မြင်းကြီးနှစ်ကောင်မှာ ကြိုးကထား နှင့်ကာ သူတို့သခင်က အစာကျွေးလျက် ရှိလေသည်။ မကြာမီ လူခြောက် ယောက်ခန့် ရောက်လာကြလေသည်။ ရှယ်လီသည် ဟယ်ရီအား မတွေ့ရ သေးပေ။ နောက် ဘီယာသေတ္တာများ ထမ်းလာကြကာ ရထားအတွင်း ထိုင်ခုံ အောက်၊ မြင်းရထားသမား ထိုင်ခုံအောက်တို့တွင် နေရာချထားသည်ကို လီဇာတို့သည် ငေးကြည့်နေကြလေသည်။

'သူ လာဖို့ ကောင်းပြီကွယ်၊ ဘာလို့များ ဒီလောက် နောက်ကျနေ ပါလိမ့်'

ရှယ်လီသည် ဝက်စမင်စတာလမ်းဘက်ကို မျှော်ကြည့်ရင်း ပြော လေသည်။

'လာမှာပေါ့ကွယ့်၊ အချိန်လိုသေးတဲ့ဟာပဲ'

လီဇာကတော့ ခပ်အေးအေးဆေးဆေးပဲ ပြောနိုင်ပါသည်။ ဒါပေမဲ့ လီဇာ့ စကားတောင် မဆုံးမီ–

'ဟော့ဟိုမှာ ဟုတ်တယ်၊ ဟယ်ရီပဲ'

ရှယ်လီသည် သူမ ချစ်သူအား ပြေး၍ ကြိုဆိုလေသည်။ လီဇာ တောင်မှ တစ်ယောက်တည်း ကျန်နေခဲ့ပေသည်။ လီဇာသည် တွမ်၏ ဖိတ်ကြားချက်ကို လက်မခံမိသည့်အတွက်ကို နောင်တ မရစေခါမူ သူ့ ဖိတ်ကြားခြင်းက လိုက်လှဲစွာ၊ သစ္စာရှိစွာဖြင့် လက်ခံနိုင်သည့် အခြေအနေ မျိုးကိုတော့ တောင့်တလျက် နေလေသည်။ မကြာမီ ရှယ်လီနှင့် သူ့ရည်းစား သည် လက်တွဲလျက် လာနေလေသည်။ သူသည် ချစ်သူတစ်ယောက်နှင့် တကယ်တူပါပေသည်။ စတစ်ရှပ်နှင့်၊ နောက်ပြီး သူ့လက်ထဲတွင် ဂီတာ ကြီးကို ပိုက်လျက် ရှိလေသည်။ လမ်းခရီးမှာ ဂီတာဖြင့် ပျော်စိမ့်သောငှာ ဖြစ်ပေလိမ့်မည်။

'ဟင်… လီဇာ မလိုက်ဘူးလား'

သူက လီဇာ ဦးထုပ်မပါ ဘာမပါ ဖြစ်နေသည်ကို အံ့ဩစွာ ကြည့် ရင်း မေးလေသည်။

'မလိုက်ဘူးတဲ့ ဟယ်ရီရယ်၊ တွမ်ကလဲ ခေါ်သားနဲ့တဲ့ကွယ်'

ရှယ်လီက ဝင်ဖြေလေသည်။ ဟယ်ရီသည် လီဇာအား အပြစ်မတင်အားမီ ရထားပေါ်တွင် လူတွေ တက်နေကြသဖြင့် နေရာကောင်းရရန် ရှယ်လီလက်ကို ဆွဲ၍ ခေါ်သွားလေသည်။ လီဇာမှာ တစ်ယောက်တည်း ကျန်ခဲ့ပြန်သည်။ နောက် လူတစ်အုပ် ထပ်လာပြန်ရာ ရထားမှာ ပြည့်လုနီးသွားလေသည်။ အားလုံးအား လီဇာ သိပါသည်။ ဒါပေမဲ့ သူတို့သည် မအားကြပေ။ နောက် တွမ် လာလေရာ သူမသည် သူ့အနားသို့ လျှောက်သွား၏။

'လီဇာ ဘယ့်နှဲ့လဲကွယ်၊ မင်း စိတ်မပြောင်းသေးဘူးလားဟင်။ လိုက်ခဲ့ပါလားကွယ်'

'တွမ် ငါ ပြောတယ် မဟုတ်လားကွယ်၊ မဖြစ်ဘူးလို့'

လီဇာ ကိုယ်တိုင်ပင် ဒီလိုချည်း အခါပေါင်းများစွာ ပြောမိခဲ့ခြင်းကို သတိထားမိပါသည်။

'အေးကွယ်၊ လီဇာ မပါရင် ကိုယ်တော့ မပျော်ပါဘူး၊ ယုံပါ'

'ဒါတော့ မတတ်နိုင်ဘူးလေ'

လီဇာက စိတ်မရှည်သလို၊ ဒေါသနှင့်လိုလို ပြောလေသည်။

လီဇာသည် ထိုသို့ ပြောလိုက်ရသည့်တိုင်အောင် မိမိအဖို့ ပျင်းစရာကောင်းမည်ကို တွေးပြီး ကြောက်နေမိလေသည်။ ပျော်မြူးနေကြသည့် လူတွေကြားထဲတွင် မိမိကိုယ်ကိုပါ ထည့်ပြီး တွက်ကြည့်မိလေသည်။ ထိုအခါ သူမသည် ငိုချင်တောင်မှ သွားပေသည်။ ဘာလို့ သူမ ဒီလိုမပျော်နိုင်ပါလိမ့်။ သူမသည် မလိုက်ဘူး၊ ဘာလို့ လိုက်ရမှာလဲဟု စိတ်ကို တင်းနေစဉ် ရထားသမားသည် ခရာကို ရှည်လျားစွာ တွတ်၍ အချက်ပေးလိုက်လေသည်။ လီဇာသည် ဝမ်းနည်းသလို ဖြစ်မိသွားသည်။

မကြာမီ လူနှစ်ယောက် ကမန်းကတန်းနှင့် ပြေးလာသည်။ အို… ဘုရားရေ၊ "ဂျင်" မဟုတ်လား။ ဟိုဝဝဟာမကြီးက သူ့မိန်းမပဲနဲ့ တူပါရဲ့။ အနီးသို့ ရောက်လာကြသောအခါ ဂျင်က–

'လိုက်မလို့လား လီဇာ'

'ဟင့်အင်း… ရှင်ကော လိုက်မလို့နော်… လီဇာ အစက မသိရပါဘူး'

'လိုက်ခဲ့ပါလားကွယ်။ တို့နဲ့ ပျော်ပျော်ပါးပါးပေါ့'

လီဇာသည် ငိုချင်လောက်အောင် လိုက်ချင်သွားသည်။ ဒါပေမဲ့ တွမ်က ခေါ်သည်ကိုတော့ ငြင်းပြီး၊ အို ဘာဖြစ်သလဲ၊ သူနဲ့ ဘာမှ မဟုတ်သေးဘဲ။ တွမ်ကတော့ ဝမ်းနည်းသွားမှာပဲ။ နို့ပြီးလည်း ရှယ်လီက သူမအား ဘယ်လိုထင်မလဲ။

တွမ်သည် လီဇာ ဘေးမှာပဲ ရပ်နေတုန်း ဖြစ်သည်။ သူသည် မပျော်နိုင်အောင် တကယ်ပဲ ဖြစ်နေလေသည်။ သူ့မှာ တုဏှိဘော။

'လာပါ လီဇာ၊ လိုက်ခဲ့ပါကွယ်၊ ဟုတ်သားပဲ'

ဒီလိုသာ ဂျင်၏စကားကို တွမ် ဝင်ထောက်ခံလိုက်ရင် သူမသည် ဘယ်လောက် အာပတ်ဖြေလို့ ကောင်းမလဲ။ အခုတော့ ကိုယ်တော်က တုဏှိဘော လုပ်နေပေရာ သူမကပဲ စကားခေါ်ရပေတော့မည်။

'တွမ်... မင်းကြည့်ရတာ ငါ စိတ်မကောင်းပါဘူးကွယ်'

'ငါတစ်ယောက်တည်း သွားတောင် မသွားချင်တော့ဘူး လီဇာရယ်'

အို... ဒါလည်း ခေါ်တာမှ မဟုတ်သေးဘဲ။ ခက်လိုက်တာ တွမ်ရယ်။ သူ့အခေါ် စောင့်နေတုန်း ရထားထွက်သွားမှဖြင့်။ အချိန်က ဆယ်မိနစ်လောက်သာ လိုတော့မည်။ သူမ၏ ရင်ခုန်သံသည် ချက်ချင်း မြန်လာလျက် ရှိလေသည်။

'ကဲ ဒါဖြင့် ငါ ဘာလုပ်ရမလဲ တွမ်၊ မင်းက သိပ်ခက်တာပဲကွယ်'

'လိုက်ခဲ့ပါလား လီဇာ၊ ကဲကွယ် ခေါင်းညိတ်လိုက်စမ်းပါ'

အိုး... အဲဒီလိုမှပေါ့ တွမ်။ ဒါမှ ချစ်သူ့ခေါ်သံနဲ့ တူတာပေါ့။ ဒါတောင်မှ လီဇာသည် နည်းနည်းမူ၍-

'လိုက်တော့ လိုက်ချင်တယ် တွမ်၊ ကောင်းပါ့မလား'

'ကောင်းပါတယ်ကွယ်၊ မင်း ပျော်မှာပါပဲ၊ လာပါ'

တွမ်သည် ဝမ်းသာသွားသဖြင့် သူမ၏ လက်ကလေးနှစ်ဖက် ကိုင်ဆုပ်ထားမိလေသည်။

'ကောင်းပြီနော်၊ နောက်တော့ မပျော်ဘူး မပြောနဲ့'

သူမက လက်ညှိုးကလေး ထောင်၍ ပြောလေသည်။

'အို… လီဇာပါရင် စိတ်ချ'

'နောက်ပြီး တစ်ခုနော်၊ ငါ လိုက်ပေမဲ့ မင်းနဲ့ချည်း တွဲရမယ် မဟုတ်ဘူးနော်'

'သြော်… လီဇာရယ်၊ မင်း မကြိုက်တာဆို ငါ ဘာမှမလုပ်ဘူး ဆိုနေမှပဲကွယ်'

'ကောင်းပြီ လိုက်မယ်၊ မင်းစကားလဲ မင်းမှတ်ထားနော်'

'လီဇာက ဒီလိုဆိုတော့ သိပ်လိမ္မာသွားပဲကွယ်'

သူသည် 'ဟယ်ရီရေ လီဇာပါ လိုက်တော့မယ်တဲ့ဟေ့' ဟု အော်ပြောလိုက်လေရာ 'ဟုတ်လားဟေ့ လီဇာ' ဟု ရှယ်လီနှင့်ဟယ်ရီက လီဇာအား လှမ်းမေးလိုက်လေသည်။ လီဇာက ခေါင်းညိတ်ပြလိုက်သည်တွင် သူတို့သည် 'လာခဲ့ဟေ့၊ နေရာရှိတယ်' ဟု ပျာပျာသလဲ ပြောကြလေသည်။

'ဒါဖြင့် ငါ အိမ်ပြန်ပြီး အမေ့ကို ပြောချည်ဦးမယ်'

လီဇာက ပြောသည်။

'ငါးမိနစ်ပဲ ကျန်တော့တယ်နော်။ မြန်မြန်၊ ဒီမယ်ရှင့် ရထားဆရာ၊ မထွက်နဲ့ဦးနော်၊ တစ်ယောက် ကျန်သေးတယ်'

ရှယ်လီက အော်ပြောရာ ရထားသမားက–

'ကောင်းပါပြီ မယ်မင်းကြီးမ'

လီဇာသည် အိမ်သို့ အပြေးသွားလေသည်။ အခန်းထဲသို့ အပြေးဝင်ပြီး အိပ်နေသော မိခင်အား–

'မေမေ လီဇာ ချင်းဖို့ဒ်ကို သွားဦးမယ်' ဟု အော်ပြောရင်း အဝတ်အစားတွေ ချွတ်ချလိုက်ကာ အဝတ်သစ်များကို ကမန်းကတန်း ဝတ်လေသည်။ နောက် ဦးထုပ်ကိုဆွဲပြီး ရထားဆီသို့ ပြန်ပြေးလာပြီး ခြေနင်းပေါ်မှ လွှားခနဲ တွမ်ရဲ့ကိုယ်ပေါ်သို့ ခုန်တက်လိုက်လေသည်။

ရထားသမားသည် ကြိမ်သံပေးလိုက်သည်။ ရထားနောက်မှ ခရာသမားသည် ခရာတွတ်လိုက်လေရာ အထဲမှ ခရီးသည်တွေ၏ ကောင်းချီးပေးသံနှင့်အတူ ဝင့်ကြွားသော မြင်းနှစ်ကောင်ကလည်း ခွာသံပေးကာ ပြေးလေတော့သည်။

(၅)

လီဇာသည် စောစောက အရေးတကြီး လုပ်ခဲ့ရသဖြင့် မောပန်းသမျှ ပြေသလို ရှိသွားသောအခါ ရထားထဲမှ လူတွေကို လျှောက်ကြည့်နိုင်အားပေတော့သည်။ သူမသည် ဂျင်၏အနားက မိန်းမကြီးအား ပထမဦးဆုံး ဂရုစိုက်၍ ကြည့်မိလေရာ၊ ဂျင်က-

'ဒါ ငါ့မယားပေါ့ကွယ့်'

ဂျင်သည် သူမအား လက်မနှင့် ထိုးပြလိုက်ပြီး ပြောလေသည်။

'လမ်းထွက်တာ မတွေ့ဘူးနော်'

လီဇာက အသိဖွဲ့လိုသဖြင့် စပြီး ပြောလေသည်။

'အင်း… ကလေးအငယ်ဆုံးကလေးက မှက်ခရုတွေ ပေါက်နေလို့ တယ်မထွက်နိုင်ဘူး'

'သြော်… အခုတော့ ပျောက်သွားပြီပေါ့နော်'

သူမက ခေါင်းညိတ်ပြလေသည်။ နောက် လီဇာသည် သူမကိုပဲ ဂရုစိုက်မိလာ၍ ကြည့်မိလျက်ပင် ဖြစ်ရာ၊ သူမသည် ရိုးရိုးနှင့် ပုံပန်းမကျသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး အသက်မှာ သုံးဆယ်နှင့် လေးဆယ်ကြားတွင် ခန့်မှန်းရ၍ အတော်ပင် သန်စွမ်းပုံရလေသည်။ သူမသည် မျက်နှာကျယ်ကျယ်၊ ပါးစပ်ခပ်ပြဲပြဲနှင့် ဆံပင်ကို အလယ်မှ တည့်တည့်ခွဲကာ ဘေးသို့ နားရွက်ဖုံးအောင် ချထားလေသည်။ သူမ၏လက္ခဏာတွင် ကလေးများများ မွေးခဲ့ရခြင်းတို့သည် ပေါ်လွင်နေသည့်တိုင်အောင် ခွန်အားဗလနှင့် ထူးကဲစွာ ပြည့်စုံကြောင်း ပြလျက် ရှိလေသည်။

ရထားတွင်းရှိ လူအားလုံးနှင့်လိုလို လီဇာ သိလေရာ သူတို့သည် ခရီးထွက်ရခြင်း၏ စိတ်စောမိသည်တို့ ပြေစပြုလာသောအခါ တစ်ယောက်နှင့် တစ်ယောက် စကားစပြောကြလေသည်။ သူတို့သည် လီဇာ လိုက်လာသည့်အတွက် ပျော်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် လီဇာ ပါလျှင် ပွဲစည်တတ်သောကြောင့် ဖြစ်လေသည်။ လီဇာသည် ထောင့်တစ်ထောင့်တွင် အစွမ်းကုန် ဖွင့်လာသော လူရွယ်တစ်ယောက်အား ခနဲ့တဲ့တဲ့ဖြင့် ကြည့်ပြီးနောက်–

'စမတ်ဘဲ ဘီလ်'

'ဘာ စမတ်လဲ လီဇာရဲ့'

သူက ရှက်ကိုးရှက်ကန်းနှင့် လီဇာအား ကြည့်ပြီး ပြောလေသည်။

'သြော်… မင်းအင်္ကျီကို သဘောကျလို့ပါ ဟဲဟဲ'

အပြောခံရသူ ဘီလ်မှာ ဘယ်လိုမှ မဖြေတတ်အောင် ရှိန်းသွားလေသည်။ ဒါပေမဲ့ သူ့ရဲ့သစ္စာရှိသော သူငယ်ချင်းတစ်ယောက်က ဝင်ပြီး–

'ကိုယ့်လူကိုတော့ ချမ်းသာပေးပါ လီဇာရယ်၊ သူ့ဘာသာသူ နေပါစေ'

လီဇာအား သရော်သလို ချေပလိုက်လေရာ–

'စိတ်ချပါရှင် စိတ်ချပါ။ ဒီက စိတ်နဲ့တောင် မပစ်မှားပါဘူး။ လီဇာမှာ ရှင့်ယမင်းရုပ်ကလေးထက် အဆပေါင်းများစွာ သာတဲ့ ရွှေရုပ်ကလေးတွေ ပြည့်လို့ပါ။ မဟုတ်ဘူးလား တွမ်ရယ်'

တွမ်ဘက်သို့ မျက်စကလေး ချီ၍ ပြောလိုက်ရာ တွမ်သည် သူမ၏ ချေပပုံကို သဘောကျသွားသည့်တိုင်အောင် တစ်ဖက်သားအား အလွန်အားတုံ့အားနာ ဖြစ်သွားသဖြင့် လီဇာအား အသာ တံတောင်ကလေးနှင့် တွက်ပြီး သတိပေးမိသည်တွင်–

'အို… ဘယ့်နှယ် ဆရာကြီး၊ နံရိုးကျိုးသွားပါ့မယ်'

လီဇာက ကိုယ်ကလေး တစ်ဖက်သို့ ရွံ့လိုက်၍ ပြောသည်တွင် တွမ်မှာ အတော်အောင့်သွားလေသည်။

'နံရိုးမှ ဟုတ်ရဲ့လားကွယ်၊ ငမန်းရိုး ဖြစ်နေပါ့မယ်'

ခုနက လူရွယ်က လီဇာအား နှက်လိုက်ပြန်သည်တွင် ရထားတစ်ခု

လုံး ပွဲကျသွားလေသည်။ လီဇာသည် သူ့အား ပြန်မချေပဘဲ တွမ်ကိုသာ ခနဲ့လိုသဖြင့်–

'ဟေ့ တွမ်၊ ဒီလို ဖက်မထားပါနဲ့ကွ၊ မင်းလက်ကြီးက။ ငါ့ကို ဖက်တဲ့လူဆိုရင် ငါ့ကို ယူရမယ် ဆရာ'

လီဇာက သူမ ခါးပေါ်တင်ထားသည့် တွမ်၏လက်ကို ဖြေရင်း ပြောလေရာ တွမ်သည် ရှက်တတ်သူတစ်ယောက်ဖြစ်၍ မျက်နှာနီသွားလေသည်။ ဒါပေမဲ့ သူသည် မျက်နှာမထားတတ်အောင် ရှက်သွားရင်းက–

'ဒါကြောင့်မို့ ဖက်ထားတာပေါ့ လီဇာရဲ့'

'ဟင်း… မင်းပါးစပ် ပိတ်ထားစမ်း'

ရထားနောက်မြီးက လူသည် ခရာကြီးကို တအားမှုတ်ပြန်ရာ စူးသွားလေသည်။

'ဆရာကြီး မိုက်လည်း ပေါက်သွားပါဦးမယ်'

လီဇာက နောက်လိုက်ပြန်ရာ ပွဲကျသွားပြန်လေသည်။

ဒီလို ပျော်ပျော်ပါးပါးဖြင့် သူတို့ရထားသည် ချင်းဖို့ဒ်သွားရာ လမ်းမပေါ်သို့ ရောက်လာလေတော့သည်တွင် အခြားသော အခြားသော လမ်းဆုံတွေမှ လာသည့် ရထားမျိုးစုံတို့နှင့် ဆုံမိကြတော့လေသည်။ သူတို့သည် ရထားတစ်ခုနှင့်တစ်ခု လှမ်း၍ နောက်ကြလေသည်။ အားလုံးထဲတွင် သူတို့ရထားသည် ပွဲအစည်ဆုံး ဖြစ်လေသည်။ သူတို့ရထားအမည်ကို ခြင်္သေ့နီဟု မှည့်ထားလေသည်။ ပျော်ကြသည့်တိုင်အောင် သူတို့သည် စိတ်ညစ်စရာတစ်ခုနှင့် ကြုံရလေသည်။ ၎င်းမှာ နေပူစပြုလာခြင်းပင် ဖြစ်လေတော့သည်။

မိန်းမတွေကစပြီး အပေါ်ရုံတွေကို ချွတ်ပြီး ထိုင်ကြလေရာ ယောကျ်ားတွေပါ လိုက်၍ လက်တိုကလေးတွေနှင့်ချည်း ဖြစ်သွားလေတော့သည်။

မကြာမီ သူတို့သည် တဲစခန်းကလေးတစ်ခုသို့ ရောက်လာကြလေသည်။ ဒီနေရာ၌ မြင်းတွေကို အနားပေးရင်း ရေတိုက်ရမည် ဖြစ်သည်။ မကြာမီ တောင်ကုန်းကလေးပေါ်မှ တောသားတစ်စုတို့သည် ပြေးဆင်းလာကြပြီး 'ဘီယာဟေ့… ဘီယာ လာပြီဟေ့' ဟု အော်ဟစ်လာကြလေသည်။ နောက် သူတို့သည် ဘီယာစည်ကြီးများကို ဝိုင်းကြလေရာ ရထားအုပ်ကို ခေါင်းဆောင်လာသူ လူကြီးတစ်ယောက်က–

'အေး… ရမယ်… ဖြည်းဖြည်းကွ၊ ဒါပေမဲ့ မင်းတို့အထဲက အငယ်ဆုံး စုံတွဲတစ်တွဲက အရင်ဆုံး သောက်ရမယ်ဟေ့'

သူတို့အထဲက စုံတွဲတစ်တွဲ ထွက်လာလေသည်။ သိုးထိန်းသမားနှင့် သိုးထိန်းကတော်ကလေးဖြစ်ရာ သိုးထိန်းကလေးသည် သူတို့ဖို့ ပေးထားသည့် အမြုပ်တပွက်ပွက်နှင့် ဘီယာမှုတ်ကို ကိုင်ရင်း-

'လာဟေ့… ဖီးလစ်၊ မင်း အရင်သောက်'

ဖီးလစ်သည် ရှုံ့တွံ့တွံ့နှင့် သူမ နှုတ်ခမ်းနားသို့ မှုတ်ကို တိုးကာ အားရပါးရ ကျိုက်ချလေတော့သည်။ သူမ ချစ်သူသည် ဘေးက စောင့်ကြည့်နေပေသည်။

'ဟေ့… ငါ့ဖို့ ချန်ပါဦးလဟ'

သူသည် တဖြည်းဖြည်း မြင့်တက်သွားနေသည့် မှုတ်ကို ကြည့်ရင်း စိုးရိမ်စွာဖြင့် ပြောလိုက်လေသည်။ ဒီတော့မှ ချစ်စရာကောင်းသော သိုးထိန်းကတော်ကလေးသည် သူမ ချစ်သူဘက်သို့ မှုတ်ကို တိုးပေးလေသည်။ သူမကတော့ ဖန်သွားသည့် သူမ လျှာကလေးကို ထုတ်ပြီး နှုတ်ခမ်းနှင့် ပွတ်နေလေသည်။

သူ့အလှည့်ရောက်သောအခါ မှုတ်ထဲ ကျန်သမျှကို တစ်ကျိုက်တည်းနှင့် မော့ချလိုက်လေသည်။ သူ့အား စေတနာထက်သန်သူတို့က နောက်တစ်မှုတ်ပေးပြန်ရာ သူသည် အားရအောင် သောက်ပြီး သူ့ချစ်သူအား အလှည့်ပေးပြန်လေသည်။ သူမသည် သူမ ချစ်သူကို အားကျမခံ လိုက်သောက်ပြန်သည်။

နောက် သိုးထိန်းသည် သူ့အိတ်ထဲက ဆေးလိပ်ထုတ်ပြီး မီးခိုးကို အားရပါးရ ဖွာရင်း တံတွေး ပစ်ခနဲ ထွေးလိုက်လေသည်။ သူ့ချစ်သူက သူ့တံတွေး သွားသည့်ဘက်ကို လှမ်းကြည့်၍-

'ဒီလောက်ဝေးအောင် ငါလည်း ထွေးနိုင်ပါတယ်ကွာ'

'မထွေးနိုင်စေရဘူးကွာ၊ လောင်း…'

သူမသည် တကယ်ထွေးပြလိုက်လေသည်။ သူသည် မခံချင်လှ၍ ရှိသမျှ သလိပ်အချွဲတွေကို စုပြီး တအားကုန် ထွေးပြလိုက်ပြန်လေသည်။ သူမက လိုက်ကြိုးစားလေသည်။ ရထားပေါ်က လူတစ်စုမှာ သူတို့အား

ခွဲကျနေကြလေသည်။ သူတို့မှာ ရထားများ ခရာမှုတ်ကာ ထွက်သွားသည့် တိုင်အောင် ပြိုင်ကျန်ခဲ့ကြလေတော့သည်။

*

ဒီလိုနှင့် သူတို့သည် ချင်းဖို့သို့ ရောက်ကြသောအခါ မြင်းများကို ဖြုတ်ပြီး အရိပ်အောက်တွင် ချည်ထားကြလေသည်။ သူတို့အားလုံး အတော်ဆာနေကြပြီ ဖြစ်သော်လည်း စားဖို့အချိန် အနည်းငယ် လိုသေးသည့်အတွက် ကိုယ့်အတွဲနှင့်ကိုယ် ဟိုနားဒီနား လျှောက်ကြည့်ကြရင်း ဘီယာ သောက်ကြလေသည်။

လီဇာနှင့် ရှယ်လီတို့ စုံတွဲနှစ်တွဲသည် အနီးဆုံး တဲအိမ်ကလေးသို့ သွားကာ ဘီယာသောက်နေကြစဉ် ဟယ်ရီက ကစားခုန်စားသမား တစ်ယောက် ဖြစ်သည့်အားလျော်စွာ လက်ဝှေ့သတ်သည့်အကြောင်း၊ ဘောလုံးကန်သည့်အကြောင်းတို့ကို အာရှင်ရှင်နှင့် ပြောပြနေလေ၏။ တွမ်မှာမူကား သူလို စုံသူတစ်ယောက် မဟုတ်သဖြင့် နားထောင်ဖော်သာ ရလေသည်။ လီဇာက 'ဟော့… တွမ်၊ မင်းကော အားကစား ဝါသနာပါခဲ့တာတွေ ပြောပြစရာ မရှိဘူးလား' ဟု ပြောလေရာ၊ တွမ်သည် ရှက်သွေးကလေး ဖြန်းသွားလေသည်။

'လူကြီးလူကောင်းများ ခင်ဗျာ၊ တိရစ္ဆာန်တွေ အစာကျွေးချိန် ရောက်ပါပြီ၊ ကြွခဲ့ကြပါ ခင်ဗျာ'

ရထားသမားကြီးသည် မြင်းကြီးတွေအား ကောက်ရိုးကျွေးရင်းက လှမ်း၍ နောက်လိုက်လေရာ–

'သွား… လူကြီးက လူတွေကို တိရစ္ဆာန်မှတ်လို့လား'

မိန်းမတစ်ယောက်က ရှုံ့ကာမဲ့ကာ ပြန်ပြောလိုက်လေသည်။ နောက် ဆယ်မိနစ်ခန့် ကြာသောအခါ ခရာသမားသည် အစားစားကြဖို့ အချက်ပေး ခရာသံကို ရှည်လျားစွာ ပေးလိုက်လေရာ ထွက်လည်နေကြသည့် လူများ ရောက်လာကြလေသည်။

'ဗျို့ ဆရာကြီး၊ သိပ်လဲ မမှုတ်ပါနဲ့ဦး၊ ရှင့်ဗိုက် ပေါက်ထွက်လာဦးမယ်။ ထမင်းစား ပျက်ပါဦးမယ်'

လီဇာက သူ ခရာမှုတ်နေစဉ် နောက်လိုက်လေသည်။

သူတို့သည် အသီးသီး နေရာယူကြကာ စားဖို့ ပြင်ကြလေသည်။ ဝက်သားခြောက်၊ ကြက်ဥ၊ ထောပတ်၊ ပေါင်မုန့်၊ ပူတင်း၊ ဝက်အူချောင်း စသည့် အစားအစာများသည် မြိုင်ဆိုင်စွာ တည်ခင်းထားပြီး စားနိုင်ပြီဟု ပြောလိုက်သည်နှင့် တစ်ပြိုက်နက် သူတို့တစ်တွေသည် ခေါင်းတောင် မထောင်နိုင်ဘဲ ပလုတ်ပလောင်း စားကြလေသည်။ သူတို့သည် စားနေကြစဉ် ဘီယာသောက်ရုံမှအပ ဘေးသို့တောင်မှ လှည့်မကြည့်အားကြပေ။ ရှိသမျှပြောင်အောင် စားပြီးကြတော့မှပင် လေချဉ်တက်သံ၊ မျိုချသံနှင့် စကားပြောသံတို့ ပေါ်ထွက်လာနိုင်ပေတော့သည်။

တစ်ခါ သူတို့သည် ခဏလောက် အစာကြေအောင် လှဲနေကြပြီး သူ့အတွဲနှင့်သူ ထွက်ကြပြန်သည်။ ဟယ်ရီနှင့် ရှယ်လီသည် ပထမဦးဆုံး တောလမ်းကလေးတစ်ခုတွင် ပျောက်ကွယ်သွားလေသည်။ တွမ်မှာလည်း တကယ်ဆိုတော့ ဒီလိုအခွင့်အရေးမျိုး မျှော်လင့်ခဲ့သူဖြစ်ရာ အကယ်၍သာ လီဇာက ကြည်ဖြူပါလျှင် မြက်ခင်းပေါ်တွင် ထိုင်ပြီး သစ်ချပင်တစ်ပင် မှီကာ လက်တစ်ဖက်က လီဇာ့ ခါးကလေးကို ဖက်၍ လီဇာက သူ့ရင်ခွင်ကို ခေါင်းမှီပြီးသော် ချစ်တင်းစကား ဆိုရပါမူ အဘယ်မျှ စည်းစိမ်ရှိမည်နည်းဟု တွေးကြည့်လေသည်။ လီဇာအဖို့တွင်လည်း ထမင်းစားပြီးကြလျှင် ဒီလိုပဲ စုံတွဲတွေ တောခိုကြမည်ကို ကြိုတင်သိပြီး ဖြစ်သည့်တိုင်အောင် သူမသည် တွမ်နှင့်တွဲပြီး ချစ်တင်းဆိုဖို့၊ နမ်းဖို့ကို ငြီးငွေ့လေသည်။ ဘာကြောင့် သူမသည် တွမ်အား စိမ်းမိသည်ကို စဉ်းစားမရအောင် ဖြစ်လေသည်။

ဒါပေမဲ့ သူမသည် ဂျင်တို့စုံတွဲကို ကြည့်ပြီး အေးစက်စက်နိုင်ကြရမလားဟုတော့ စိတ်တိုမိလေသည်။ ထို့ကြောင့် သူတို့အနားသွား၍ သူမကပင် စ၍ ထွက်လည်ကြဖို့ အကြံဉာဏ်ပေးလေသည်။ ဂျင်က လီဇာလိုက်ရင် ထွက်ဖို့ သဘောတူလိုက်သဖြင့် လီဇာကလည်း ရှောရှောရှူရှူပင် လက်ခံလိုက်လေသည်။ တွမ်သည် လီဇာအား အတော်စိတ်ဆိုးမိသွားသည်။ ဒါပေမဲ့ သူသည် ဘယ်လိုမှ ထုတ်ဖော်ပြီး မပြောရဲချေ။ ဂျင်အားသာ ချဉ်ချဉ်နှင့် စိုက်ကြည့်မိသည်တွင် ဂျင်က သူ့အား ပြောင်သလို ပြန်ကြည့်လေသည့်အတွက် အတော်မခံချိမခံသာ ဖြစ်သွားရသည်။

နောက် သူတို့သည် တောထဲသို့ ထွက်သွားကြလေ၏။ လီဇာသည် တွမ်အား လိုက်ခဲ့ပါလားဟုပင် လောကွတ်မပြုပေ။ ဒါပေမဲ့ တွမ်သည် လိုက်သွားလေသည်။ ဂျင်က လီဇာနှင့်ချည်းတွဲဖို့ ကြိုးစားသလောက် လီဇာ ကလည်း အလျှင်းကန့်ကွက်ပုံ မရပေ။ ဂျင်၏မိန်းမသည် နောက်တွင် ကျန်ခဲ့ သည်ချည်း ဖြစ်လေသည်။ ဒါပေမဲ့ သူမသည် မီအောင်တော့ အပြေးကလေး လုပ်၍တောင်မှ လိုက်ရှာပါသည်။ ဂျင်သည် လီဇာနှင့် စကားလက်ဆုံ ကျတော့မည်ဖြစ်တိုင်း တွမ်သည် ဘေးက ဖျက်လိုဖျက်ဆီး ကြံဖန် လုပ် လေသည်။ ကြာတော့ လီဇာသည် သူ့အား သည်းညည်းမခံနိုင်တော့သဖြင့် -

'တွမ်··· မင်း ဒီနေ့မနက် အိပ်ရာထ အဆီအငေါ် မတည့်ခဲ့ဘူး ထင်တယ်'

'လီဇာ၊ မင်းကို ငါ ခေါ်လာခဲ့တာ မဟုတ်လားကွယ်'

ဒ္ဓိပြင်လူနှင့် တွဲတာ သူ မကြည့်နိုင်လွန်း၍ ဒီလို ခနဲ့လိုက်မိလေသည်။

'မင်း ဒီလို သဘောထားသေးရင် မင်းဘာသာမင်း နေခဲ့တော့။ ငါနဲ့လဲ မတွဲချင်နဲ့တော့'

'ဩော်··· မင်းက ငါ့ကို နှင်တာပေါ့၊ ဟုတ်လား လီဇာ'

သူသည် ဒေါသကို မချုပ်တည်းနိုင်သဖြင့် ဒေါသသံပါသွားလေ သည်။

'မင်း ထင်ချင်သလိုပဲ ထင်'

'ဒီလိုလား လီဇာ၊ မင်း ငါ့ကို မလိုချင်ရင် ငါ ပြန်ပါ့မယ်ကွယ်'

ဒီလိုပြောပြီး သူသည် ချာခနဲ လှည့်ပြန်ခဲ့လေသည်။ လမ်းတွင် သူ သည် အတော်ပဲ ဝမ်းနည်းပန်းနည်း ဖြစ်မိရှာပါသည်။ သူ့လည်ချောင်းထဲ တွင် ခြောက်ကပ်ကပ် တစ်ဆို့ဆို့ကြီး ဖြစ်မိသွားလေသည်။ လီဇာဟာ တကယ်ဆိုတော့ သူ့အပေါ် ဘာဖြစ်လို့ စိမ်းရပါလိမ့်။ ချင်းဖို့ကို လာခဲ့တာ မှားများ မှားပြီလားဟု သူ ထင်မိလိုက်လေသည်။ သူ့ကိုတော့ ခွာထုတ် လိုက်ပြီး ဂျင်နဲ့တော့ သူမ ပျော်ပျော်ပါးပါး တွဲသွားနိုင်ပေသည်။ သူ့အတွက် ဆိုရင် အခုတလော လီဇာသည် ဘာတစ်ခုမှ မလိုက်လျောခဲ့ပေ။ သူသည် လီဇာအား မုန်းရန် ကြိုးစားကြည့်မိသည်။ အို··· ဒါပေမဲ့ သူ့မှာ အချစ်ရေး တွင် အတော်အသည်းငယ်သူသာ ဖြစ်ပါသည်။ တကယ်ဆိုတော့ မကြာမီ ပင် သူ့ကိုယ်သူ လီဇာအား စိတ်ဆိုးအလျှင်လိုရကောင်းလားဟု အပြစ်တင်

လိုက်ပြီးလျှင် လီဇာနှင့် ပြန်ပြီး စိတ်ဆိုးပြေဖို့ကိုသာ ဆုံးဖြတ်ချက် ချလိုက်လေသည်။

လီဇာသည် တွမ် လှည့်ပြန်သွားသည့်အတွက် အတော်အံ့အားသင့်သွားလေသည်။

'မင်းကောင်ကလေးက သက်သက် မနာလိုကောင်လေးပဲ'

ဂျင်က တစ်ချက် ရယ်လိုက်ပြီး သရော်လိုက်လေသည်။

'ဟင်… ဘယ်သူ့ကို တွမ် မနာလိုသလဲ'

'ငါ့ကိုပေါ့ကွယ်… ဟဲ… ဟဲ'

'သူ ဘာမှမနာလိုစရာ အကြောင်းမရှိပါဘူး။ သူ့ကို ရှင်းရှင်းပြောပြီးသားပဲ။ မင်းကို လီဇာ မယူနိုင်ဘူးလို့။ အခု လိုက်လာတာလဲ အစကတည်းက စကားခံပြီး လိုက်လာတာ။ မင်းနဲ့ လိုက်လာပေမဲ့ ငါ့သဘော ငါ တွဲချင်တဲ့ လူနဲ့ တွဲဖို့ လွတ်လပ်ရေး ပေးရမယ်လို့ သူ့ကို ပြောပြီးသားပဲ'

ဂျင်သည် သဘောကျစွာ နားထောင်နေလေသည်။ သူ့မိန်းမကြီးကတော့ လီဇာ ပြောနေသည်ကို စိတ်ဝင်စားပုံ မရချေ။ သူမ၏ အိမ်မှုရေးရာအတွက်သာ စိတ်ကူးထုတ်နေပုံ ရလေသည်။

သူတို့သည် ချင်းဖို့ဒ်သို့ ပြန်ရောက်ကြသောအခါ လီဇာသည် တွမ်၏ မျက်နှာငယ်ကလေးကို တွေ့ရ၍ သနားသွားလေသည်။ သူမ ရက်စက်ခဲ့သည်ကို နောင်တရ၍ ဂျင်ကို ထားခဲ့ပြီး သူ့အနား သွားလေသည်။

'ဟေး… တွမ် စောစောက ငါ ပြောတာကို မင်း အနာမယူနဲ့နော်။ အလကား ငါပြောတာပါကွယ့်'

သူသည် သူ့အပြစ်ကို ဝန်ခံဖို့ ပြင်လျက် ရှိနေပေပြီ။ လီဇာက ဆက်၍ပင် -

'ကျေပါကွယ် တွမ်၊ ငါ မင်းကို စိတ်ဆိုးတာ အလျှင်လိုသွားတယ်။ တောင်းပန်ပါတယ်'

'ငါက တောင်းပန်ရမှာပါ လီဇာ၊ မင်းသာ ငါ့ကို စိတ်မဆိုးဘူးနော်'

'အို… မင်းကို ငါ ဘာလို့ စိတ်ဆိုးရမှာလဲ'

'တကယ်ပြောတာလား လီဇာ'

တွမ်သည် အခုမှ စိတ်ပေါ့ပါးသွားကာ ပျော်နေလေတော့သည်။

'ဒါဖြင့် လာပေ့ လီဇာ၊ တို့ မြည်းစီးကြရအောင်'

မြည်းစီးကြရာတွင် တွမ် အလိုပြည့်လေသည်။ လီဇာသည် ပထမ၌ ကြောက်နေသဖြင့် တွမ်က ဘေးမှ ဖေး၍ လိုက်ရသည်။ သတ္တဝါကောင်သည် တစ်ချက်တစ်ချက် ခုန်လေရာ လီဇာသည် မြည်းပေါ်မှနေပြီး တွမ်အား ဖက်ထားရသည်။ နောက် လီဇာ စီးနေသောမြည်းသည် တခြားမြည်းတွေ ပြေးသည်ကိုမြင်၍ လိုက်ပြေးလေရာ လီဇာသည် တွမ့်လက်မောင်းထဲသို့ ကျကျန်ရစ်ခဲ့လေသည်။ လီဇာသည် ရယ်မောပစ်လိုက်ကာ အပျော်ကြီး ပျော်လိုက်လေသည်။ နောက် ရှယ်လီကလည်း မြည်းတစ်ကောင် တက်စီးကာ သူတို့သည် အပြိုင်စီးကြလေသည်။ လီဇာသည် ခဏအတွင်း အတော် ရဲလာသောအခါ မြည်းအား ရိုက်၍ပင် စီးနိုင်လာတော့သည်။ သူမချည်းလိုလို အနိုင်ရကာ သူမ၏ မြူးထူးအော်ဟစ်သံသည် ထိုနေရာတစ်ဝိုက်ကို လွှမ်းနေလေတော့သည်။

နောက် သူတို့သည် မြည်းစီးခြင်းကို ငြီးငွေ့လာသောအခါ ဘီယာ ထပ်သောက်ကြပြန်ပြီး အခြားပျော်စရာ ကစားတစ်ခုကို ရှာကြပြန်သည်။ အုန်းသီးပစ် ကစားသည့်နေရာတွင် သူတို့ စုကြပြန်သည်။ လီဇာသည် ဓားကို တစ်ချောင်းကို နှစ်ပဲနီဖြင့် ဒိုင်လုပ်သူထံတွင် ဝယ်ပြီး ပစ်လေသည်။ ဓားစိုက်သည့် အုန်းသီးကို သူမ ရပေမည်။ သူမသည် ဆယ်ပဲနီ ကုန်သည့်တိုင်အောင် တစ်လုံးမှ မရပေ။ နောက် သူမသည် တွမ်နှင့် ဟယ်ရီအား ပစ်ခိုင်းသည်။ သူတို့လည်း ရှုံးကြသည်။ နောက် ဂျင်ကို အပစ်ခိုင်းသောအခါ အုန်းသီး သုံးလုံး ဆက်ကာ နိုင်လေရကား လီဇာသည် ခုန်နေအောင် ဝမ်းသာသွားပေသည်။

'ဂျင်က သိပ်တော်တာပဲနော်'

လီဇာက ဂျင်အား ချီးမွမ်းလေရာ တွမ်မှာ မသိမသာ မျက်နှာပျက်သွားပြန်လေသည်။ လီဇာသည် ဂျင်၏မိန်းမကြီးအားလည်း ပစ်ခိုင်းရာ သူမသည် ပိုက်ဆံဖြုန်းတာပဲဟု ပြောပြီး မပစ်ဘဲ နေလေသည်။

'ကဲ… မယ်မင်းကြီးမ၊ မပစ်ချင်လဲ နေပါ၊ ရှိပြီးသား အုန်းသီးတွေပဲ ခွဲစားကြပါစို့'

ဂျင်က သူ့ဟာမကြီးအား ဤသို့ သရော်ပြီး သူတို့စုံတွဲ သုံးတွဲအတွက် တစ်တွဲလျှင် တစ်လုံးစီ ဝေစားကြလေသည်။

'ကိုယ်တော့ ဘယ်နှပုလင်းလောက် သောက်မိသွားမှန်းတောင် မသိဘူး'

လီဇာသည် မျက်လုံးကလေး မှေးထားရင်းက ပြောလိုက်လေသည်။ မိုးချုပ်လာစပြုပြီ ဖြစ်သဖြင့် ရထားထွက်ဖို့ တစ်နာရီလောက်သာ လိုတော့လေသည်။ သူတို့သည် မြက်ခင်းပေါ်တွင် စုထိုင်ကြလေသည်။ ဟယ်ရီသည် သူ့ဂီတာထုတ်၍ တီးလေသည်။ ဆိုမည့်သူ ပွဲတောင်းရာ ဂျင်သည် အသံအောကြီးဖြင့် ရေးသီချင်းတစ်ပုဒ်ကို ဆိုလေသည်။ လီဇာသည် ပွဲမတောင်းဘဲနဲ့ ခပ်ရွှင်ရွှင် သီချင်းတစ်ပုဒ်ကို ကောက်ဆိုလေသည်။ လီဇာ ဆိုပြီးသောအခါ သူမသည် တွမ်အား ဆိုခိုင်းလေသည်။ သူသည် သူမနားတွင် ယခုအထိ ကြောင်ကလေးလိုပဲ ကုပ်၍ ထိုင်နေလျက် ရှိလေသည်။

'ဘာငိုင်နေတာလဲကွ တွမ်၊ သီချင်းတစ်ပုဒ် ဆိုပါ'

'ကိုယ်မှ မဆိုတတ်ဘဲ လီဇာရဲ့'

သူက ငြင်းနေစဉ်ပင် ဂျင်က ဝင်၍ ဆိုလေရာ လီဇာသည် သူတို့နှစ်ယောက်ကို စိတ်ထဲက နှိုင်းယှဉ် ကြည့်မိသွားပေသည်။ တစ်ယောက်ကတော့လည်း ရှက်လွန်း ကြောက်လွန်း၊ တစ်ယောက်ကတော့လည်း ရဲလွန်း ပြောင်လွန်း။

သူတို့သည် ရထားထွက်ခါနီး ပြန်သောအခါ နှုတ်ဆက်ပွဲအနေဖြင့် တစ်ခါ သောက်ကြပြန်ပြီးမှ ရထားထဲ ဝင်ကြ၍ နေရာအသီးသီး ယူကြလေသည်။

'ကိုယ်တော့ နည်းနည်းများသွားပြီ ထင်တယ် တွမ်'

လီဇာသည် ဒယိမ်းဒယိုင်ဖြင့် တွမ်အား မှေးရင်း ပြောလေသည်။ ရထားမောင်းသမားကြီးအား သူမသည် လှမ်းကြည့်လိုက်ရာ သူသည် နီနေသော မျက်နှာကြီးဖြင့် ဣန္ဒြေလုပ်နေသည်ကို တွေ့ရ၍ လီဇာသည် သူ့ဦးထုပ်ကြီးကို မျက်နှာဖုံးသွားအောင် တအားဆွဲချရင်း-

'ရှင့်မျက်နှာကြီးက တစ်တောင်လောက် ရှိတယ်။ မရှက်ဘူးလား၊ ဖုံးထားပါ'

သူသည် အလန့်တကြား လီဇာအား လှည့်ကြည့်လိုက်ပြီး–

'နင့်မျက်နှာကတော့ စွန်လောက်နီးပါး ရှည်တယ်'

'ဟီ… ဟိ… သူ့နားရွက်ကြီးတွေကလဲ ပန်းကန်ပြားကြီးတွေ လိုပဲ'

လီဇာက ပြန်ပက်ပြန်သည်။ ရထားပေါ်က အမူးသမားတွေသည် သူတို့အား ကြည့်ကြလေသည်။ အထူးသဖြင့် လီဇာမှာ အသည်းဆုံး ဖြစ်နေလေသည်။ သူမသည် လူတကာကို လိုက်၍ စ လေသည်။ သူမသည် တွမ်၏ဦးထုပ်ကို ယူဆောင်းပြီး သူမ ဦးထုပ်ကို တွမ်အား ဆောင်းခိုင်းလေသည်။ နောက် သီချင်းတစ်ပုဒ်ကို သူမ တစ်ယောက်တည်း အသံကုန် ဟစ်၍ ဆိုလေသည်။

တွမ်၊ လီဇာ၊ ဂျင်၊ ဤသို့အစဉ်အတိုင်း ထိုင်ခုံတစ်ခုတွင် ထိုင်လေရာ လီဇာမှာ ဂျင်နှင့် တွမ်ကြားတွင် ရောက်နေလေသည်။ တွမ်မှာ အထူးကျေနပ်နေကာ ဒီလို လီဇာနှင့် အမြဲပဲ နေရပါစေတော့ဟု ဆုတောင်းနေမိလေသည်။ ရထားအတော်ကလေး မောင်းသွားမိသောအခါ သူတို့သည် ဘီယာ အရှိန်တက်ပြီး ငြိမ်စပြုလာကြလေသည်။ အချို့လည်း ခေါင်းစိုက်ကာ သတိလစ်နေကြလေသည်။ ရှယ်လီနှင့် ဟယ်ရီမှာ တစ်ယောက်ကို တစ်ယောက် မှီကာ မှိန်းနေကြလေသည်။ ညသည် အတော်ပဲ ကဗျာဆန်နေပေရာ လီဇာသည် ပြာမှိုင်းသော ကောင်းကင်ကို မော့ကြည့်မိပြီး ချစ်သူရဲ့ ရင်ခွင်ထဲမှာ ချစ်သူရဲ့အပွေ့အပိုက်ကို ခံလိုစိတ်များ ဖြစ်ပေါ်လာလေသည်။ တွမ်ရဲ့လက်မောင်းသည် သူမရဲ့ခါးကို ရစ်ပတ်လာသည့်အတွေ့ကို သူမ သတိထားမိလိုက်သောအခါ အသာငြိမ်နေလိုက်လေသည်။ သူမသည် လည်းကောင်း၊ တွမ်သည် လည်းကောင်း ဤသို့ စည်းစိမ်ခံကာ ကြည်နူးနေစဉ် တစ်ဖက်မှ ကြမ်းတမ်းသော ဂျင်ရဲ့လက်တစ်ဖက်သည် သူမရဲ့ ပေါင်တစ်လျှောက်ကို ပွတ်တိုက်သလို စမ်းလာပြီး လီဇာရဲ့လက်ပေါ်သို့ ခပ်ညှစ်ညှစ်ကလေး ဆုပ်ကိုင်ထားလိုက်လေသည်။ ဘယ်လိုဖြစ်သည်မသိ၊ လီဇာသည် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားလေရကား တွမ်သည် စိုးရိမ်သွား၍–

'လီဇာ သိပ်ချမ်းသလား ဟင်'

'မဟုတ်ပါဘူး၊ ကြက်သီးကလေးတွေ ထ သွားတာနဲ့ တူပါရဲ့'

တွမ့် လက်မောင်းကလေးကလည်း သူမရဲ့ခါးကလေးကို တိုး၍ ဖက်ထားလိုက်သည့်အချိန်မှာပင် တစ်ဖက်က ဂျင်ကလည်း လီဇာရဲ့ လက်ကလေးကို ဆုပ်နယ် ဖျစ်ညှစ်နေလေသည်။ လီဇာသည် ထိုအတိုင်းပင် ဝက်(စ်) မင်စတာ တံတားသို့ ရောက်သည့်အထိ ငြိမ်ခံနေလိုက်ပေသည်။ ရထားဆိုက်မှ သူတို့သည် ခွဲလိုက်ကြရင်း တွမ်မှာ လီဇာအား ဂရုစိုက်ရှာသားပဲဟု ကျေနပ်သွားလေသည်။

နောက် အသီးသီး ကိုယ့်အတွဲနှင့်ကိုယ် လီဇာနှင့် ရှယ်လီတို့သည် ဝီရာလမ်းထောင့်အထိ လျှောက်ပြန်လာခဲ့ကြသည်တွင် လမ်းခွဲရခါနီး၌ ဟယ်ရီက တွမ်အား–

'ဟေ့… တွမ်၊ တစ်ချီလောက် ထပ်သောက်ကြဦးစို့ကွာ'

'အေး… သောက်တာပေါ့၊ သူတို့ကို အိမ်ပို့ထားနှင့်ကြရအောင်'

'အချိန်မရတော့ဘဲ နေမယ်ကွ၊ ဆိုင်ပိတ်သွားလိမ့်မယ်'

'ဒါပေမဲ့ သူတို့ကို ဒီ့အတိုင်း ထားခဲ့မလား'

'ဘာဖြစ်လဲ တွမ်ရဲ့၊ တို့ ဘယ်သူနဲ့မှ လိုက်မပြေးကြပါဘူး'

ရှယ်လီက ဝင်ပြောလေရာ တွမ်သည် စိတ်မပါဘဲနှင့် လိုက်လျောရသည်တွင် ဟယ်ရီသည် ရှယ်လီအား ခေါင်းညိတ်ခေါ်ပြီး၍ မျက်နှာကလေးကို မော့ခိုင်းကာ နှစ်ကြိမ်တိတိ မွှေးမွှေးပေးလေသည်။

'ဂွတ်နိုက်… တွမ်…'

လီဇာက လက်ကလေးကို ဆန့်ပေးရာ တွမ်သည် လှမ်းဆွဲရင်းက ပြန်နှုတ်ဆက်လိုက်ရသော်လည်း သူ့မျက်နှာတွင် မှန့်တောင်းသည့် ကလေးကလေး အမူအရာမျိုး ပေါ်နေသဖြင့် လီဇာက သနားသွားကာ သူ့အနားသွားပြီး မော့ပေးလေသည်။ ဒီတော့မှ တွမ်က အားရပါးရ မွှေးပြီး–

'ဟဲ့… အရသာပဲ… လီဇာ'

အားလုံး သူ့ကို ဝိုင်းရယ်ကြလေသည်။ ဂျင်က လှောင်ပြုံး ပြုံးလေသည်။

'ကဲ သွားမယ် တွမ်၊ မင်း ငါ့ကိုခေါ်တဲ့အတွက် ကျေးဇူးတင်တယ်ဟေ့'

'ဘယ့်နှယ် ဦးလေး ဂျင်၊ လိုက်သောက်ပါဦးလားဗျ'

ဟယ်ရီက လှမ်းပြောလိုက်ရာ သူက ခေါင်းခါပြလေသဖြင့်–

'ငနဲကြီးက ကြီးသာ ကြီးတယ်၊ ဂေါ်ငနဲကြီးပဲ'

သူ့အဖော် တွမ်အား ဟယ်ရီက အတင်းပြောကာ ထွက်သွားကြလေသည်။

အစဉ်အတိုင်းဆိုလျှင် ရှယ်လီ့အိမ်က အရင်ရောက်သဖြင့် ရှယ်လီအား ထားပစ်ခဲ့ပြီးလျှင် လီဇာသည် ဂျင်တို့လင်မယားနှင့်အတူ လျှောက်ခဲ့ပြန်ရာ၊ သူတို့အိမ် ရောက်တော့လည်း သူတို့ ဝင်နေခဲ့ကြလေသည့်အတွက် သူတို့အား နှုတ်ဆက်ခဲ့၍ လီဇာ တစ်ယောက်တည်း ပြန်လာရလေသည်။ လမ်းသည် အတော်တိတ်ဆိတ်စပြုနေပြီ ဖြစ်လေသည်။ လမ်းမှ ဓာတ်မီးတိုင်ချင်းကလည်း ဝေးသဖြင့် လီဇာသည် ရွံ့သလိုလိုတောင် ဖြစ်မိလေသည်။ နေ့ခင်းစည်သလောက် ညတွင် တိတ်ဆိတ်နေခြင်းအတွက် သူမသည် တစ်မျိုးချည်း ဖြစ်သွားလေသည်။ ထိုသို့ တစ်ယောက်တည်း ဖြစ်သဖြင့် အတော်အရဲစွန့်ကာ လျှောက်နေရစဉ် နောက်မှ ခြေသံကြားလိုက်ရသဖြင့် လန့်ပြီး လှည့်ကြည့်လိုက်ရာ၊ လူတစ်ယောက် လိုက်လာသည်ကို တွေ့ရလေသည်။ နောက်တော့မှ သူသည် ဂျင်ဖြစ်နေမှန်း သိလေသည်။ သူသည် အသံကိုအုပ်၍ 'လီဇာ' ဟု ခေါ်နေလေသည်။

'ဟင်… ရှင် ဘာလို့ လိုက်လာရသလဲ'

'မင်းကို နှုတ်ဆက်ဖို့လေ'

'အိမ်အဝင်မှာတုန်းက နှုတ်ဆက်ပြီးပြီ မဟုတ်လား'

'ဘယ်ဒီလိုနဲ့ ပြီးမလဲကွယ်၊ တွမ်နဲ့မင်း ဘယ်လို နှုတ်ဆက်သလဲ'

လီဇာသည် ရှက်သွေးဖြင့် မွန်သွားမိပြီး–

'ရှင့်မိန်းမကော…'

'သူ့ကို ထားခဲ့တာပေါ့၊ မင်းနဲ့ ဒီလို တစ်ယောက်ချင်း တွေ့ချင်လို့ပါကွယ်'

'ဘာကိစ္စ တွေ့ချင်ရတာလဲ'

သူသည် အဖြေမပေးဘဲ လီဇာ လက်ကို ဖမ်းကိုင်လိုက်လေသည်။ လီဇာသည် သူ့မလက်ကို ရုပ်လိုက်ရင်း လျှောက်လာရာ သူလည်း လိုက်လာလေသည်။

'ငွတ်နိုက်…'

လီဇာက အိမ်ဝရောက်သောအခါ သူ့အား နှုတ်ဆက်လေသည်။

'မဝင်ပါနဲ့ဦးကွယ်၊ လမ်းလျှောက်ကြရအောင်'

'အို… တိုးတိုးရှင့်၊ လူကြားပါ့မယ်'

ဘာဖြစ်လို့ သူမသည် တိုးတိုးကလေး ပြန်ပြောမိသည်ကို သူမကိုယ်တိုင် သတိမထားမိလိုက်ချေ။

'လာပါကွယ်'

သူက ထပ်ပြောလေသည်။ လီဇာက ခေါင်းယမ်းပြလေသည်။ နောက် သူမသည် ဆုံးဖြတ်လိုက်ပြီး–

'မလိုက်ဘူး၊ သွားတော့မယ် ငွတ်နိုက်'

'ကောင်းကောင်း နှုတ်ဆက်ပါ လီဇာရဲ့'

'ဘယ်လို ဆိုလိုချင်တာလဲ'

'တွမ်က မင့်နမ်းရတာ သိပ်အရသာလို့ ပြောသွားတာ ငါ ကြားလိုက်ပါတယ်ကွယ့်'

သူမသည် သူ့အား ကြောင်ကြည့်မိနေစဉ် သူသည် လီဇာ့ ကိုယ်ကလေးကို မြောက်ခနဲနေအောင် သူ့လက်မောင်းကြီးများဖြင့် ပွေ့တင်လိုက်ကာ သူ့မျက်နှာကြီး မိုး၍ နမ်းလေသည်။ လီဇာသည် မျက်နှာကိုလွှဲ၍ ရှောင်လေသည်။

'လီဇာ မင်းရဲ့ချစ်စရာ နှုတ်ခမ်းကလေးတွေကောကွယ်၊ ဒီဘက်လှည့်စမ်းပါဦး'

လီဇာသည် သူ့အမိန့်ကို မလွန်ဆန်နိုင်သလို လှည့်ပေးလိုက်ရာ သူသည် လီဇာ၏ပါးစပ် နှုတ်ခမ်းတို့ကို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း မွေးယူလေသည်။

အတော်ကြာမှ လီဇာသည် ရုန်းထွက်လိုက်ပြီး အိမ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

[ ၆ ]

လီဇာသည် နောက်တစ်နေ့ နံနက်၌ အလုပ်သို့အသွားတွင် ရှယ်လီနှင့် တွေ့လေသည်။

သူမတို့နှစ်ယောက်စလုံးပင် မနေ့က အပျော်လွန်လာခဲ့သည့်ဒဏ်ကြောင့် ညှိုးဖတ်ဖတ် ဟောင်းနွမ်းနွမ်း ဖြစ်နေကြလေသည်။ ခေါင်းများကိုလည်း သပ်ရပ်အောင် လုပ်မထားကြချေ။ လီဇာမှာ ဦးထုပ်ကိုတောင် မဆောင်းနိုင်ဘဲ လက်ထဲတွင်သာ ကိုင်ထားပြီး၊ ရှယ်လီမှာလည်း ဆောင်းတယ်ဆိုရုံ လျော့ရဲရဲနှင့် ခေါင်းပေါ်တင်ထားပြီးလျှင် ကျွတ်မကျအောင် ခဏခဏ ပြင်ဆောင်းရလေသည်။ သူမတို့သည် အစေခံမကလေးတွေလောက်တောင် ပြပြင် မွမ်းမံထားခြင်း မရှိချေ။ ခြေအိတ်ကြီးတွေမှာလည်း လျော့၍ အောက်သို့ပုံပြီး ကျနေလေသည်။

'ဘယ့်နှယ့်လဲဟေ့ ရှယ်လီ'

'ဒီနေ့မနက် အိပ်ရာက ထကတဲ့ည်းက ခေါင်းထဲမှာ တစ်မျိုးချည်းပဲ၊ အုံတုံတုံနဲ့'

ရှယ်လီသည် မျက်လုံးကို မနည်းဖြဲထားကာ နေရောင်ကို မကြည့်နိုင်ကြည့်နိုင် ကြည့်ရင်း ပြောလေသည်။

'အေးကွယ်၊ ကိုယ်လည်း တယ်မလန်းဘူး၊ ထိုင်းတိုင်းတိုင်းပဲ'

လီဇာက ရှယ်လီအား သနားသလို ကြည့်ရင်း ပြောလေသည်။

'မနေ့က သိပ်မသောက်ဘဲ တော်ရုံလောက်ဆို ကောင်းမှာကွာ'

ရှယ်လီသည် နားထင်ကို လက်နှင့်ဖိထားကာ ပြောလေသည်။

လီဇာသည် သူမအား အနည်းငယ် အားပေးစကား ပြောရလေသည်။ ဤသို့ စကားတပြောပြောနှင့် လျှောက်နေစဉ် ရှစ်နာရီထိုးသံ ကြားသဖြင့် နှစ်ယောက်သား ပြေးကြလေသည်။ သူတို့လိုပဲ နောက်ကျနေသည့် အလုပ်သမား လေးငါးဦး ပြေးကြသည်ကို တွေ့လေသည်။ သူတို့သည် နောက်ကျလျှင် အလုပ်ဝင်ရမည် မဟုတ်ချေ။ ဤသို့ဆိုပါလျှင် တစ်နေ့အတွက် သူတို့လုပ်ခ ရတော့မည် မဟုတ်ရာ ဝမ်းရေးအတွက် တစ်နေ့စာ ခက်သွားပေလိမ့်မည်။

လီဇာသည် အလုပ်လုပ်ရင်း ခေါင်းထဲက စစ်ခနဲ စစ်ခနဲ ထိုးထိုးကိုက်လေသည့်အတွက် စိတ်ပျက်မိလေသည်။ ပါးစပ်ထဲတွင်လည်း စပ်တပ်တပ်နှင့် ခြောက်သွေ့ပြီး ရေငတ်ခတ်ခတ် ဆာလေသည်။ နောက် သူမသည် နေ့လယ်စာ စားချိန် အနားရသောအခါ သည်းညည်းမခံနိုင်တော့ရကား-

'လာဟေ့ ရှယ်လီ၊ တစ်ခွက်စီလောက်တော့ ကြိတ်မှပဲ'

မကြာမီ လီဇာနှင့် ရှယ်လီသည် အရက်ဆိုင်တစ်ဆိုင်ထဲတွင် ဘီယာမှာသောက်နေကြလေသည်။ လီဇာသည် ခုမှပဲ သက်သာရာ ရတော့ဘိသကဲ့သို့ သက်ပြင်းကလေးတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

'လီဇာ မင်းကို တစ်ခုပြောရဦးမယ်နော်။ အေးကွာ… မေ့နေလိုက်တာ'

ရှယ်လီ လေချဉ်ကလေး တစ်ချက်တက်လိုက်ကာ ရှက်သလို မျက်နှာနှင့် ပြောလေသည်။ လီဇာက နားစွင့်နေလိုက်သဖြင့် သူမသည် ဆက်ပြီး-

'ညကမှပဲ ဟယ်ရီက ထုတ်ပြောတယ် ဆရာ၊ တို့ ယူကြစို့လားတဲ့'

'နေ့ကိုတော့ ပြောပါ့လား'

လီဇာက ပြုံးရင်း မေးလေရာ သူမသည် ခေါင်းကလေးကို ဟန်ပါပါ ညိတ်လေသည်။

'တကယ်လားဟေ့ ရှယ်လီ'

လီဇာသည် ဝမ်းသာလို့ပဲလားတော့ မသိ၊ ဤသို့ အလန့်တကြား ထွက်သွားမိလေသည်။

'အို… ဘာလို့ ညာရမှာလဲ လီဇာ ဟဲ… ဟဲ…။ မင်းအရင် ငါက စွံပြီ ဆရာ'

လီဇာသည် ဘာကိုရယ်လို့တော့ မပြောတတ်၊ တွေးနေလေသည်။

'လီဇာ တွမ်ကို ယူလိုက်ပါလားကွယ်၊ သူ လူကောင်းတစ်ယောက်ပဲကွာ'

'အိုကွယ်... ရှယ်လီ၊ ဒါ မင်းအပူ မဟုတ်ပါဘူး။ ကိုယ်ကြိုက်မှ ဖြစ်တဲ့ကိစ္စပါ'

လီဇာက အံကလေး ကြိတ်ကာ ပြောနေလေသည်။

'အေး... မင်းကို တိုက်တွန်းတာ မဟုတ်ပါဘူး၊ လီဇာ စိတ်မဆိုးပါနဲ့'

'ဘာလို့ သူနဲ့ ပြောချင်ရတာလဲ'

လီဇာသည် ခပ်ငေးငေး နေရင်းက ရှယ်လီအား မကြည့်ဘဲ မေးလေသည်။

'ဩော်... မင်း မနေ့က သူနဲ့ လိုက်လာတယ်၊ သူနဲ့ တွဲတယ်၊ အဲဒီတော့...'

'အို... ဘာဆိုင်လဲ၊ သူ့ကို ဘယ်သူကမှ ခေါ်ပါလို့ မပြောပါဘူး၊ သူ့ဘာသာသူ ခေါ်လို့ လိုက်ရတာ'

'အေး... ဒီလိုပေါ့၊ ငါလည်း ဟယ်ရီက စခေါ်တာပဲ၊ ငါက စ မပြောပါဘူး'

လီဇာသည် ဘီယာတန်ခိုးကြောင့် အနည်းငယ် သွက်လက်သလို ရှိသွားကာ အလုပ်သို့ ပြန်တက်လေသည်။ ဒါပေမဲ့ ဘီယာအရှိန်သည် သူမ ခေါင်းထဲတွင် ဝင်မွှေနှောက်နေလေသည်။ မုတ်ဆိတ်မွေးညိုကြီးနဲ့ ဂျင်၊ သူ့သဏ္ဌာန်သည် သူမဘေးမှ ကပ်လိုက်ရင်း တောထဲမှာ လမ်းလျှောက်နေကြလေသည်။ သူသည် အသံဝါကြီးနှင့် သီချင်းဆိုနေလေသည်။ နောက်ပြောင်၍ တဟားဟား ရယ်နေလေသည်။ ပြီးတော့ အပြန်တွင် ရထားထဲ၌လည်း သူမကို သူ့ကိုယ်ကြီးနှင့် ထိထားပြီး လက်ကြမ်းကြီးတွေဖြင့် သူမ လက်ကလေးအား ဆုပ်ကိုင်ထားလေသည်။ နောက်ဆုံး အိမ်ရောက်ခါနီး သူ လိုက်လာကာ ဘာမပြောညာမပြော သူမက တားပါလျက်နှင့် အတင်းပါးစပ်ချင်းစုပ်သွားလေသည်။ အို... သူမသည် နောက်သို့ မှီလိုက်ပြီး နှုတ်ခမ်းကလေး ပြင်ထားလိုက်သည်တွင် တစ်ကိုယ်လုံး ကြက်သီးထသွားလေတော့သည်။

'ဘာဖြစ်လို့လဲ လီဇာ၊ ခုနက တုန်သွားတာ ဘာဖြစ်တာလဲ၊ အအေးမိလို့ မဟုတ်ပါဘူးနော်'

သူမအနားက အလုပ်သမားမကလေး တစ်ဦးက အံ့သြစွာ မေးလိုက်ရာ လီဇာသည် မျက်နှာမထားတတ်အောင် ရှက်သွားမိပြီး၊ ချွေးတွေတောင်မှ ချက်ချင်း ထွက်လာကြပြီး နဖူးမှ လည်းကောင်း၊ နားသယ်မှ လည်းကောင်း စီးကျလာတော့လေသည်။

'တောထဲမှာ အအေးမိလာတယ် ထင်တယ်။ ဟုတ်လား လီဇာ'

'လီဇာ့အဆက်လဲ ဒီမနက် တွေ့ပါတယ်၊ မျက်နှာကြီးကို ကျလို့'

သူမတို့သည် လီဇာ မူပျက်နေသည် တွေ့၍ နောက်ပြောင်ကြလေသည်တွင် လီဇာသည် မခံနိုင်တော့၍-

'ဘယ်သူ့ကို ပြောတာလဲ၊ ကိုယ့်အဆက်ဆိုတာ'

'အောင်မယ် တွမ်လေ၊ ဘယ်သူ ရှိသေးသလဲ။ သူနဲ့ မနေ့က မင်းအတော်ပျော်မှာပဲနော်'

'အို သူနဲ့ ဘာဆိုင်လို့လဲ၊ ဘာလုပ်လို့ ပျော်ရမှာလဲ'

'မညာနဲ့ဟေ့ လီဇာ'

လီဇာအား သူတို့ နောက်လျက်ရှိကြရင်း အလုပ်ဆင်း ခေါင်းလောင်းထိုးသဖြင့် အားလုံး ထပြန်ကြတော့လေသည်။ လီဇာသည် ရှယ်လီကို စောင့်ခေါ်ရင်း နှစ်ယောက်သား လူရှင်းသည့်နေရာမှ လျှောက်၍ ပြန်ကြလေသည်။ နောက် သူမတို့သည် ရုပ်ရှင်ပိုစတာ ကားကြီးတစ်ခုကို လူတွေကြားတွင် ဝင်ပြီး ကြည့်နေလေသည်။ ကားထဲတွင် လူသတ်မှု အခန်းတစ်ခန်းကို ကြော်ငြာထားလေသည်။ လူတစ်ယောက် သွေးတွေထဲမှာ လဲနေ၍ တစ်ယောက်က ကြက်သေသေပြီး ကြည့်နေပုံ ဖြစ်သည်။

'သူက သူ့ကို သတ်တာနဲ့ပဲ တူတယ်နော်'

ရှယ်လီက တုန်လှုပ်သည့်အသံနှင့် ပြောလေသည်။

'အို··· အရှင်းသားပဲကွယ့်'

လီဇာက ဟန်နှင့်ပန်နှင့် ပိုင်ပိုင်ကြီး ပြောလိုက်လေသည်။ ရှယ်လီသည် ဝမ်းသာသည့် အမူအရာကလေးနှင့် ရုတ်တရက် ခုန်ဆွ ခုန်ဆွ လုပ်လိုက်ပြီးလျှင်-

'အို… ဟယ်ရီကို အပြခိုင်းရဦးမယ်ဟော့၊ သူ ပြောထားတာကြာပြီ'

သူမတို့သည် ဆက်လျှောက်သွားကြပြီး ရှယ်လီ့အိမ်ရှေ့ ရောက်သောအခါ လီဇာသည် သူမအား ထားပစ်ခဲ့ကာ တစ်ယောက်တည်း ဆက်လျှောက်သွားလေသည်။ လမ်းတွင် လီဇာသည် ဂျင်တို့အိမ်ကို ဖြတ်၍ သွားရမည်ဖြစ်ရာ ရင်ဖိုတိုတို ဖြစ်မိသွားလေသည်။ ဒါပေမဲ့ ရှေ့ဆီမှ တွမ် လျှောက်လာသည်ကို တွေ့ရသဖြင့် သူမသည် ဘယ်လိုကြောင့်မသိ၊ ရုတ်တရက် နောက်ပြန်လှည့်၍ ရှောင်သွားမိလေသည်။ နောက်မှ မိမိကိုယ်မိမိ အဓိပ္ပာယ်မရှိသည်ကို တွေးမိ၍ ပြန်လှည့်လိုက်သောအခါ တွမ်ကို မတွေ့ရတော့ပေ။ လမ်းချိုးတစ်ခုတွင် သူ ပျောက်သွားပုံ ရလေသည်။ သူမသည် တွမ် တွေ့များ သွားလေမည်လားဟု စဉ်းစားရင်း လျှောက်လာရာ၊ ဂျင့်အိမ်ရှေ့သို့ ရောက်သောအခါ ဂျင်အား တံခါးပေါင်တွင် မှီ၍ ရပ်နေသည်ကို တွေ့ရလေသည်။ သူမသည် မမြင်ချင်ယောင်ဆောင်ကာ ခြေလှမ်းသွက်သွက်ကလေး လျှောက်သွားသော်လည်း သူ့အား လှည့်မကြည့်ဘဲ မနေနိုင်သဖြင့် လှည့်အကြည့်တွင် မျက်နှာချင်းဆိုင်မိသွားလေသည်။ ဂျင်သည် ပြုံးပြုံးကြီး သူမအား ကြည့်နေလျက် ရှိပေရာ-

'ဩော်… ရှင့်ကို မတွေ့လို့ ဂျင်'

သူမသည် သူ့အနားသို့ လျှောက်လာရင်း ပြောလေသည်။

'ဟုတ်လား၊ မညာပါနဲ့ လီဇာ၊ မင်း တွေ့ပါတယ်။ ဒါကြောင့် မင်းမော့အကြည့်ကို တမင်စောင့်နေပြီး မခေါ်ဘဲထားတာ။ ဟဲ… ဟဲ'

လီဇာသည် မခံချင် ဖြစ်သွားသော်လည်း မှန်နေသည့်အတွက် ဘယ်လိုမှ မချေပနိုင်ဘဲ ဖြစ်သွားလေသည်။

'စောစောက မင်း ရုပ်ရှင်ရုံနားမှာ ရုပ်ရှင်ကြည့်ချင်လိုက်တာလို့ ပြောတာတောင် ငါ ကြားသေးတယ်'

'ဟင်… ရှင် ကြားလား၊ ဟုတ်… ဟုတ်… တယ်'

'လိုက်ပြမယ်… ကြည့်မလား'

'ရှင် လိုက်ပြမယ်… ဟုတ်လား။ အို မဖြစ်နိုင်တာ ဂျင်၊ ရှင့်မိန်းမက မပြောဘူးလား'

'သူ ဘယ်သိနိုင်မလဲ'

'အို… လူတွေတော့ သိကုန်မှာပေါ့'

'ဘယ်ကွယ်… မသိအောင် ကြည့်မှာပေါ့၊ မသိရပါဘူး'

သူသည် မရိုးသားသောကြောင့်လားမသိ၊ တိုးတိုးကလေး ပြောလေရာ လီဇာတွင်လည်း ရင်ကလေး တလှုပ်လှုပ် ဖြစ်သွားလေသည်။

'ရုံရှေ့မှာ ချိန်းတာပေါ့၊ ကြည့်မဲ့နေ့ အဲ့ဒီရှေ့မှာ စောင့်နေပေါ့'

'ဟင့်အင်း၊ ရှင့်မှာ မိန်းမနဲ့၊ ရှင်နဲ့ ကြည့်လို့ မဖြစ်ဘူး'

'ဘာဖြစ်လဲကွ၊ မိန်းမနဲ့ကော ရုပ်ရှင်ကြည့်ရုံလောက်တောင် မကြည့်ရဘူးလား။ နောက်ပြီး ငါ့မိန်းမကလဲ ကလေးတွေ တစ်ပြုံကြီးနဲ့ အပြင်ထွက်ဖို့တောင် အချိန်ရမှာ မဟုတ်ဘူး'

'ကြည့်တော့ ကြည့်ချင်တယ်၊ ဒါပေမဲ့…'

လီဇာသည် ခပ်တွေတွေကလေး လုပ်ရင်း ပြောလေသည်။

'ကဲ… ရှည်မနေနဲ့၊ ဒီညနေ အကြောင်းပြန်၊ ဒါပဲ'

'ဒီညနေ အပြင်မထွက်ဘူး'

'ဒါဖြင့် ကြည့်ချင်တော့ ပြော၊ စောင့်နေမယ်'

'မစောင့်နဲ့… မကြည့်တော့ဘူး'

'ဟော့… လီဇာ မင်း မူမနေနဲ့၊ စနေနေ့ည နောက်ဆုံးပဲ။ မင်း မကြည့်ပေမဲ့ ငါတော့ ကြည့်ရလိမ့်မယ်။ ကြည့်ချင်ရင် ၆ နာရီခွဲ ရုံရှေ့ကိုလာ၊ ဒါပဲဟော့'

လီဇာသည် သူ ပြောပုံ စီးနင်းလွန်းအားကြီးသဖြင့် ဒေါသထွက်ကာ–

'မကြည့်ဘူး၊ လာလဲ မလာဘူး'

'ဟဲ… ဟဲ… ကြည့်ရသေးတာပေါ့'

သူသည် ဤသို့ပြောပြီး လှည့်ပြန်သွားရာ လီဇာသည် ဒေါသကလေးနှင့် အိမ်ထဲသို့ ဆောင့်ဝင်သွားလေတော့သည်။

လီဇာသည် သူ့မေမေ ကျောက်မီးသွေး အရောင်းသွားရာက ပြန်မလာသေးသဖြင့် အိမ်ထဲတွင် တစ်ယောက်တည်း ပျင်းနေလေသည်။ ဒါပေမဲ့ ဆာနေသဖြင့် သူမ တစ်ယောက်တည်း လက်ဖက်ရည်ပြင်ပြီး ပျင်းပျင်းနဲ့ပင် သောက်နေတုန်း အပေါ်ထပ်မှ ခြေသံတစ်ခုကြားပြီး မိန်းမကြီးတစ်ယောက် ဝင်လာကာ သူမအနားတွင် ဝင်ထိုင်လေသည်။

'ဟင် မစ္စက်စတင်လေ ခေါင်းမှာ ပတ်တီးကြီးနဲ့၊ ဘာဖြစ်လို့လဲ'

'ညကပေါ့ကွယ်၊ သူနဲ့ ဖြစ်ကြတာပေါ့'

မိန်းမကြီးသည် အတော် ရှက်နေလေသည်။

'အို... ဘာနဲ့ ရိုက်လိုက်လို့လဲရှင်'

'ရိုက်တာ မဟုတ်ပါဘူးကွယ်၊ တွန်းလိုက်တာ၊ အနားက ခွေးခြေနဲ့ ဆောင့်မိသွားလို့ပါ'

လီဇာသည် သူမ ပြောသလို ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု မှတ်ချက်ချလိုက်လေသည်။ တွန်းလိုက်ရုံနဲ့ ဒီလောက်ကွဲသွားမည် မဟုတ်ချေ။ ခွေးခြေနှင့် ရိုက်လိုက်တာ ဖြစ်ရပေမည်။ သူမသည် မိန်းမကြီးအား သနားသွားကာ စုတ်သပ်၍ ညည်းနေလေသည်တွင်-

'ဒီလိုပါကွယ်၊ သူနဲ့ စကားပြောရင်း သူက စိတ်တိုလာရောကွယ့်။ ဘယ်သူမှ လျှောက်မပြောနဲ့နော် လီဇာ၊ ငါကလဲ ငါပါပဲအေ၊ သူ စိတ်တိုမှန်း သိလျက်နဲ့ လျှာရှည်မိတာကိုး'

'မပြောပါဘူးရှင်၊ ဒါပေမဲ့ မစ္စတာစတင်လီဟာ ဒီလိုလုပ်လိမ့်မယ်လို့'

'အို သူက သူ့ဘာသာသူဆိုရင် တကယ့်သိုးကလေးလိုပါပဲကွယ်။ ဒါပေမဲ့ ညကတော့ နည်းနည်းသောက်လာလို့နဲ့ တူပါတယ်။ အေး အဲဒီအခါမှာတော့ စိတ်တိုတဲ့နေရာမှာ နှစ်ယောက်မရှိဘူး'

'ဒါပေမဲ့ရှင် ရတာမှ မကြာသေးဘူး၊ ဒီလောက် ရက်စက်ရသလား'

'အေးကွယ်... ဘာကြာသေးလို့လဲ၊ ဆယ်လလောက် ရှိဦးမယ်။ အရင်ယောက်ျားကြီးနဲ့တုန်းက ဒီလို တစ်ခါမှ မခံရဖူးဘူး။ အို...သွေးတွေမှ ထွက်လိုက်တာ လီဇာရယ်၊ ငါလေ သွေးတွေ တွေ့တော့လေ ဒေါသဖြစ်လာတာပဲကွယ့်။ ဒါနဲ့ ဟင် ကြည့်စမ်း၊ သွေးထွက်အောင်တောင် လုပ်တယ်ပေါ့လား။ နင့်ကို ဂတ်တိုင်မယ်ဆိုတော့ သူကလေ ကစ်တီရယ်... အသက်ရယ်တဲ့ မတိုင်ပါနဲ့ကွယ်တဲ့။ အနည်းဆုံး သုံးလလောက် ထောင်ထဲမှာ နေရမှာတဲ့။ ကဲ... ကြည့်စမ်း၊ ဒါပေမဲ့ ငါက ဒေါသဖြစ်တုန်းဆိုတော့ သုံးလမကလို့ တစ်သက်လုံးပဲ နေရနေရလို့ ပြန်ပြောလိုက်တော့လေ သူ့မှာလေ အို... ကုပ်ကျသွားတာပဲ'

'နောက် တိုင်ရောလား ဟင်၊ အခု သူ ထောင်ထဲမှာလား'

လီဇာက မေးလေသည်။

'အို မတိုင်ရက်ပါဘူးကွယ်၊ ပြောတယ်မဟုတ်လား သူ့ဘာသာဆိုရင် သိုးကလေးလိုပါပဲလို့ကွယ်။ နိပ်စက်တယ် လီဇာ၊ သူ အားကြီး နိပ်စက်တယ်။ ဒါနဲ့လဲ သူ့ကို ငါက မရက်စက်နိုင်ပါဘူး။ အရင်လူကြီးကတော့လား အို တကယ့်ကို သူတော်ကောင်းကြီး၊ ကိုယ်လုပ်သမျှ ငုံ့ခံတာချည်းပဲ'

လီဇာသည် အမယ်ကြီးအား အသနား လျော့သွားကာ စိတ်ထဲက ချဉ်သွားမိလေသည်။ ဒီအပေါ် သူမသည် စကားပြောင်းသွားပြီး အရင် ယောက်ျားကြီး၏ သည်းခံတတ်ပုံ၊ ကြင်နာပုံ၊ ကောင်းပုံတွေကို ပြောနေလေ သဖြင့် နားပင်ငြီးသွားလေသည်။ သူမက အရက်သောက်ပြီး ယောက်ျား ကြီးအား အနိုင်ကျင့်ပုံတွေပါ ပြောလေသည်။

မကြာမီ လီဇာ့အမေသည် ပြန်လာလေသည်တွင် လီဇာသည် ထပြီး ပြတင်းပေါက်နား၌ ထိုင်နေလိုက်လေသည်။ လီဇာ့အမေသည်လည်း သူမ ခေါင်းအကြောင်းကို မေး၍-

'သူ့ကိုယ်သူ ရှက်ဖို့ သိပ်ကောင်းတယ်၊ ယောက်ျားတွေဟာ ရက်စက် တယ် မစ္စက်စတင်လီ'

မစ္စက်ကင့်က မှတ်ချက်ချလေရာ-

'အို… မစ္စက်ကင့်ရယ် ရိုက်ပါ။ ယောက်ျားရိုက်တာပဲ မိန်းမက ခံနိုင်ရမပေါ့။ ဒါပေမဲ့ သူပြောတာတွေ ခံပြင်းလွန်းလို့ရှင်၊ ခံပြင်းလွန်းလို့။ ကျွန်မကို သူက ဖာမ၊ မြောရက်မထားမ၊ အပျော်ကြိုက်မ၊ လင်ငတ်မတဲ့။ အို ရှင် စုံသွားတာပဲ၊ သွားလေသူကြီးဂုဏ်ပါ ပျက်မသွားဘူးလား မစ္စက်ကင့် ရယ်။ ပြောရမှာတောင် ရှက်ပါတယ်ရှင်၊ သူတော်ကောင်းကြီး မသေခင် ကတည်းက သူနဲ့ ကြိုက်တာတွေကို သူကပဲ ပြောရသေးသတဲ့ရှင်'

'အို… ယောက်ျားတွေဟာ သူတို့အပြစ်တော့ မမြင်တတ်ဘူး၊ မိန်းမ တွေ အပြစ်တော့ အားကြီးမြင်တယ်။ ဒါပေမဲ့ အပြင်မှာ အေးတယ် မစ္စက် စတင်လီရယ်၊ ကိုယ်တွေ ကိုက်လာပြီ၊ အထဲ ဝင်လိုက်ဦးမှပဲ'

'ရှင့်မယ် ဒီအကိုက်အခဲက မသက်သာသေးဘူးလား'

'မပျောက်ပါဘူးရှင်၊ လီဇာလဲ ညတိုင်းပဲ လင်နမင် လိမ်းပေးရတာပဲ'

မစ္စက်ကင့်သည် ပြောပြောဆိုဆို အိမ်ထဲသို့ ဝင်သွားလေရာ မစ္စက်တောင်လီအား လီဇာကပင် စကားဆက်ပြောနေရလေသည်။ နောက်မကြာမီ သူမလည်း ပြန်သွားသဖြင့် လီဇာ တစ်ယောက်တည်း အပြင်သို့ ငေးကြည့်နေလေတော့သည်။ သူမသည် သာယာသော ညနေခင်းကလေးကို ကြည့်ပြီး အတွေးနယ်ချဲ့လို့ ကောင်းတုန်း ကောင်ကလေးတွေသည် ဘက်တံ၊ ဘောလုံးတို့ကို ကိုင်၍ သူမ အနားသို့ ရောက်လာကြရကား စိတ်ကူးပျက်သွားလေတော့သည်။

'လီဇာ လာပါ၊ ကစားရအောင်'

'ဒီနေ့ မကစားချင်ဘူးကွယ်၊ စိတ်မပါဘူး'

သူမက ပထမတော့ ခပ်အေးအေးပင် ပြောနေရာ ကောင်ကလေးတွေသည် အတင်းခေါ်နေကြသဖြင့် 'မကစားဘူး မကစားဘူး၊ သွားကြ' ဟု အော်ငေါက်ပစ်လိုက်လေသည်။

'ဟဲ … ဟဲ မမလီဇာ မနေ့က နည်းနည်းများလာတယ် ထင်တယ်'

ကောင်ကလေး တစ်ယောက်က စ ပြီး နောက်လိုက်သည်တွင်-

'ဟင်းနော်… ဆံပင်ဆွဲ အလိမ်ခံရမယ်'

'ကျွန်တော်သာ မမလီဇာ နေရာမှာဆိုရင် ကိုကိုတွမ်ကြီးက ဘယ်လောက်တိုက်တိုက် မသောက်ဘူး။ နောက် မသောက်နဲ့ဗျ၊ သောက်တာဟာ အစလုပ်မိရင် မရဘူး'

လီဇာသည် သူမ တစ်ယောက်တည်း တွေးနေမိလေသည်။ ဂျင်က ထမ်းလျှောက်ရအောင် စောင့်နေမည်လို့ ပြောထားသည် မဟုတ်ပါလော။ သူ လာခေါ်မလား၊ ဒါမှမဟုတ် စောင့်များနေမလား။ မှန်သည်၊ သူမသည် ဒီနေ့ညနေ ဘယ်မှမထွက်ဟု သူ့အား ပြောလိုက်သည်။ ဒါပေမဲ့ လုပ်မယ် ပြောထားပြီး မလုပ်ဘဲ နေလိုက်သည့်အရသာကို သူမ သဘောကျသလို တစ်ခါတလေ မလုပ်ဘူး ပြောထားပြီးမှလည်း လုပ်ချင် လုပ်လိုက်ရလျှင် ဘယ်လောက် အရသာတစ်မျိုးနေမလဲ။ ထို့ကြောင့် ဂျင်သာ လာရင် သူမ လိုက်ချင် လိုက်လျှောက်မည်ဟု တွက်ထားလေသည်။

'ဟော့… ဘီလ် ဟိုနားက ဂျင်ဆိုတဲ့လူကြီး တွေ့လားဟင်၊ ဘယ်ထွက်သွားတာလဲ'

လီဇာသည် ကစားနေသည့် ကောင်လေးတစ်ယောက်အား မေးလိုက်လေသည်။

'ဟိုဘက်ပိုင်း သူ့ကလေးတွေနဲ့ ထွက်သွားတာ တွေ့လိုက်တာပဲ'

မျှော်လင့်စရာ မရှိတော့။ သူမ ဒီညနေ လမ်းမထွက်ဘူးဆို၍ မစောင့်တော့ဘဲ သွားဟန်တူသည်။ ခါတိုင်းတော့ တွမ် လာတတ်သည်။ ဒီနေ့များ လာဦးမည်လားဟု လီဇာသည် တွမ်အား တမ်းတမိပြန်သည်။

'လီဇာ… လီဇာ'

သူမ မေမေသည် အခန်းထဲမှ အော်ခေါ်လိုက်ရာ သူမသည် ပြေးဝင်သွားရလေသည်။

'ဘယ်သွားနေလဲ၊ ဆေးလိမ်းခိုင်းဖို့ ခေါ်တာ နာရီဝက်လောက်ရှိပြီ'

'မကြားဘူး မေမေရဲ့'

'အေး… သေတောင် ညည်း မကြားဘဲ နေလိုက်ရမယ် သိလား'

လီဇာသည် ထပ်မပြောတော့ဘဲ ဆေးပုလင်းယူပြီး လိမ်းပေးနေလေသည်။ သူသည် ရှုံ့ကာမဲ့ကာ ဆေးလိမ်းခံနေရင်းက–

'ဖြည်းဖြည်းပွတ်ပါ လီဇာရယ်၊ အရေခွံတွေ ကွာကုန်ပါဦးမယ်'

လီဇာက လျှော့ပြီး ဖြည်းဖြည်းချင်း ပွတ်ပေးပြန်တော့လည်း–

'ညည်းတို့က တယ်သက်သာခိုချင်တာကိုး။ တို့ ငယ်ငယ်တုန်းက များ မိဘများအတွက်ဆိုရင် ဘယ်လောက် ပင်ပန်းခံတယ် မှတ်သလဲ။ ငါ့ ရောဂါကိုများ ဂရုစိုက်ပါဦးအေ'

သူမသည် ညည်းရင်း အိပ်ပျော်သွားလေတော့သည်။

(၇)

ဘာလိုလိုနှင့် နှစ်ရက်တည်းဟူသော အချိန်သည် လျှင်မြန်စွာ ကုန်ဆုံးခဲ့၍ သောကြာနေ့သို့ပင် ရောက်လာခဲ့လေတော့ရာ လီဇာသည် ခါတိုင်းကဲ့သို့ အလုပ်ခွင်သွားလျက် ရှိလေသည်။ ဒီနေ့တော့ သူမသည် လမ်းတွင် ရှယ်လီအား မတွေ့ပေ။ စက်ရုံသို့ ရောက်သည့်တိုင်အောင်ပင် ရှယ်လီအား မမြင်မိသေးရာ သူမအတွက် တစ်နေ့စာ လွတ်သွားမည်ကို ကြားထဲက စိုးရိမ်ပူပန်မိနေလေတော့သည်။ မကြာမီ လက်မှတ်ပေးသည့်ရုံ ပိတ်ခါနီးမှ ရှယ်လီသည် အူယားဖားယား ပေါ်လာပြီးလျှင်–

'အမယ်လေး တော်ပါသေးရဲ့၊ ပြေးလိုက်ရတာ မောသွားတာပဲ'

သူမသည် လက်မှတ်ပေါက်မှ လက်မှတ် လှမ်းယူရင်း လီဇာအား ပြောလိုက်လေသည့်အတွက်–

'မင်း လာတော့မယ်တောင် ငါ မထင်ဘူး'

'အေးကွယ်၊ ညက မိုးကြီးချုပ်မှ အိမ်ပြန်အိပ်ရတယ်'

'ဘယ်များ အပျော်ကြူးနေလို့လဲကွယ်'

'ဟယ်ရီနဲ့ ရုပ်ရှင်သွားကြည့်တယ်လေ၊ သိပ်ကောင်းတယ် လီဇာ၊ တစ်ခါမှ ကိုယ့်တစ်သက်မှာ ဒီလောက်ကောင်းတဲ့ကား မကြည့်ရသေးဘူး။ မင်း တစ်ခါတည်း အသည်းယားသွားမယ် ဆရာ။ အို… အသည်းယားစရာတွေ..'

နောက် သူမသည် ဇာတ်ကြောင်းကို ပြန်လေတော့သည်။ လူသတ်ခန်း၊ ချစ်ခန်း၊ ဓားခုတ်ခန်း၊ သေနတ်ပစ်ခန်းတွေပါမက စကားပြောကြပုံ

တွေပါ တစ်လုံးချင်း ပြောပြနေပေရာ လီဇာသည် ပျင်းရိ စိတ်ပျက်စရာ ကောင်းလျက် သည်းညည်းခံပြီး နားထောင်နေရလေသည်။

'ဒီလောက်လဲ မဟုတ်ပါဘူးကွယ်၊ မင်းက တစ်ခါမှ ရုပ်ရှင် မကြည့်ဘူးတာ မှတ်နေတာပဲ'

'အို... တကယ်ပဲ ဆရာ၊ ဒီလောက်ကောင်းတာတော့ တစ်ခါမှ မကြည့်ဖူးသေးဘူး။ တကယ့်ကို ငါ တစ် ပေးလိုက်မယ်။ မင်း မယုံရင် တွမ်ကိုခေါ်ပြီး သွားကြည့်ပါလား'

'မခေါ်ပါဘူးကွယ်၊ ကြည့်ချင် ငါတစ်ယောက်တည်း သွားကြည့်မှာပေါ့'

'ဟင်း...ကောင်မ ဒီက အကောင်းပြောတဲ့ဟာ။ ကိုယ်တော့ ဟယ်လီနဲ့ တစ်ယောက်ခါး တစ်ယောက်ဖက်လို့၊ သူ့လက်ကလေးကို ကိုင်ထားပြီး ကြောက်စရာ လန့်စရာ အခန်းကလေးတွေကျတော့ ညှစ်လိုက် ဆုပ်လိုက် ရတာ။ အို... ဘယ်လို ဖိမ်မျိုးလို့တောင် မပြောပြနိုင်ဘူး'

'ကောင်မက ဒါများ ဖိမ်တဲ့၊ ရှုပ်ပါတယ်၊ တို့တော့ တစ်ယောက်တည်းပဲ ကြိုက်တယ်'

'ကိုယ်တော့ ဟယ်ရီနဲ့ ပိုအရသာရှိတယ် ဆရာ။ ဘာဖြစ်လဲ၊ သူနဲ့ ကိုယ်နဲ့ နောက်သုံးပတ်လောက်ကြာရင် လက်ထပ်တော့မယ့်ဟာပဲ။ ဟယ်ရီက သူ အခု လိုင်စင်ရထားပြီးပြီတဲ့။ တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးကျောင်း သွားပြီး ကျမ်းကျိန်ကြရမယ်တဲ့။ အဲ့ဒီနေ့ကျ မင်းလည်း လိုက်ခဲ့ပါလားဟင် လီဇာ'

'အေး... လိုက်တာပေါ့'

အလုပ်မှ ပြန်ကြသောအခါ၌လည်း ရှယ်လီသည် ပိုစတာကားကြီးတွေရှေ့ ရောက်သည်တွင် ရပ်ကြည့်ပြီး လီဇာအား အကုန်ပြောပြပြန်လေသည်။ လီဇာသည် စိတ်တိုလာသည့်ပုံဖြင့် ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး-

'အေး... မင်းဘာသာမင်း တစ်ယောက်တည်း ပြောကျန်ရစ်။ ငါ တော့ မစောင့်ဘူး၊ သွားမယ်'

လီဇာသည် ပြောပြောဆိုဆို တကယ် ထပြန်သွားပေရာ ရှယ်လီမှာ ပြောရင်း ကြောင်တက်တက်နှင့် ကျန်ရစ်ခဲ့လေတော့သည်။

'လီဇာက တစ်ချက် တစ်ချက်လဲ ဒီလို ခွလုပ်တတ်တယ်ရှင်'

ရှယ်လီသည် နားထောင်နေသည့် အဖော်တစ်ယောက်အား ဤသို့ မှတ်ချက်ပေးရင်း ဆက်ပြောနေလေသည်။ လီဇာသည် ရုပ်ရှင်အကြောင်း တွေးရင်းပင် အိမ်ဘက်သို့ လျှောက်ပြန်လာရာ လမ်းတွင် "အို... မကြည့်ချင်ပါဘူး၊ ကြည့်ချင်ရင် ဂျင် ပြခိုင်းလိုက်ရုံပေါ့၊ မခက်ပါဘူး" ဤသို့ တွေးရင်း မေ့မေ့ပျောက်ပျောက်ပင် ကလေးတွေ ကစားနေသည်ကို ဝင်ပြီး နောက်လိုက် ဆော့လိုက်ဖြင့် လျှောက်လာလေသည်။

ဂျင်တို့အိမ်ရှေ့ ရောက်သောအခါ သူသည် အိမ်ရှေ့ ထွက်ထိုင်နေ သည်ကို အဝေးမှ တွေ့လေသည်။ ဒါပေမဲ့ မတွေ့ချင်ဟန်ဆောင်၍ သူ့ရှေ့မှ ဖြတ်လျှောက်လာရာ ဂျင်ကလည်း အမြင်ကတ်ကတ်နှင့် မခေါ်ဘဲ နေ လေသဖြင့် သူမသည် သူ တကယ်များ မမြင်လေရော့သလားဟု စိုးရိမ်နေ ဦးမှာပင်–

'လီဇာ'

သူမသည် အံ့အားသင့်သွားဟန်ဖြင့် လှည့်ကြည့်လိုက်ပြီး–

'သြော်... ရှင့်ကို မတွေ့လို့ပါနော်၊ စိတ်မရှိပါနဲ့'

'မင်း ဘာလို့ ဟန်ဆောင်ချင်ရတာလဲ လီဇာ။ မင်း ငါ့ကို ကြည့်လိုက်တာ တွေ့လိုက်ရဲ့သားနဲ့'

'အို ဘယ်က ဟုတ်ရမှာလဲရှင်၊ တကယ့်ကို မတွေ့လို့ပါ ပြောနေ'

'ကဲ... ထားပါတော့'

သူသည် ဘာလိုလိုနှင့် ညာတာပါတေးလုပ်၍ သူမ လက်ကို လှမ်း ဆွဲလိုက်လေသည်။ ဒါပေမဲ့ လီဇာက ရုပ်လိုက်ပြီး ဖြစ်နေလေသည်။ သူမ သည် ဒါကိုတော့ ကျင်လည်ပြီးသား ဖြစ်နေပေသည်။ ဂျင်သည် နောက် ထပ်လည်း မကြိုးစားဘဲ ဘာမှမဖြစ်သကဲ့သို့ အေးဆေးစွာ ဆက်ပြီး စကား ပြောနေလေသည်။ လီဇာသည် ရုပ်ရှင်အကြောင်း ပြောမည်လားဟု စောင့် နေပါသော်လည်း ဂျင်မှာ ၎င်းအကြောင်း ဟ တောင် မဟသဖြင့် အံ့သြ နေလေသည်။ မေ့သွားပြီလား ဟုပင် စိုးရိမ်သွားလေသည်။

'ရှယ်လီတို့ ညက ကြည့်ပြီးကြပြီ ဆိုပဲ'

'ဟုတ်လား'

သူက ဒါပဲပြောလေသည်။ လီဇာသည် မရိုးမရွဖြစ်သွားလေသည်။

'အင်း… သွားတော့မယ်'

'နေပါဦး လီဇာ၊ မင်းကို ပြောစရာတစ်ခု ရှိလို့'

'ဘာများ အထူးအထွေ ရှိသေးလို့လဲ'

သူမသည် ညှစ်ထုတ်လိုက်ခြင်း ဖြစ်လေသည်။ ရုပ်ရှင်အကြောင်း ပြောရန် လမ်းခင်းပေးလိုက်လေသည်။

'ဟင့်အင်း ဘာရှိမလဲ၊ ဘာမှတော့ မရှိပါဘူး'

သူက ပြုံးပြုံးကြီးနှင့် မထိတထိ ပြောလေရာ သူမသည် သည်းညည်း မခံနိုင်တော့၍ နှုတ်ခမ်းကလေး စူပြရင်း လှည့်ထွက်လာခဲ့လေတော့သည်။ ဒါပေမဲ့ လမ်းပေါ်မှာပင် သူမသည် နောင်တရစွာဖြင့် -

"အို… ငါ မိုက်တယ်… မိုက်တယ်၊ သူ မေ့ချင် မေ့နေမှာပေါ့၊ ဒီလိုဆိုရင် ငတ်တာပဲ ကောင်းတယ်"

ဤသို့ သူမကို အပြစ်တင်လိုက်လေသည်။

လီဇာသည် နောက်စနေနေ့ တစ်နေ့လုံး အလုပ်ခွင်မှာရော အိမ်မှာရော ဂျင်နှင့် ရုပ်ရှင်အကြောင်းသာ စွဲလမ်းနေလေသည်။ ရုပ်ရှင်သက်သက်သာ ကြည့်ချင်ရင် သူမ တစ်ယောက်တည်းပဲ သွားကြည့်ရင် ဖြစ်နိုင်လျက်သားနဲ့ ဘာဖြစ်လို့ ဒီလောက် စိတ်ပန်းနေရပါသလဲ။

သူမသည် ဂျင်အား တစ်ခါတလေ ဆွဲ၍ ထုချင် ရိုက်ချင်သလို ဖြစ်မိလာလေသည်။ ညနေ ခြောက်နာရီ ထိုးသောအခါ သူမသည် မနေတတ် မထိုင်တတ် ဖြစ်လာလေတော့သည်။

"ဂျင်ရယ် ဘာဖြစ်လို့များ ငါ့ကို ဒီလောက်နှိပ်စက်ရပါလိမ့်။ ဂျင်ဟာ အဲဒီလို မရိုးမရွအောင် လုပ်တဲ့နေရာမှာ နှစ်ယောက်ရှိမှ ရှိပါ့မလား။ တွမ်တို့များ ဘာမှ ဒီလိုအဆန်းကလေးတွေ မလုပ်တတ်ဘူး။ သူသာ ဒီလို လုပ်တတ်မယ်ဆိုရင် အို…ဒါတွေ မေ့ထားတာ ကောင်းပါတယ်။ ငါ့ဘာသာ ငါ သွားကြည့်မယ်။ ဘာပဲဖြစ်ဖြစ်"

သူမသည် အရူးလို ကမန်းကတန်း ထပြီး ပြင်ဆင်လေသည်။ အကောင်းဆုံး အဝတ်တွေကို ထုတ်ဝတ်လေသည်။ နောက်ပြီး ဂျင်များ အိမ်ရှေ့က စောင့်နေမလားဟု ခဏခဏ လှမ်းကြည့်မိသည်။ နောက် သူမသည်

သူမဘာသာ လိပ်ပြာမလုံဖြစ်ကာ အိမ်နီးပါးချင်းတွေ မမြင်စေလိုသဖြင့် နောက်ဖေးလမ်းမှ လှည့်ပြီး ရုပ်ရှင်ရုံရှေ့သို့ အရောက်သွားလေသည်။

'မင့်စောင့်နေတာ နာရီဝက်လောက် ရှိပြီ'

လီဇာက လှည့်ကြည့်လိုက်ရာ ဂျင်အား တွေ့ရလေသည်။ သူမ နောက်မှာ ရပ်လို့။

'ဘယ်သူ့ကို ပြောနေတာလဲ၊ ဂျင်နဲ့ ချိန်းထားလို့လား'

လီဇာသည် ကြိုတ်ခဲထားခဲ့သမျှကို တစ်ခါတည်းနှင့် အကျေနက်လိုက်လေရာ–

'ဒါဖြင့် မင်း ဘယ်သူနဲ့ ကြည့်မလို့လဲ'

'ဘယ်သူနဲ့ရမလဲ၊ တစ်ယောက်တည်းပေါ့'

'တယ်··· ဒီသောက်ကမ်းမလေးဟာ၊ ကဲ မင်းသဘော'

သူသည် ပြောပြီး တစ်ဖက်သို့ လှည့်သွားလေရာ လီဇာသည် ရှက်လည်း ရှက်၊ ဝမ်းလည်း နည်းသွားရကား သူမ မျက်နှာကလေးသည် ငိုတော့မလို ဖြစ်သွားပြီး–

'ရှင်က ဒီလောက်ရက်စက်မှ လီဇာ မကြည့်ဘူး၊ အိမ်ပဲ ပြန်တော့မယ်။ မနေ့ညနေ တွေ့တုန်းကတော့ ဘာမှလဲ မပြောဘဲနဲ့။ နောက်ပြီးလဲ ဘာကယ်ဆို စောင့်ခေါ်ပါလား'

'မင်းက မစောင့်နဲ့လို့ ပြောတာကို'

'မနေ့က ထပ်မေးပါဦးတော့'

'မင်းတို့လို သူငယ်မကလေးတွေက အဲဒီလို ထပ်ကာ ထပ်ကာ မေးဘဲ ထားနိုင်မှကွ'

'ဟင်··· ကြည့်စမ်း၊ ဒါကြောင့်ပေါ့လေ'

သူမသည် ဟင့်ဆိုပြီး ငိုချလိုက်ဖို့ နည်းနည်းသာ လိုသွားတော့လေသည်။

'လာပါ လီဇာ၊ မငိုပါနဲ့၊ ရှက်စရာကြီး'

သူသည် လီဇာ့ ခါးကို ဖက်ကာ သီးသန့်အတန်းပေါက်ဝသို့ ခေါ်သွားသောအခါ သူမသည် စီးဆင်းလာသော မျက်ရည်စ နှစ်စ သုံးစလောက်ကို လက်ကိုင်ပဝါကလေးနှင့် သုတ်ပစ်လိုက်ရလေသည်။ ဒါပေမဲ့ သူမ

သည် ဒီအရသာကလေးကိုပဲ ကျေနပ်စွာဖြင့် သူ ခေါ်ရာကို ကြည်ဖြူစွာ လိုက်ပါသွားချင်သည်။ နတ်ပြည်ပဲ ခေါ်ခေါ်၊ ငရဲပဲ ခေါ်ခေါ်။

ရုပ်ရှင်ရုံထဲတွင် လူတွေ ပြည့်နေသည်။ အပြင်အပေါက်ဝတုန်းကလည်း တိုးရသည်။ တစ်ဘစ်သတင်းစုံ အော်ရောင်းသည့် ကလေးတွေ အသံမှာ ညံနေပေသည်။ နောက်နာရီဝက်လောက် ကြာသောအခါ ရုပ်ရှင် စ လေတော့သည်။

ဟုတ်သည်။ ဇာတ်လမ်းသည် စကတည်းက စိတ်ဝင်စားဖွယ် ကောင်းသဖြင့် လီဇာသည် သူမ အဖော်ကိုပင် မေ့လောက်အောင် စိတ်ဝင်စား နေမိလေသည်။ နောက် အခန်းတစ်ခန်း ပြောင်းမှပင် သူမသည် ဂျင်အား လက်ကလေး လှမ်းပေးလိုက်ရင်း–

'သိပ်အိုက်တယ်နော်…'

သူသည် 'အေး ဟုတ်တယ်' ဟု ပြောကာ လက်မောင်းရင်းနား အထိ ဆုပ်ကိုင်ထားသဖြင့် သူမသည် နည်းနည်းရုန်းလိုက်၍–

'လွှတ်ပါ'

'ခဏလေးပဲကွယ် လီဇာ'

သူမသည် အားစိုက်၍ ရုန်းကြည့်သော်လည်း သူက အတင်းဆုပ်ထားလေသည်။ ဒီလိုနှင့်ပဲ လိုက်လျောနေရတော့မည်။ ထိတ်လန့်စရာ အခန်း တစ်ခန်းတွင် သူမသည် ယောင်ပြီး တအားအော်မိရာ ဘေးက လူတွေက လှည့်ကြည့်ကြပြီး 'အတော် ပျော်နေပုံရတယ်' ဟု မှတ်ချက် ချကြလေ သည်။ ဂျင်က ဒါကို အခွင့်ကောင်းယူ၍ သူ့အနားကပ်လာသော လီဇာ ကိုယ်ကလေးကို ပွတ်သပ်ကာ–

'မကြောက်ပါနဲ့ လီဇာ'

သူမသည် ရင်ဖိုစရာကောင်းသော သတ်ခန်း ပုတ်ခန်းတွေ ရောက် သောအခါ သူ့အနားကိုပဲ တိုးမိလေသည်။ 'သိပ်ယုတ္တိရှိတာပဲနော်' ဆိုပြီး သူ့ကို တိုး၍ မှီမိလေသည်။ သူကလည်း ဖက်ထားလေသည်။ နောက် သူ့လက်က လှုပ်ရှားလေရာ လီဇာသည် မသိဟန်ဆောင်နေလေသည်။ ထို အခါတွင် ရှယ်လီ ပြောသည့် ပြောမပြနိုင်လောက်အောင် အရသာရှိသော ဇိမ်တစ်မျိုးကို လက်တွေ့ ခံစားမိတော့သည်။

ဒီလိုနှင့် ပြီးသွားသည့်အထိ လီဇာသည် သူ့အား မိုလျက်နှင့်ပင် ရုပ်ရှင်ရုံ အပြင်သို့အရောက် မှီ၍ ထွက်လာမိလေသည်။ ဂျင်သည် သူ့နှုတ်ခမ်းတွေကို လျှာနှင့် သုတ်လိုက်ရင်း–

'ငါတော့ တစ်ခွက်လောက် ဝင်လုပ်ဦးမှ'

'လီဇာလဲ အာတွေ ခြောက်နေတယ်'

အရက်ဆိုင်ထဲသို့ ရောက်သောအခါ သူတို့သည် ဆာဆာဖြင့် ကြက်ဥနှင့် ဝက်အူချောင်း မှာစားလေသည်။ နောက် ဘီယာ နှစ်အိုးခန့် သောက်ကြလေသည်။ လီဇာလည်း အတော်ပဲ သောက်ရလေသည်။ ဂျင်သည် ဆေးတံကို ထုတ်ဖွာရင်း ပြန်ထွက်လာလေသည်။ သူတို့သည် ဝက်စမင်စတာ တံတားလမ်းဘက်မှ လှည့်ပြန်လာကြသည်တွင် နောက်ထပ် အရက်ဆိုင် တစ်ဆိုင်ရှေ့ ရောက်ကြပြန်ရာ ဂျင်က လီဇာ့ ခါးကို ဖက်လိုက်ပြီး–

'လာ လီဇာ၊ မပြန်ခင် တစ်ခါ ထပ်သောက်လိုက်ကြဦးစို့'

'မူးသွားလိမ့်မယ်၊ မသောက်ချင်တော့ဘူး'

'ကိစ္စမရှိပါဘူး လီဇာ၊ နက်ဖြန် နေ့အားပဲ။ ဒီည တစ်ညလုံး အိပ်နိုင်တယ် မဟုတ်လား'

သူသည် ခါးမှဖက်ပြီး အတင်းခေါ်လေရာ အရက်ဆိုင်ဝ ရောက်သောအခါတွင် လီဇာသည် နောက်သို့ ခြေကန်ထားရင်း–

'ဒီထဲမှာ လမ်းထဲကလူတွေ ရှိနေလိမ့်မယ် ဂျင်'

ဒါပေမဲ့ မရ။ သူသည် အတင်းဆွဲခေါ်သဖြင့် အထဲသို့ ရောက်သွားလေတော့သည်။ သူသည် ဘီယာနှစ်ပိုင့် မှာလေသည်။ လီဇာသည် ပိုင့်ဝက်ထက် မသောက်လိုသဖြင့် ငြင်းသည့်တိုင်အောင် သူက အတင်းတိုက်လေသည်။ လီဇာသည် အတော်ပဲ ထိသွားလေတော့သည်။ နောက် သူတို့သည် ဘီယာဆိုင်မှ ထွက်ခဲ့ပြီး အိမ်ဘက်သို့ပင် လျှောက်ပြန်ကြပြန်သည်။ လမ်းတွင် ဂျင်က သစ်ပင်တစ်ပင်အောက်ရှိ နှစ်ယောက် ထိုင်ခုံကလေးကို ညွှန်ပြပြီး–

'ခဏ ထိုင်ကြရအောင် လီဇာ'

'ဟင့်အင်း နောက်ကျနေလိမ့်မယ်၊ အိမ်ပဲ ပြန်ချင်ပြီ'

'မမိုက်စမ်းချင်ပါနဲ့ လီဇာ၊ ဒီလိုသာယာတဲ့ ညမျိုးမှာ အိပ်ရာထဲ ဝင်နေလို့ ဘာအကျိုးရှိမလဲ'

သူသည် လီဇာအား ပြောပြောဆိုဆို ဆောင့်ဆွဲလိုက်ပြီးလျှင် အတင်း ထိုင်ခိုင်းလိုက်ကာ ခါးကလေးကို ဖက်ထားလေသည်။ လီဇာသည် အနည်း ငယ် နာသွားဟန်ဖြင့် စုတ်တစ်ချက် သပ်လိုက်ပြီး မိုက်မဲစွာ ရယ်မိလေ သည်။ သူမသည် ရှန်းလည်း မရုန်းလှဘဲနှင့် နှုတ်ခမ်းစူကာသာ-

'ဘယ့်နဲ့ကောင်ကြီးပါလိမ့်၊ ဒီလိုပဲ အရမ်းလုပ်ရသလား'

ဂျင်သည် ရယ်လေသည်။ လီဇာသည် ဒီလိုပဲ သူ့အပွတ်အသပ်ကို ခံနေမိလေသည်။ သူမသည် တကယ်ဆိုတော့လည်း ရှန်းအား မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ဘီယာတန်ခိုးသည် တက်လျက်ရှိသောကြောင့် ဖြစ် ပေသည်။ ဒါပေမဲ့ သူ့လက်မောင်းကြီးတွေဖြင့် အတင်းရစ်ပတ်ထားသည့် အတွေ့၊ ရင်ချင်းကပ်ထားသည့် အငွေ့တို့ကိုတော့ ခပ်ရေးရေး သတိထားမိ လေသည်။ သူမသည် မူးသဖြင့် လည်းကောင်း၊ ဂျင်က တင်းကျပ်စွာ ဖက် ထားသဖြင့် လည်းကောင်း အသက်ရှူကျပ်သွားပြီး မနေတတ် မထိုင်တတ် ဖြစ်သွားလေသည်။ အင့်တင့်တင့်ကြီးဖြစ်ကာ အသက်ရှူလို့တောင် မရ တော့ရကား သူမသည် အတင်းလွန့်ကာ မျက်နှာကလေး မော့ထားလိုက် လေသည်။ ဒီတော့မှ ပိုဆိုးလာပေတော့သည်။ သူမသည် ဘယ်လိုဝေဒနာ လည်း မသိ၊ ခြေဖျားကလေးတွေတောင် တုန်တက်သွားလေသည်။ ဂျင်ရဲ့ မျက်နှာကြီးသည် သူမ မျက်နှာပေါ်တွင် မိုးပြီး သူ့ရဲ့ နှုတ်ခမ်းကြီးတွေ ဖြင့် သူမ ပါးစပ်ကို မျှိုခဲထားလေသည်။ သူမသည် မေ့သွားလုမတတ် ရင်တလှပ်လှပ် ဖြစ်သွားကာ အားနည်း အားလျော့စွာ ညည်းလိုက်တော့မှ သူသည် လွှတ်လိုက်လေသည်။

လီဇာသည် ထိုအတွေ့ကို ငိုလည်း ငိုချင်သည်၊ နောက် အော်ရယ် လိုက်ချင်သည်။ ဒါပေမဲ့ ညသည် တိတ်ဆိတ်နေသဖြင့် အော်မရယ်ရဲချေ။ မကြာမီ အနီးရှိ ဘုရားရှိခိုးကျောင်းမှ နာရီပြန် တစ်ချက်ထိုးသံ ကြားရသဖြင့် ခုန်ထလိုက်ပြီး-

'တစ်နာရီတောင်ရှိပြီ ဂျင်ရယ်၊ ပြန်ကြပါစို့'

'ဒီမှာ ဘယ်လောက်ကောင်းလဲ လီဇာ'

သူသည် လီဇာအား ပြန်ဖက်လိုက်ရင်း ဆက်၍-

'မင်းကို ငါ သိပ်ချစ်တယ် လီဇာ'

'ဟင့်အင်း ပြန်မယ်၊ လာပါ'

လီဇာသည် သူ့အား အတင်းဆွဲခေါ်ကာ နှစ်ယောက်သား ပြန်ကြလေသည်။ သူတို့သည် စကားမပြောကြဘဲ လျှောက်ကြလေသည်။ သူသည် သူမ ခါးကို ဖက်မထားချေ။

'ဂျင် ရှင် အောက်လမ်းကလေးက ဆင်းလျှောက်၊ လီဇာက ဒီအပေါ်ကပဲ လျှောက်မယ်။ ဝီရာလမ်းထဲ ရောက်ရင် လူတွေ မြင်ကုန်ကြလိမ့်မယ်'

'ကောင်းပြီ'

ဒါပေမဲ့ ခဏသာ ဂျင်က စည်းကမ်း သေဝပ်ပြီးနောက် မှောင်သည့်နေရာတစ်ခုသို့ ရောက်သောအခါ လီဇာ့ ဘေးနားသို့ ပြန်ရောက်လာလေသည်။ လီဇာက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းတစ်ချက် ကုတ်လေသည်။ ရှေ့က လူတစ်ယောက် ချက်ချင်း ပေါ်လာသောအခါ သူတို့သည် လက်တစ်လှမ်းလောက် ခွဲနေလိုက်ကြလေသည်။ ထိုသူက သူတို့အား လှည့်ကြည့် လှည့်ကြည့်နှင့် လုပ်သွားလေရာ လီဇာက-

'မြင်သွားပြီနဲ့ တူတယ်၊ ဝီရာလမ်းထဲကပဲ'

'အို… မြင်မြင်ကွာ'

လီဇာသည် ဝီရာလမ်းနားသို့ ဝင်ခါနီးသောအခါ လက်လှမ်းပေးလိုက်ပြီး ဂွတ်တနိုက်ဟု နှုတ်ဆက်လေသည်။ သူက နှုတ်မဆက်သေးဘဲ-

'နေဦး၊ ဟိုနားအထိ ငါ လိုက်ပို့ဦးမယ်'

သစ်ပင်ရိပ်တစ်ခုနားသို့ ရောက်သောအခါ သူမက တစ်ဖန် နှုတ်ဆက်ပြန်ရာ-

'ဂွတ်တနိုက် ဂျင်၊ သွားတော့လေ'

'မသွားနိုင်သေးဘူး'

သူသည် လီဇာ့လက်ကို အတင်းဖမ်းကိုင်လိုက်သည်။ လီဇာသည် ရုန်းလိုက်ပေတဲ့ မရချေ။ သူက အတင်းဆုပ်ထားလေသည်။

'လွှတ်ပါ၊ သွားမယ်'

သူမသည် ငိုသံပါကာ ပြောသည့်တိုင်အောင် သူသည် မလွှတ်ဘဲ

သူမ မျက်နှာကို စိုက်ကြည့်နေရာ သူမသည် လန့်သွားလေသည်။ သူမသည် ဒီလိုဖွတ်သမားနှင့် ထွက်လာမိသည်ကို နောင်တ ရသွားလေသည်။ သူမ သည် ဒေါသဖြင့် ဆုပ်ထားသော သူ့လက်ကို လက်သီးကလေးနှင့် ထုလေ သည်။

'လီဇာ'

'ဘာလဲ'

သူမသည် ထပ်ထုရင်း ပြောလေသည်။

'လီဇာ လာပါကွယ်'

'ဘယ်ကို လာရမှာလဲ'

'မင်း သိပါတယ် လီဇာရယ်၊ မငြင်းပါနဲ့၊ ခေါင်းညိတ်စမ်းပါ'

'ဟင့်အင်း… ဟင့်အင်း မလိုက်ချင်ဘူး'

သူမသည် တုန်တုန်ယင်ယင်နှင့် ပြောပြီး သူ့လက်ကို တအားထုနေ ကုတ်နေလေသည်။

'မင်း မလိုက်ဘူးလား'

သူ့အသံမှာ ကြမ်းတမ်း ခက်တရော်သဖြင့် လီဇာသည် လန့်သွားပြီး ငြိမ်ကျသွားလေသည်။ သူ့အား အသနားခံသည့်အသွင်ဖြင့် ပါးစပ်ကလေး မဟတဟနှင့် မော့ကြည့်ရှာသည်။ သူသည် လီဇာအား ဗိုက်ကို တစ်ချက် နာနာပုတ်လိုက်ပြီး–

'လာ… လိုက်ခဲ့၊ ကောင်မလေး'

သူတို့သည် အောက်လမ်းကလေးရှိ မှောင်ရိပ်ထဲ၌ ပျောက်ကွယ် သွားလေသည်။

## ( ၈ )

ရွှေကက်ကင့်သည် တနင်္ဂနွေနေ့ နံနက်များတွင် အိပ်ရာထ အမြဲနေမြင့်တတ်လေသည်။ သို့မဟုတ်ပါလျှင် လီဇာသည် ဘယ်နည်းနှင့်မှ ယခုကဲ့သို့ နေမြင့်သည်အထိ အိပ်ရာထဲတွင် နေနိုင်မည် မဟုတ်ချေ။ သူမသည် နီးလျှင်နီးချင်း မျက်လုံးများကို ပွတ်ပြီး ညက အဖြစ်အပျက်တို့ကို ပြန်လှန် တွေးကြည့်နေလေသည်။ ညက ပွဲကြည့်သည်၊ နောက် တသီတတန်းကြီး ပေါ်လာကြသည်။ သူမသည် ခြေပစ်လက်ပစ် လုပ်လိုက်ပြီးလျှင် ကျေနပ်စွာ တစ်ယောက်တည်းပြုံးမိသွားလေသည်။ သူမသည် အခု အချစ်နဲ့ ဖြစ်နေပြီ ဆိုသည့်အသိဖြင့် သူမ ဘဝသည် ပြည့်ပြည့်စုံစုံ ဖြစ်သွားပြီဟု ကျေနပ်လိုက်မိလေသည်။ ဂျင်၏ ပူနွေးသောအနမ်းများကို တွေးမိရင်း သူမ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ပြီး သူ့လည်ပင်းမှ သိုင်းဖက်လိုက်ကာ သူမရင်ဘတ်ဆီသို့ ဆွဲယူကြည့်လေသည်။ ဂျင်၏ မုတ်ဆိတ်မွေးကြီးတွေကို သတိရမိ၍ တစ်ကိုယ်လုံး ဖျဉ်းခနဲ ဖြစ်သွားခဲ့လေသည်။ နောက် သူမသည် ပြုံးပြုံးကလေး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။ လီဇာသည် ညဝတ်အင်္ကျီကို လိပ်တင်လိုက်ကာ သူမ၏ လက်မောင်းသားကလေးတွေကို ပြန်ကြည့်လေသည်။ ဖြူဖွေး၍ အကြောပြာကလေးတွေ ပေါ်နေလေသည်။ နောက် အိပ်ရာဘေးက မှန်ထဲသို့ စောင်းကြည့်လိုက်ပြန်သည်တွင်လည်း သူမ၏ မျက်နှာကလေးသည် အနည်းငယ် ချောင်ကျသွားသလို ထင်ရသည်မှအပ အသားအရေ ဖောင်းဖောင်းတင်းတင်းနှင့် ပါးအိုကလေးတွေ နီမြန်းနေသည်ကို တွေ့ရလေသည်။ မျက်လုံးများမှာလည်း ညက ဘာမှ မဖြစ်

သကဲ့သို့ မနေ့တုန်းကအတိုင်းပင် တောက်ပလျက် ရှိလေသည်။ သူမသည် ပြုံးမိသွားပြန်သည်။

ဒါပေမဲ့ သူမသည် ဖြီးဖို့လိမ်းဖို့ စိတ်မပါလှဘဲ ထိုင်ပြီးတော့ တွေးသာ နေချင်တော့သည်။ သူမသည် ဆံပင်ကို အထုံးကလေး လုပ်ရုံသာ လုပ်လိုက်ပြီး ဂါဝန်တစ်ခုကို ကောက်ဝတ်ကာ ပြတင်းပေါက်နား ကုလားထိုင် ယူထိုင်၍ အပြင်သို့ ငေးမျှော်ကြည့်နေမိလေသည်။ ပြီးတော့ တစ်ဖန် သူမ အခန်းထဲက အရာဝတ္ထုတွေကို ပြန်ကြည့်မိလေသည်။ ခုံတစ်ခုပေါ်တွင် ကတ္တီပါ အပျော့စားကလေးဖြင့် အုပ်ထားသော အရာများပေါ်သို့ မျက်လုံးများ ရောက်သွားလေသည်။ ထိုအရာများမှာ ဖယောင်းဖြင့် ပြုလုပ်ထားသော သစ်တော်သီး၊ ပန်းသီး၊ စပျစ်သီးပုံများ ဖြစ်လေရာ လီဇာသည် သစ်တော်သီး တစ်လုံးကို ကြည့်ရင်း သွားရည်ယိုသွားလေသည်။ သူမ အာခေါင်မှာ ခြောက်ကပ်နေလွန်းသဖြင့် တံတွေးကိုပင် မနည်းမျိုချရလေသည်။ နောက် အီဂျစ်ပြည်လုပ် ပန်းအိုးကြီးနှစ်လုံးပေါ်တွင် မနေ့က ထိုးထားသော ပန်းတွေမှာ အလန်းသားပင်ရှိလျက် နေသေးသည်။ ပန်းအိုးတွေ၏ နှုတ်ခမ်းတွင် "သူငယ်ချင်း တစ်ယောက်ရဲ့ လက်ဆောင်" ဟု စာတန်းထိုးထားလေသည်။ နောက် လီဇာ စုထားသော ကရား၊ ပန်းကန်၊ ဇွန်းအသေးစားလေးတွေလည်း ရှိလေသည်။ ဒါတွေလည်း အချို့သူငယ်ချင်းများထံမှ လက်ဆောင်များ ဖြစ်လေသည်။ အချို့ ကျိုး၍ပဲ့၍ ဆေးကွာ၍ပင် နေကြပေပြီဖြစ်ရာ လီဇာသည် နှမြောသလို ဝမ်းနည်းသလို ဖြစ်မိသွားလေသည်။ ဒါပေမဲ့ ဒီလောက် လက်ရာကောင်းသည့် ရှေးဟောင်း ပစ္စည်းတစ်ခုသည် ဒီလောက်အနုအဆာကလေးတွေကြောင့် တန်ဖိုးမဲ့လျော့နိုင်ဟု လီဇာက တွက်လေသည်။ နောက် သူမ မျက်လုံးများသည် နံရံတွင် ချိတ်ထားသော ဓာတ်ပုံများဆီသို့ ရောက်သွားပြန်လေသည်။ တစ်ခေတ်တုန်းက ခေတ်စားခဲ့သည့် အဝတ်အစားတွေဖြင့် ရိုက်ထားသော ယောက်ျား၊ မိန်းမပုံများ ဖြစ်ကြလေသည်။ မိန်းမများမှာ ရှက်ယို့ယို့ အမူအရာတွေနှင့် မရဲတရဲဖြစ်နေသလောက် ယောက်ျားတွေမှာ ရှုတင်းတင်းနှင့် ဖြစ်နေကြလေသည်။ လီဇာ့မေမေနှင့် ဖေဖေ တွဲရိုက်ထားသော ဓာတ်ပုံလည်း ရှိလေသည်။ နောက် စုံတွဲပုံတွေလည်း အများကြီးရှိကြသည်။ မိန်းမတွေက ကုလားထိုင်ပေါ် ထိုင်၍ ယောက်ျားတွေက နောက်

မှ မတ်တတ်ရပ်ကာ ကုလားထိုင်ကို ကိုင်ထားကြသည့် အနေအထားမျိုးချည်းပဲ ဖြစ်လေသည်။

အချို့နံရံများမှာတော့ လီဇာ ကပ်ထားသည့် ရုပ်ရှင်ကြော်ငြာ၊ အဝတ်အစား ဟန်ပြ မိန်းမပုံများဖြင့် ပြည့်ကျပ်နေပေသည်။ အိမ်ရှေ့ခန်းဘက်ခပ်ကျကျတွင် ဘုရင်မကြီးပုံ ချိတ်ထားလေသည်။ အဲဒီဘုရင်မကြီးမှာ လီဇာခဲတံနှင့် တပ်ထားသော နှုတ်ခမ်းမွေး ကျင်စွယ်ကြီးကြောင့် ဂုဏ်သိက္ခာလျော့လျက်ရှိရာလေသည်။ လီဇာသည် သူမဘာသာ ပြုံးမိသွားလေသည်။ အိမ်ထောင် ပရိဘောဂတို့မှာတော့ အတော်ကလေး ဟောင်းနွမ်းလျက် ရှိကြပြီ။ အံဆွဲနှင့် ဗီရိုတစ်ခု၊ လီဇာ ဖြီးလိမ်း ပြင်ဆင်သည့် ခြေတံရှည် စားပွဲကလေး၊ ကုလားထိုင် နှစ်လုံး၊ ဒါပဲဖြစ်လေသည်။ နောက် မီးအိမ်အို တစ်လုံး။ လီဇာသည် ဘာပဲဖြစ်ဖြစ် သူမပိုင်ပစ္စည်းတွေကို မကျေနပ် မဖြစ်မိချေ။

လီဇာသည် အချို့ပစ္စည်းတွေကို နေထားတကျဖြစ်အောင် ထလုပ်ပြီးသောအခါ မျက်နှာသစ် အဝတ်အစားလဲလေသည်။ နောက် ပေါင်မုန့်ထောပတ်သုတ်တစ်ခုနှင့် လက်ဖက်ရည်တစ်ခွက် သောက်ပြီး လမ်းမသို့ထွက်သွားလေတော့သည်။

မကြာမီ ဘတ်ရိုက်တန်း ကစားနေသော ကောင်ကလေး တစ်သိုက်နားသို့ ရောက်သွားလေသည်။

'ငါလည်း ပါမယ်ဟေ့'

လီဇာက ခပ်လှမ်းလှမ်းမှ အော်ပြောလိုက်ရာ ကောင်ကလေးတွေသည် အားရဝမ်းသာစွာနှင့် သူမအား ဖိတ်ခေါ်လေသည်။ ဒါပေမဲ့ သူတို့အထဲတွင် လူကြီးလုပ်သူ ကောင်ကလေးက သူမအား ခာတ်တိုင်တစ်ခုနားတွင် သွား၍ ဘောဖမ်းရန် ပြောလေရာ လီဇာက သူ့အား ဒေါသကလေးနှင့်-

'ဘာလို့ ဘောလုံးအရင်ဖမ်းရမှာလဲ၊ ငါ အရင်ရိုက်ရဦးမှာပေါ့'

'မင်းချည်းပဲ ရိုက်နေချင်လို့ ဘယ်ဖြစ်မလဲ'

အရင်ရိုက်ဖို့ အလှည့်ဦးထားသော ထိုကောင်ကလေးက ပြောလေသည်။

'ဒါဖြင့် မကစားဘူးလေ'

လီဇာကမူ ထွက်သွားလေရာ၊ အခြားကောင်ကလေးတွေက သူမ

ဘက်က လိုက်ပြီး ထောက်ခံကြလေရာ လီဇာသည် သူ့လက်ထဲက ရိုက်တံကို အတင်းလုလိုက်လေသည်။ ထိုကောင်ကလေးသည် စိတ်ဆိုးစွာဖြင့် ဘောလုံးယူပြီး ပစ်ဖို့ ခေါ်နေလေသည်။ သူက ပစ်ရမည်၊ လီဇာက ရိုက်ရမည်။

သူသည် အပစ်ကောင်းသူ ကလေးတစ်ယောက်ဖြစ်ရာ လီဇာသည် ထိအောင် မရိုက်နိုင်ဘဲ နောက်စောင့်၏ လက်ထဲသို့ ဘောလုံးရောက်သွားသည်တွင် သူမသည် ရိုက်တံကို လက်က မလွှတ်ဘဲ-

'ဟော့… ဒါ အစမ်းဟော့'

ဤသို့ ငြင်းလိုက်လေရာ ပွဲဆူသွားလေတော့သည်။ နောက် သူမသည် သူမ ဖမ်းအလှည့်တွင် မဖမ်းဘဲ ထွက်လာခဲ့လေသည်။ သူတို့သည် သူမအား ကစားဝိုင်းဖျက်ရမလားဟု ဒေါပွပြီး ကျန်ရစ်ခဲ့ကြလေသည်။ လီဇာသည် ဆက်လျှောက်လာရာ ခေါင်းငုံ့ပြီး လျှောက်လာသော တွမ်အား လမ်းတွင် တွေ့လေသည်။ ဒီနေ့သည် ကမ္ဘာလောကကြီး တစ်ခုလုံးအား ကျေနပ်နေသည့်အတွက် တွမ်အားလည်း ခါတိုင်းကဲ့သို့ မျက်မုန်းမကျိုးမိဘဲ ခေါ်ခေါ်ပြောပြော လုပ်ချင်စိတ် ပေါက်လာလေသည်။ ထို့ကြောင့် သူမကပင် တွမ်အား လှမ်းခေါ်လိုက်လေသည်။

'မင်း မတွေ့တာ အတော်ကြာပါပကောလား တွမ်၊ ဘယ်သွားပုန်းနေသလဲ'

'မပုန်းပါလား လီဇာ၊ ခါတိုင်းလိုပဲ ထွက်နေတာပဲ။ မင်းကသာ ငါ့မတွေ့တာ၊ ငါက အတွေ့နေသားပဲ'

'ဒါနဲ့တောင် မင်းက နှုတ်မဆက်ဘူးလား တွမ်ရယ်'

'မင်း မကြိုက်တာ ဘာလို့ ငါ ဖွတ်လုပ်ရမလဲကွယ်'

'အဓိပ္ပာယ်မရှိ အရှုးစကား မပြောပါနဲ့ တွမ်။ မကြိုက်ဘူးလို့ ဘယ်တုန်းကများ ပြောလို့လဲ'

လီဇာသည် အတော်ဟန်ဆောင်၊ အတော်မရိုးသားလေပြီ။ ကြည့်ပါ၊ သူမသည် နည်းနည်းကလေးမှ စိတ်မပါဘဲနှင့် တွမ်အား လိမ့်လုံးတွေ ထုတ်နေပေတော့သည်တကား။ သြော်… ဒီနေ့ သူမသည် စိတ်ကောင်း အတော်ဝင်နေပါသည်။ ထို့ကြောင့် တွမ်လို ဝေနေယျ သတ္တဝါတစ်ဦးအားလည်း

စိတ်ကောင်းထားလိုခြင်း ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ ညက သူမသည် အချစ်နဲ့ ဘာနဲ့ ပြည့်စုံခဲ့ပြီ ဖြစ်၍မို့လို့ လူ့အဆင့်အတန်း တက်လာပြီဟု သူမ သွေးနားထင် ရောက်ခဲ့သည်။ တွမ်လို ကောင်မလေးကို သူမ အခု ကစားအားနိုင်ပြီ။ ထို့ကြောင့် သနားဟန်ကလေးဖြင့် တွေတွေကလေး မှူပြီး ကြည့်လိုက်သည်။ အချစ်အရာမှာ နလပိန်းတုံးကလေး တွမ်အား အဲဒီအကြည့်ကလေးသည် အသည်းသို့တိုင်အောင် စူးသွားလေသည်။ ထို့ကြောင့် အာကိုနည်း ရှင်းလိုက်ရပြီး လေသံကပ်ကပ်ကလေးဖြင့်–

'ဒီလိုဆိုရင် ကျေးဇူးတင်ပါတယ် လီဇာ'

လီဇာသည် သူ့စကားမှ ဆုံးအောင် နားမထောင်ရမီ ဂျင်တို့အိမ်ဘက်သို့ မျက်လုံးများ ရောက်သွားလေသည်။ မိန်းကလေးတစ်ယောက် ဂျင့်မျက်နှာနှင့် ခပ်ဆင်ဆင် ထွက်နေသည်ကို တွေ့၍–

'တွမ်၊ ဟိုဟာ ဂျင်ရဲ့သမီးကလေး မဟုတ်လား'

'ဟုတ်တယ်၊ သူပဲ'

'ဒါဖြင့် သူနဲ့ ခဏ စကားသွားပြောလိုက်ဦးမယ်'

လီဇာသည် တွမ်အား ထားခဲ့၍ လမ်းကို ဖြတ်ကူးသွားလေသည်။

'ဂျင်ရဲ့သမီး ပေါ်လီဆိုတာ မဟုတ်လားဟင်'

လီဇာက အသိဖွဲ့လိုသဖြင့် သူမအနားကို သွားကာ မေးလေသည်။ သူမက ခေါင်းညိတ်လေသည်။

'ဂျင်နဲ့ တူတာနဲ့ ဂျင့်သမီးပဲထင်လို့ သက်သက် ဒီဘက်ကူးလာပြီး မေးတာပဲ'

သူမသည် လီဇာအား ကျေနပ်သံလို ပြုံးပြုံးကလေး လုပ်ပြီး–

'အမေကလဲ ပြောတာပဲ၊ ဒယ်ဒီနဲ့ ချွတ်စွပ်ပဲတဲ့။ ဒယ်ဒီကတော့ မေမေ့ကို ငါနဲ့တူတာ မင်း ကံကောင်းတယ်မှတ်၊ နို့မို့ရင် ပထမကလေး ဖြစ်လျက်သားနဲ့ မတူရင် မင်းကို အကွာပဲတဲ့'

လီဇာရော ပေါ်လီရော ပြိုင်တူ ရယ်ကြလေသည်။ လီဇာသည် ဂျင်၏ တစ်ဖက်သတ် မတရားသော အဘိဓမ္မာကို စဉ်းစားနေလေသည်။ ဂျင့်အား မုန်းလို့မရပေ။ သူမသည် ပေါ်လီလက်ထဲက ဇလုံကြီးကို ကြည့်ပြီး–

'အခု ဘယ်သွားမလို့လဲ ပေါ်လီ၊ သွားလေ'

'ဟုတ်ကဲ့၊ ဒယ်ဒီက ညက အောင်ပွဲတစ်ခု ရခဲ့လို့ ဒီကနေ့ တစ်အိမ်သားလုံး အိုင်စကရင် ကျွေးမလို့တဲ့။ ဒါကြောင့် ရေခဲသွားဝယ်မလို့'

လီဇာသည် သူ့အောင်ပွဲဆိုရင် သူမ အောင်ပွဲနှင့် အတူတူပဲဟု သဘောထားလိုက်ပြီး 'ဒါဖြင့် ကိုယ်လဲ လိုက်ဝယ်ပေးမယ်လေ'

နောက် သူမတို့သည် ဝက်စမင်စတာလမ်းဘက်သို့ အတူထွက်သွားကြလေသည်။ လီဇာသည် ညက သူမနှင့်ဂျင် ရွှေလည်တွဲခဲ့သည့် နေရာကို လှမ်းကြည့်ပြီး ကျေနပ်သွားလေသည်။ ရေခဲဆိုင် ရောက်သောအခါ ရေခဲခြောက်ပဲနိဖိုး ဝယ်ကာ ပေါ်လီက ပိုက်ဆံပေးခဲ့ပြီး နှစ်ယောက်သား ပြန်လာကြလေသည်။ အပြန်တွင် ပေါ်လီက စ ပြီး-

'ဟောဟိုမှာ ဒယ်ဒီ လိုက်လာတယ်'

လီဇာ ဒီလိုတွေ့ရတော့မည် ဆိုတော့လည်း ဘာကြောင့်မသိ၊ ရင်တဖျပ်ဖျပ် ခုန်လာပြီး အားတွေ ချက်ချင်း ယုတ်သွားလေသည်။ ဒါတွင်မက မျက်နှာကလေးမှာလည်း နှင်းဆီသွေးလို နီထွေးသွားပြီး သူ့အားမကြည့်ရဲသလို ခေါင်းကလေး ငုံ့ကာ-

'အမေ တစ်ယောက်တည်းရယ်၊ ပြန်ဦးမယ်နော် ပေါ်လီ'

ဤသို့ဆိုပြီး အိမ်အရောက် ပြေးခဲ့လေတော့သည်။ မစ္စက်ကင့်သည် မျက်နှာကြီးမှုန်ကာ သူမအား ကြည့်နေလေသည်။

'လီဇာ ညည်း ပြန်လာတယ်ဟင်'

'ဘာဖြစ်လို့လဲ မေမေ'

'ဘာဖြစ်လို့ ဟုတ်လား၊ ညည်းဘာသာညည်း ဖြစ်ချင်တာတွေ သွားဖြစ်ချည်ဦး။ နောက်မှ ငါ့အတွက် ဖြစ်တာပေါ့။ အမေအိုကြီးကို ဒီလိုပဲ ပြုစုရတယ်တဲ့။ တယ်တော်တဲ့ သမီး'

'အကိုက် ထ သလားဟင် မေမေ'

'သွား ညည်း စကားရှည်မနေနဲ့၊ ငါ့ဘာသာ ကိုက်လို့သေသေ၊ တစ်မနက်လုံး ကိုက်လိုက်တာလေ၊ တစ်ခါတည်း အရိုးတွေ ကွဲထွက်ကုန်တော့မလား အောက်မေ့ရတယ်။ အိပ်နေတုန်း သေသွားရင် အကောင်းသား'

'လီဇာ့အပြစ်ပါပဲ မေမေ၊ လီဇာ ခဏဆိုပြီး ထွက်သွားတာပါ။ မေမေနိုးလိမ့်ဦးမယ် မထင်မိဘူး'

'ညည်းဟာ အတော်အကြွင်နာကင်းတဲ့ သမီးပဲ။ ဒီလိုပဲ အမေအိုကြီး ထားသွားရသလား။ ညည်း မွေးတုန်းက ကံကောင်းလို့ မသေတယ်။ အခု ထက်ထိ ဒုက္ခပေးတုန်းပဲ။ ကျန်တဲ့ ကလေးခြောက်ယောက် မွေးရတာ ညည်း တစ်ယောက်လောက် မပင်ပန်းဘူး။ ဒါနဲ့လဲ အခု အိုတဲ့အထိ ဒုက္ခပေးတုန်း ပဲ။ ငါ့ကို ငတ်သေအောင် ညည်း နှိပ်စက်တယ်ပေါ့လေ'

သူမသည် ငိုလေတော့သည်။ နောက် ရှိုက်သံတွေကြားထဲတွင် သူမ အသံ ပျောက်သွားလေတော့သည်။

*

ညဦးတွင်ပဲ မစွက်ကင့်သည် အိပ်ရာထဲသို့ ဝင်လေသည်။ လီဇာသည် အတွေး နယ်ချဲ့ရင်း ပြတင်းပေါက်နားတွင် ထိုင်၍ ကျန်နေရစ်ခဲ့လေသည်။ သူမသည် နေ့က်တုန်းက ဂျင်အား ဘာဖြစ်လို့ ရှောင်ထွက်ခဲ့သည်ကို အဖြေရအောင် ရှာနေလေသည်။ နို့ပြီး သူ့တွေ့တော့ ရင်ထဲတွင် ဒိုင်းခနဲလိုလို ဖြစ်သွားကာ အလွန်တမင်း တုန်လှုပ်သွားလေသည်။ ဂျင်အား နှုတ်မဆက်လိုက်မိသည် ကို သူမသည် နောင်တရလျက် ရှိလေသည်။

ဂျင်အား ဒီနေ့တစ်နေ့လုံးလုံး မတွေ့ရသည်ကို တစ်ကမ္ဘာလောက် ထင်နေမိလေသည်။ တကယ်လို့ တွေ့ရင်လည်း သူမသည် ဘာပြောရမှန်း သိမည်မဟုတ်ချေ။ သူမသည် တွေ့ချင်တာ တစ်ခုသာ သိလေသည်။ လီဇာ သည် အခုအချိန်တွင် ဂျင် ဘယ်များ လည်နေလိမ့်မည်နည်းဟု တွေးလေ သည်။ သူမသည် ပြတင်းပေါက်နား သွား၍ ဂျင်တို့အိမ်ဘက်သို့ ခဏခဏ မျှော်ကြည့်လေသည်။ ဂျင်အား အရိပ်အယောင်တောင်မှ မတွေ့ရသဖြင့် ငမ်းနည်းသွားလေသည်။ နောက် သူမသည် ဒေါသနှင့် ပြတင်းပေါက်ကို ဆောင့်ပိတ်လိုက်လေသည်။ ဒါပေမဲ့ သူမသည် ပြတင်းပေါက်နားတွင်ပဲ ထိုင်မြဲ ထိုင်လျက် ဂျင်များ လာမည်လား၊ ဒါမှမဟုတ် သူမ သတိရသလို သူက သတိရမည် မဟုတ်ဘဲ ကလေးတွေနှင့် ပျော်နေမလား။ ဒီလိုတွေး ပြီး သူမသည် မျက်ရည်များဖြင့် မှုန်မှိုင်းသွားလေသည်။ မကြာမီဘဲ သူမ သည် တံခါးခေါက်သံလိုလို ကြားလိုက်ရ၍ နေရာမှ ခုန်ထလိုက်လေသည်။ သူမသည် ဆက်ပြီး နားစွင့်နေလေသည်။ ဟုတ်ပါသည်၊ တံခါးကို တစ်စုံ

တစ်ယောက် ဖြည်းညင်းစွာ ဆက်၍ ခေါက်နေပါသည်။ သူမသည် ပြေး ဖွင့်လိုက်ပြီး လေသံကလေးဖြင့် -

'ဂျင်...'

'လီဇာ ကိုယ်လေ... လာပါ'

သူမသည် တံခါးကို စေ့ထားရင်း ဂျင့်လက်မောင်းထဲသို့ ပြေးဝင်လိုက်လေသည်။ သူသည် လီဇာအား တင်းကျပ်စွာ ဖက်ထားရင်း သူ့ပါးပြင်ကြီးကို မွှေးခိုင်းလေသည်။ လီဇာသည် အားရပါးရ မွှေးလိုက်လေသည်။ နောက် သူသည် လီဇာအား ဖျော့ဖျော့ကလေး ဖြစ်သွားသည်အထိ ပါးစပ်ချင်း စုပ်လိုက်ပြီးလျှင် လက်မောင်းကလေးတွေကို ညှစ်နေလေသည်။

'ဒီည ရှင်လာမယ်ဆိုတာ သိထားနှင့်တယ်၊ ဝမ်းထဲက ပြောထားသလိုပဲ။ ဒါပေမဲ့ နောက်ကျပြီးနေတာ တစ်ခုပဲ'

'အစောကြီး လာမလို့ပဲ လီဇာ၊ လမ်းထဲက လူတွေ မြင်ကုန်မှာစိုးလို့'

ဂျင်သည် ဒီလိုပြောပြီး သူမအား နမ်းပြန်သည်။

'အပြင်လိုက်မလား လီဇာ'

'လိုက်တာပေါ့၊ ဂျင် သွားနှင့်လေ၊ လီဇာ နောက်ဖေးလမ်းက လိုက်လာမယ်'

ဂျင်သည် ထွက်သွားနှင့်လေသည်။ လီဇာက အိမ်ထဲသို့ ဦးထုပ်ပြန်ယူပြီး နောက်ဖေးလမ်းမှ သုတ်သုတ်ကလေး ထွက်သွားလေသည်။ သူမ ခြေလှမ်းမှာ မသင်္ကာစရာ ကောင်းလောက်အောင် မြန်ပေရာ ပတ်တရောင်ပုလိပ်တစ်ယောက်ကပင် သူမအား မျက်ခြည်မပြတ် လိုက်ကြည့်နေပေသေးသည်။ နောက် သူမသည် လမ်းမပေါ်သို့ ရောက်မှပဲ စိတ်အေးသွားလေတော့သည်။

လီဇာသည် ဟိုဟိုဒီဒီ ကြည့်၍ ဂျင်အား ရှာလေသည်။ သစ်ပင်တစ်ပင်အောက်မှ ဂျင်သည် သူမအား လေချွန်ခေါ်လေသည်။ သူမသည် အပြေးကလေး သွားလေသည်။

နောက် သစ်ပင်ရိပ်အောက်တွင် ဂျင်သည် သူမအား မွှေးလေသည်။

[၉]

သို့နှင့် လီဇာအဖို့ အချိန်တွေမှာ အချစ်နှင့်အပြုံးတို့ နပန်းလုံးရင်း ကုန်လွန်ခဲ့လေသည်။ အလုပ်မှ ပြန်လာသည်နှင့် တစ်ပြိုင်နက် လက်ဖက်ရည် ကမန်းကတန်း သောက်လေသည်။ နောက် အပြင်သို့ လစ်ခနဲ ထွက်သွားကာ တစ်နေရာမှနေ၍ ဂျင်အား အရိပ်အယောင်ပြပြီး ကိုယ်ကလေး တယမ်းယမ်းနှင့် ထွက်သွားလေသည်။ ဂျင်ကလည်း မကြာမီ လိုက်လာပြီး တစ်နေရာသို့ သွား၍ ချစ်တင်းဆိုကြသည်။ တစ်ခါတလေတော့ တခြားအပိုင်းတွေ ရောက်အောင် လက်တွဲ၍ လျှောက်သွားကြပြီး အေးအေးဆေးဆေးပင် လူမြင်ခံ၍ လင်မယားကဲ့သို့ နေကြလေသည်။ သူတို့အတွဲအား အထူးအဆန်း ကြည့်ကြသည်ကိုပင် သူတို့သည် ကျေနပ်ကြလေသည်။ ကလေးတွေ ကစားကြသည်ကို တစ်ညနေလုံး ထိုင်ကြည့်သည့်အခါ ကြည့်သည်။

တစ်နေ့ လီဇာသည် လုံးဝ အစိုးရိမ်ကင်းစွာဖြင့် ဂျင်နှင့် လက်တွဲပြီး လမ်းလျှောက်လျက်ရှိစဉ် ဝီရာလမ်းသား နှစ်ယောက်နှင့် ပက်ပင်းပါ တိုးလေသဖြင့် လီဇာသည် ဂျင့်လက်မောင်းကို ရုတ်တရက် လွှတ်လိုက်ကာ မျက်နှာလွှဲထားလိုက်ရလေသည်။ သူတို့သည် လီဇာအား နောက်ပြန်၍ သေသေချာချာ ကြည့်သွားကြလေသည်။ ဂျင်က သူတို့အား အမြင်ကတ်ကတ်နှင့် လီဇာ၏ စူထွက်နေသော တင်သားကလေးတွေကို တမင် သူ့လက်ကြီးနှင့် ဆုပ်ကာ လှုပ်လိုက်လေသဖြင့် လီဇာက အထိတ်တလန့် သူ့လက်အား ဖယ်ချလိုက်ရင်း–

'အို… ဂျင်ကလဲကွယ်၊ ဟိုကောင်တွေ ဝီရာလမ်းထဲက ကောင်တွေနဲ့ တူတယ်။ ခက်လိုက်တာ ဂျင်ရယ်၊ မြင်သွားကြပြီနဲ့ တူပါတယ်'

လီဇာက လှည့်လိုက်မှပင် သူတို့က လှည့်အကြည့်နှင့် ထပ်တိုးမိပြန်လေသည်။ သူမက အနည်းငယ် စိတ်ညစ်သွားသည့်တိုင်အောင် ဂျင်ကတော့ လုံးလုံးဂရုစိုက်ပုံ မပေါ်ချေ။

အဲဒီတစ်ခါထက်ဆိုးသော အဖြစ်တစ်ခုနှင့် ထပ်ကြုံပြန်လေသည်။ ထိုနေရာတစ်ဝိုက်မှာပင် လီဇာသည် မြစ်ဘက်သို့ ငေးနေလျက်ရှိစဉ် ဂျင်က သူမအား ခါးမှသိုင်း၍ ဖက်ထားလေသည်။ သူတို့သည် ခြေသံနှင့် ချောင်းဟန့်သံ ကြား၍ ဝီရာလမ်းထဲက လူလေးယောက်လောက်နှင့် မျက်နှာချင်းဆုံသွားလေတော့သည်။ သူမအား လူတစ်ယောက်က ပြုံး၍-

'ဘာလုပ်နေကြလဲ ဟင် လီဇာ'

ဤသို့ နှုတ်ဆက်လေသည်။ လီဇာသည် ပထမ ဘယ်လိုဖြေရမှန်း မသိအောင် ဖြစ်သွားပြီးမှ မနည်းဟန်လုပ်၍-

'ဩော် ကျွန်မလား၊ အင်း ဟိုဘက်ဆေးရုံကို သူငယ်ချင်းမ တစ်ယောက် နေမကောင်းတာ သွားကြည့်မလို့။ အဲ… အဲဒီတုန်းမှာ အဖော်လိုတာပေါ့၊ ဟုတ်တယ်မဟုတ်လား။ ဒါနဲ့ သူကလဲ (ဂျင်ကို လက်ညှိုးထိုးပြ၍) အဲဒီဘက် သွားမယ်ဆိုတာနဲ့ လိုက်လာတာပဲ။ အခု မြစ်က သာယာတာနဲ့ ခဏ…'

သူမသည် ခပ်သွက်သွက်ကလေး လိမ်လိုက်ရာ သူတို့သည် တစ်ယောက်နှင့် တစ်ယောက် ကြည့်၍ ပြုံးကြပြီး တစ်ယောက်က-

'ဩော်… ဟုတ်တယ်… ဟုတ်တယ်၊ ဒီနေရာကလေးက သာယာပါဘိသနဲ့၊ သိပ်ဖိမ်ရှိမှာပေါ့နော်'

ဤသို့ပြောလိုက်ရာ သူမသည် ထိုစကားအတွက် လုံးလုံး မခံချင်သည့် မျက်နှာထား တစ်မျိုးကလေးနှင့်-

'ဘာလဲရှင်၊ ရှင့်စကားက မရှင်းမလင်းနဲ့၊ သက်သက်ဖိမ်ခံဖို့ လာတာ မဟုတ်ပါဘူးလို့ ပြောတယ်မဟုတ်လား၊ ဆေးရုံသွားမလို့ပါလို့'

သူမသည် အိုးမလုံ အုံပွင့်လိုက်ရင်း 'ရှင်တို့ မယုံ ဘာအရေးလဲ' ဟု နောက်ထပ် ပက်လိုက်ပြန်ကာ 'လာ ဂျင် သွားမယ်၊ ဒီအကောင်တွေနဲ့ ဖက်ပြောရင် ဘောက်ဖြစ်ကုန်လိမ့်မယ်' ဟု ပြောပြီး ဂျင်အား ဆွဲခေါ်သွားလေသည်။ ဒါပေမဲ့ သူတို့သည် ဘယ်ရယ်လို့ အတိအကျ စိတ်ကူးထားပြီး

မရှိ၍ ခြေဦးတည့်ရာသာ သွားခဲ့ပြန်လေရာ လန်ဒန်နှင့် ဝေးသထက် ဝေးသွားတော့လေသည်။ နောက် သူတို့သည် ပန်းခြံတစ်ခုထဲသို့ ဝင်သွားကြလေသည်။ သူတို့သည် မြက်ခင်းပေါ်မှာ လဲလျောင်းပြီး တစ်ယောက်ကိုတစ်ယောက် ဖက်၍ ကြည်နူးသမှု လွတ်လပ်စွာ ပြုကြလေသည်။ ဒီလိုပဲ သူတို့သည် လွတ်လပ်မည်ထင်သည့် နေရာများသို့ ညနေတိုင်း ပြောင်းပြောင်းပြီး သွားကြလေသည်။ တစ်ခါတစ်ရံ တံတားပေါ်တွင် တစ်ညနေလုံး ထိုင်နေသည်။ တစ်ခါတစ်ရံ လှေကလေး တစ်စင်းနှင့် မြစ်ကိုကူးပြီး တစ်ခါမှ မရောက်ဖူးသေးသည့် ပန်းခြံအသစ်တစ်ခုထဲသို့ သွားကြလေသည်။ ကြယ်ကလေးတွေကို ကြည့်ရင်း ဂျင်၏ ရင်ခွင်ကို မှီကာ သီချင်းကလေးကို ညည်းလေသည်။ ဂျင်အား ဆာလောင်သော မျက်လုံးများနှင့် မော့ကြည့်လိုက်သည့်အခါတိုင်းလိုလို ဂျင်က အလိုက်သိစွာ မွေးလေသည်။ တစ်ခါတစ်ရံ မိုးသည် မမျှော်လင့်ဘဲ ရွာချတတ်လေရာ ဂျင်သည် သူမအား သူ့အင်္ကျီထဲ သွင်း၍ ကိုယ်ကြီးနှင့် မိုးပေးထားလေသည်။ သူမသည် ချမ်းသဖြင့် သူ့ရင်နှင့် အတင်းအပ်ထားပြီး တင်းကျပ်စွာ ဖက်ထားလေသည်။ ဒီကြားထဲကပင် မေးရိုက်သံကလေးနှင့် ရယ်လေသည်။ အအေးကိုလည်း အအေး မထင်နိုင်တော့ပေ။ နောက် ပါးချင်းအပ်ထားကာ စကားမပြောဘဲ တစ်ယောက်၏ အသက်ရှူသည့် အငွေ့နွေးနွေးကလေးတွေကို ခံရင်း ကြည်နူးနေကြလေသည်။ တစ်ခါတစ်ခါ လှုပ်ရှားသည်ဆိုလျှင် လီဇာက မော့ပေး၍ ဂျင်က ကုန်းနမ်းခြင်းများသာ ဖြစ်ကြလေသည်။ ဒီလိုနှင့် ဘစ်ဘင်နာရီစင်ကြီးမှ ဆယ့်နှစ်နာရီတိတိ ထိုးမှ သူတို့သည် လူးလွန့်ထကြလေသည်။ ဂျင်သည် မခွဲလိုသေးသဖြင့် လီဇာအား တွယ်ထားပြီး အံကြိီးခဲကာ ကြည့်တတ်လေသည်။ နောက် လီဇာကိုယ်ကလေးကို ကြမ်းတမ်းစွာ ညှစ်လေသည်။ လီဇာသည် မဲ့၍ ပြုံးကာ အလိုလိုက်ရပေသည်။

'ကောင်မလေး နင့်ကို ငါ အမြဲညှစ်ထားချင်တယ်။ ဒီတော့ ငါနဲ့ လာနေတော့မလား။ ငါ စရိတ်ထောက်ထားမယ်လေ'

'အမယ် ဒီလောက် မသဲချင်နဲ့ ဓားပြကြီးရဲ့၊ ခုလည်း ရှင် ခြယ်လှယ်ချင်တိုင်း…'

သူမသည် ဒီလိုအခွဲကလေးနှင့် အတော်ပဲ ချော့ရလေသည်။

လီဇာသည် မည်မျှပင် သူတို့ကိစ္စကို လုံအောင် ကြိုးစားပါသော်လည်း ဝီရာလမ်းထဲက မိန်းမတွေ အချိုးပြောင်းလာသည်ကို ကောင်းစွာ သတိထားမိလေသည်။ သူမတို့သည် လီဇာအား ရှောင်ဖယ်ဖယ် နေတတ်လာကြပြီး သူမအကြောင်း တီးတိုးပြောကြပုံရကာ သူမ အဝေးမှ လျှောက်လာသည့်အခါတိုင်း သရော်သလိုလို၊ လှောင်သလိုလို ရယ်မောသံများ ထွက်ပေါ်လာတတ်လေသည်။ နောက် သူမ အနားရောက်လာလျှင် ရုတ်တရက် ရပ်ပစ်လိုက်ကြကာ ပြုံးစိစိ မျက်နှာပေးများ လုပ်ထားကြလေသည်။ သူမသည် ပထမ လျစ်လျူရှုနိုင်ပါသော်လည်း သိပ်သိသာလာသောအခါ ဂျင်အား ပြောမိရာ ဂျင်က နည်းနည်းကလေးမှ ဂရုစိုက်သည့် အမူအရာ မပြဘဲ အေးစက်လျက် ရှိလေသည်။ တစ်နေ့ သူမသည် ဂျင့်သမီး ပေါ်လီနှင့် စကားပြောနေစဉ် ဂျင့်မိန်းမကြီးသည် သူမ သမီးအား အော်ခေါ်လိုက်လေသည်။ နောက် ပေါ်လီအား သူမသည် ကြိမ်းမောင်း၍ တစ်ခုခုပြောရာ ပေါ်လီပါ သူမအား စိတ်ဆိုးသည့် မျက်နှာပေးနှင့် လှမ်းကြည့်လေသည်။ လီဇာသည် မိန်းမကြီး၏ ကြောက်စရာ့ မျက်နှာပေးကိုလည်း ဂရုပြုမိလိုက်လေသည်။ ဒါပေမဲ့ လီဇာသည် အရဲစွန့်ပြီး ပေါ်လီကို အကျိုးအကြောင်းမေးရန် သွားမည်ပြုပြီးမှ မိန်းမကြီး၏ မျက်နှာပေးကို ကြောက်သဖြင့် မသွားဖြစ်ဘဲ နေလိုက်ရလေသည်။ လီဇာသည် ဒီအကျိုးအကြောင်းကို ဂျင်အား ပြောပြလေရာ ဂျင်သည် ကြောက်စရာကောင်းသော မျက်လုံးကြီးဖြင့် –

'ဟုတ်လား၊ ဒီပြိတ္တာမကြီး ··· တယ် ငါ ကိုင်ပေါက်မိပါလိမ့်မယ်'

'အို ဒီလို ဘာမှ သွားမလုပ်ပါနဲ့နော် ဂျင်၊ လီဇာ သည်းညည်းခံနိုင်ပါတယ်'

'ဒါပေမဲ့ သတိတော့ ပေးထားလိုက်ရဦးမယ်'

သူသည် ဤသို့ပြောပြီး မျက်နှာကြီး မှုန်ထားလေသည်။ နောက် သူသည် သူ့မိန်းမ အခုတလော တစ်မျိုးဖြစ်နေကြောင်း၊ သူ့အား စကားမပြောဘဲနေကြောင်း၊ သူ မေးသည်တို့ကိုပင် အသေကြီးလို မျက်နှာကြီး ရှစ်ခေါက်ချိုးနှင့် ပြန်မဖြေဘဲနေကြောင်းတို့ကို ပြောပြလေသည်။ ဒါနဲ့ သူက တစ်ညနေ အလုပ်က ပြန်အလာ စိတ်တိုတိုနှင့် –

'ဟော့… မေးနေတာကလေးလောက်မှ ပြန်မဖြေနိုင်ဘူးလား ဟင်၊ ဝက်မ'

ဒီလိုပြောတော့မှ သူမသည် ကြောက်ကြောက်နှင့်-

'ဘာလဲ'

ဒီလောက်သာ ဖြေလေသည်။ သူသည် ထိုအကြောင်းကို လီဇာအား ပြောပြလေရာ လီဇာသည် မိမိတို့အကြောင်း လူတွေသိကုန်ပြီဟု စိုးရိမ်မိသွားတော့သည်။

အဲဒီနေ့ကစပြီး ပေါလီသည် လီဇာအား သိသိသာသာ ရှောင်တော့လေသည်။

'ဘာဖြစ်လို့လဲ ပေါလီ၊ အခု ဘာလို့ ငါ့ကို စကားမပြောဘဲ နေရသလဲကွယ်'

'အို… စကားပြောစရာမှ မရှိဘဲ'

သူမသည် ဒါလောက်ပဲ ပြောပြီး လီဇာ့အနားက ထွက်သွားလေသည်။

လီဇာသည် မျက်နှာကလေး နီမြန်းလာသည်အထိ ရှက်သွားလေသည်။ နောက် သူမသည် ဘေးလူတွေများ တွေ့သွားမည်လားဟု စိုးရိမ်ပြီး လှည့်အကြည့်လိုက်တွင် လူရွယ်ကလေး နှစ်ယောက် ခြေတို့လက်တို့နှင့် သူမအကြောင်း ပြောနေသည်ကို တွေ့ရလေသည်။ ဒါတွင်မက သူတို့သည် လီဇာအနား ရောက်လာ၍-

'လီဇာ အခုတလော ပိန်သွားပါလား'

ဟုတ်သည်၊ လီဇာသည် သူမကိုယ်သူမ အတော်ကျသွားကြောင်း မနက်တိုင်း ဂရုပြုမိလေသည်။

'သိပ်လုပ်ရလွန်းလို့ ပင်ပန်းတယ် ထင်ပါရဲ့'

တစ်ယောက်က မှတ်ချက်ချလေသည်။

'အိမ်ထောင်သည်ဘဝနဲ့ မတည့်ဘူး ထင်ပါရဲ့'

ပထမ လူကပင် လှောင်သလို ပြောလေရာ လီဇာသည် နှုတ်ခမ်းကို ကိုက်ကာ မျက်လုံးများ ပြူးပြလိုက်လေသည်။ သူမကိုယ်ကလေးမှာလည်း ဒေါသနှင့် တုန်သွားလေသည်။

'ဘာစကားပြောတာလဲဟင်၊ လီဇာ ဘယ်တုန်းက လင်ရလို့လဲ'

'ဒီလိုပဲ လီဇာ၊ လင့်အလိုဖြည့်ရတာ မောတယ် ပန်းတယ်မရှိဘူး နော်... ဟုတ်လား'

'ကြည့်စမ်း၊ လီဇာကို မဟုတ်တာ မပြောနဲ့၊ လီဇာမှာ လင်မရှိဘူး'

'ဩော်... အပျိုစင် ခြောက်ပစ်ကင်းကလေးပေါ့'

သူတို့သည် ဤသို့ပြောပြီး ရယ်ကြလေသည်။ လီဇာသည် မျက်ရည်လည်နေလေသည်။ သူမမှာ အပြစ်ရှိသတဲ့၊ ဟုတ်လား။ လီဇာမှာ ဘာအပြစ်ရှိသလဲ။

'လီဇာ မင်း သတိထားနော်၊ တော်တော်ကြာ မင်းဒုက္ခဖြစ်တာ တို့မကြားပါရစေနဲ့'

သူမအား သနားသွားသည့် ကောင်တစ်ကောင်က တကယ်လိုလို၊ လှောင်သလိုလိုနှင့် လေးနက်စွာ သတိပေးလေသည်။ လီဇာသည် သူ့အား အသနားခံသည့် မျက်လုံးများဖြင့် ကြည့်လေသည်။

'ဟုတ်ပါတယ်ကွ၊ လီဇာက သိပ်ဆိုရှယ်ဖြစ်တာပါနော်၊ လီဇာက တစ်ခါတလေ တို့နဲ့လည်း တွဲပါဦးကွယ်'

တစ်ယောက်က မလိုတမာ ပြောလိုက်ပြန်ရာ လီဇာသည် ထိုသူအား မျက်စောင်းလှမ်းထိုးလိုက်ပြီး အိမ်သို့ လှည့်ပြန်ခဲ့လေသည်။

နောက်ထပ် ထူးထူးခြားခြားဟူ၍ ရှယ်လီ မင်္ဂလာဆောင် တစ်ခုပဲ လီဇာ တွေ့ရလေသည်။ ထိုနေ့မှာ စနေနေ့ ဖြစ်လေသည်။ လူတစ်သိုက်သည် ဝီရာလမ်းထဲမှ ဝက်စ်မင်စတာလမ်းသို့ ချီတက်သွားကြသည်။ သူတို့ကား အဝတ်အစား ပြည့်စုံစွာဖြင့် ပြုံးသလိုလို ရှက်သလိုလို အမူအရာဖြင့် ရှိသော ရှယ်လီ။ တင်းကျပ်သော ကော်လာကြောင့် တောင့်တောင့်ကြီး အနေအိုက်နေပုံရသည့် ဟယ်ရီ။ သူတို့နောက်မှ ဟယ်ရီ၏မိဘများ၊ ရှယ်လီ၏ မိခင်နှင့် ဦးလေးတို့ ဖြစ်လေသည်။ ဟယ်ရီနှင့် ရှယ်လီမှာ လက်ချင်းချိတ်ထားကြသည်။ ဟယ်ရီနှင့် ရှယ်လီတို့ ဘုရားရှိခိုးကျောင်းတွင် သွားလက်ထပ်ရမည့် အခမ်းအနားကလေး ဖြစ်လေသည်။ ဟယ်ရီသည် ချွေးပြန်လျက်ရှိလေသည်။ နောက် သူတို့လူစုအား ဟယ်ရီဦးလေးက အနီးအနားရှိ ပျော်ပွဲစားရုံ တစ်ခုသို့ ခေါ်သွားပြီး ဘီယာခြောက်လုံး မှာလေသည်။

'ဟယ်ရီ မင်းကြည့်ရတာ ရင်ခုန်နေပုံပဲ'

သူ့သူငယ်ချင်းတစ်ယောက်က ဤကဲ့သို့ မှတ်ချက်ချလေရာ–

'အို… ဒါ ရင်ခုန်စရာလားကွာ'

ဟယ်ရီက နေ့တိုင်း မင်္ဂလာဆောင်နေသည့် လူလောက် မထူးဆန်းသည့် ဟန်မျိုးဖြင့် ပြောလေသည်။ ဒါပေမဲ့ သူ့နဖူးမှာ ချွေးကလေး စို့နေပေသည်။

'ရှယ်လီ မင်းအတွက်ဟေ့၊ မင်းရဲ့ အပျိုဘဝကို နှုတ်ဆက်လိုက်တယ် နော်'

ရှယ်လီအမေသည် ဖန်ခွက်ကို ရှယ်လီဘက်သို့ မြှောက်ပြပြီး မော့ချလိုက်လေသည်။

'ငါ့တူမ မယားကောင်းတစ်ယောက် ဖြစ်ပါစေကွယ်'

ရှယ်လီ့ ဦးလေးကလည်း ဖန်ခွက်ကို မြှောက်ရင်း မော့လေသည်။ နောက် ဟယ်ရီအစ်ကိုက အချိန်နောက်ကျမနေအောင် သွားဖို့ အဆိုသွင်းသဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့ကြလေသည်။

နောက် သူတို့သည် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်ကြလေသည်။ ဘုန်းကြီးကလေး တစ်ပါးက အခမ်းအနားမှူးလုပ်၍ သူတို့အား လက်ထပ်ပေးရာ ဟယ်ရီနှင့် ရှယ်လီသည် ဘီယာခိုးတက်ရင်း နားထောင်နေကြလေသည်။ အခမ်းအနား ပြီးသောအခါ ဟယ်ရီသည် သူ့မင်္ဂလာ လက်စွပ်ကို အိတ်အနှံ့ ပျာလောင်ခတ်အောင် ရှာသော်လည်း မတွေ့ရကား–

'မတွေ့ဘူး မဟုတ်လား၊ ခွေးကောင် ပေါင်သုံးပြီးပြီ ထင်တယ်၊ ဟန်ဆောင်မနေပါနဲ့'

ဟယ်ရီ အစ်ကိုက ဟယ်ရီအား ကြိမ်းလေသည်။

ဒါပေမဲ့ မင်္ဂလာပွဲကလေးသည် အောင်မြင်သည်ဟုပဲ ယူဆကာ ရှယ်လီက စာချုပ်နှင့်ပင် ကျေနပ်သဖြင့် ပြန်လာကြလေသည်။ အပြန်တွင် သူတို့သည် အရက်ဆိုင်ထဲ ဝင်သောက်ကြပြန်လေသည်။

လီဇာသည် ရှယ်လီ့အိမ်အထိ လိုက်သွားပြီး သူတို့လင်မယား နှစ်ယောက် နေမည့် အခန်းကလေးထဲမှာပင် ဘီယာ သောက်နေလေသည်။ ညဉ့်နက်မှ သူတို့လင်မယား အိပ်ချိန်တန်သဖြင့် အလိုက်သိစွာ ပြန်လာခဲ့လေသည်။

( ၁၀ )

သာယာစရာကောင်းသည့် နွေဥတု ကုန်ဆုံး၍ မိုးဥတုသို့ပင်တိုင် ရောက်ခဲ့လေသည်။ နိဝင်ဘာလလယ်သို့ပင် တိုင်ခဲ့ရာ လီဇာ၏အချစ်ခရီးသည် သုံးလထဲသို့ ချဉ်းခဲ့လေပြီ။

လီဇာသည် ဂျင်နှင့် ညတိုင်းလိုပဲ ထွက်မြဲ ထွက်လျက်ရှိရာ ယခုညများမှာ တစ်ခါတစ်ခါ အေးလွန်း၊ စိုစွတ်လွန်းသဖြင့် လီဇာမှာ သိပ်ဖိမ်မရှိဟု ထင်မိလေသည်။ တစ်ခါတစ်ရံ မိုးနှင်းတွေထဲတွင် မီးရောင်များမှာ မြင်ရုံသာ မြင်ရသည်။ ဒါကတော့ သူတို့အဖို့ ကောင်းပါသည်။ ဒါပေမဲ့ တစ်ခါတစ်ရံ မိုးရွာချလိုက်သောအခါ သူတို့သည် စိမ့်သွားအောင် အေးသွားလေသည်။ ထီးနှင့် လျှောက်လာသူတို့သည် သူတို့အား မော့ကြည့်သွားကြလေသည်။ တစ်ခါတစ်ရံ ရွှံ့တွေစဉ်အောင် သူတို့အနားမှ ဖြတ်သွားလေသည်။ လီဇာ ဂါဝန်အောက်နားက ခြေသလုံးကို ရွှံ့တွေစဉ်သောအခါ လီဇာသည် ခြေထောက်ကလေး ခုန်သွားမတတ် စိမ့်သွားလေသည်။ ထို့ကြောင့် သူမသည် ဂျင့်ဘက်သို့ ကပ်နေအောင် မှီ၍ လိုက်တော့မှ နွေးသလိုလို ရှိသွားတတ်လေသည်။ ဂျင်ကလည်း သူ့ကိုယ်ငွေ့ပေးသည့်နေရာ၌ အတော်ပဲ ရက်ရောလေသည်။ တစ်ခါတစ်ရံ သူတို့သည် ဝါတာလူး ဘူတာထဲသွား၍ ခုံတန်းပေါ်မှာ ထိုင်နေကြလေသည်။ ဒီနေရာမှာတော့ ဥယျာဉ်တွေထဲမှာလို မငြိမ်ဆိတ်မလွတ်လပ်သော်လည်း နွေးလေသည်။ ရထားဂတ်ဗိုလ်တွေ၏ အော်သံ၊ လူတွေ လျှောက်သံတို့ကို လီဇာသည် မုန်းလေသည်။ ညဆယ့်တစ်နာရီလောက်မှ လူစဲသွားကာ အနည်းငယ် တိတ်ဆိတ်စပြုတော့

မှ လီဇာသည် ဂျင့်ကိုယ်ကို မှီပြီး ပွတ်သီးပွတ်သပ်လုပ်၍ လည်းကောင်း၊ ဆွေး၍ လည်းကောင်း၊ ငေး၍ လည်းကောင်း နေခွင့်ရတော့လေသည်။ တစ်ညတွင် ထိုဝါတာလူး ဘူတာထဲ၌ နှစ်ယောက်သား ထိုင်နေကြစဉ် သူမ ပေါင်ပေါ်တွင် တင်ထားသည့် ဂျင့်လက်ကို ဖယ်ပစ်လိုက်ရင်း-

'ဂျင် ရှင်ဟာ လွတ်လွတ်လပ်လပ်ဆို သိပ်ကောင်းမှာပဲနော်'

သူမသည် ခေါင်းကလေး ငုံ့ကာထားရင်းက သူ့အား မော့မကြည့်ဘဲ ပြောလေသည်။

'လီဇာ မင်းကို ငါနဲ့ အတူလိုက်နေပါလို့ ဘယ်နှခါ ပြောရဦးမလဲ ကွယ်'

ဟုတ်သည်။ သူ လီဇာအား သူနှင့်လိုက်နေဖို့ ခဏခဏ ခေါ်ဖူးလေသည်။ လီဇာကလည်း အမြဲငြင်းခဲ့လေသည်။

'တစ်နေရာမှာ အခန်းကလေးတစ်ခု ငှားပြီး လင်မယားလိုပဲ အတိအလင်း နေကြတာပေါ့'

'မဖြစ်ပါဘူး ဂျင်ရယ်၊ ဂျင်က နေနိုင်ပေမဲ့ လီဇာ့အမေကို မခွဲနိုင်ဘူး'

'မင်းအမေပါ ခေါ်ခဲ့ပေါ့ လီဇာ'

'ဘယ်ဖြစ်မလဲ၊ ရှင်နဲ့ ကြိုက်နေတာတောင် အသိမပေးရဲဘူး'

'ဟော့ လီဇာ၊ အတူတူ သိပ်နေချင်ပြီကွယ်၊ ငါ မင်းကို လက်ထပ်မယ်'

လီဇာက မချိပြုံးကလေး ပြုံးလိုက်လေသည်။

'ရှင်ဟာ လက်ထပ်ပြီးသား၊ ဘယ့်နှယ်လုပ် နောက်ထပ်…'

'အို… ဒါကိစ္စမရှိပါဘူး၊ အိမ်ကဟာနဲ့ အပြတ်ရုံးမှာ လက်မှတ်ထိုးပြီး ကွာလိုက်မယ်။ ဒီလိုပဲ လုပ်ကြတာ အများကြီးပဲ'

လီဇာသည် ခေါင်းကို ညင်သာစွာ ယမ်းပြလေသည်။

'ဒီအတိုင်း ငါ မနေနိုင်တော့ဘူး လီဇာ၊ အိမ်မှာ အခုတလော သိပ်မီးကျတာပဲ။ ဟိုဟာမကြီးက အမြဲဆူဆောင့် ဆဲနေတာပဲ။ အို အိမ်ပြန်ချင်စိတ်ကို မရှိပါဘူး လီဇာ။ ငရဲကျနေတာပဲ။ နောက်ပြီး မင်းကို ငါ အခုတစ်နေကုန် တစ်နေခန်းပဲ ချစ်ချင်နေတယ် သိရဲ့လား'

သူသည် လီဇာ့ ပါးကလေးကို သွေးခြေဉသွားအောင် ကိုက်လေသည်။ လီဇာမှာ မျက်ရည်များ လည်လာလေသည်။ ဒီလို ကြမ်းတမ်း

ရက်စက်တာကြောင့်ပင် သူမသည် ချစ်နေရတော့သည်။ ဒီအတိုင်းပဲ သူသည် လီဇာအားလည်း မညှာတာပေ။ ထို့ကြောင့်ပင် လီဇာမှာ သူ့အလိုအတိုင်း အအိပ်ပျက်၊ အစားပျက်ခံပြီး လိုက်ရ၍ အခုတလော အရိုးပေါ်အရေတင်ကာ ချုံးကျနေရှာသည်။ ဒါပေမဲ့ သူမသည် နောင်တ မရမိ။ သူ့အား လည်ပင်းမှ ယီးလေးခိုလိုက်ပြီး-

'ဂျင်ရယ် လီဇာ့ အသည်းကြော်ကြီးရယ်၊ ဒီကမ္ဘာမှာ ဂျင် တစ်ယောက်တည်းပဲ အချစ်ဆုံးဆိုတာ သိတယ်မဟုတ်လားကွယ်။ မေမေ့ကို မခွဲနိုင်လို့ပါနော်'

သူမသည် ဤသို့ အသနားခံတာတောင်မှ သူသည် နည်းနည်းမှ သဘောမပေါက်ဘဲ-

'မင်း မမိုက်စမ်းပါနဲ့ လီဇာ၊ မင်းအမေကို ထည့်စဉ်းစားဖို့တောင် မကောင်းဘူး။ မင်းကို သူက တကယ့်သမီးကလေးလို ကြင်နာမယ်များ မှတ်လို့လား။ မင်းကို ကျွန်လိုခိုင်းပြီး ရတဲ့ လခကို သုံးပစ်ဖြုန်းပစ် သောက်ပစ် ဖို့ပဲ တတ်တယ်မဟုတ်လား'

ဂျင်က သူ့ လိုဘအတွက်သာ ကြည့်ပြီး ပြောလိုက်လေရာ-

'မကောင်းပေတယ်လို့ အမေဟာ အမေပဲ ဂျင်း၊ ဒီအသက်အရွယ်ကြီး ရောက်မှ တစ်ယောက်တည်း ပစ်ပြီး မထားခဲ့ရက်ပါဘူးကွယ်။ နောက်ပြီး သူ့မှာ အကိုက်အခဲရောဂါနဲ့၊ ရှင်လည်း ရှင့်ကလေးတွေကို မသနားဘူးလား ဟင်'

သူသည် ကလေးတွေစကား ပြောကြားသောအခါ အနည်းငယ် တွေဝေသွားလေသည်။

'အေး ဟုတ်တယ်၊ ငါ့ကလေးတွေကိုတော့ ငါ သနားတယ်'

လီဇာသည် သူ့ပါးစပ်မှ နူးညံ့သောစကားမျိုး ကြားရသည့်အတွက် ဝမ်းနည်းစွာ ပြုံးလေသည်။

'အိုကွယ် ဂျင်၊ တို့ ဒီအချစ်မှောင်ကြီးထဲက ထွက်ဖို့လမ်း မရှိပါဘူးကွယ်။ ဒီတော့ စိတ်ညစ်စရာတွေ အသာထားပြီး ချစ်ကြပါစို့လားကွယ်'

သူသည် လီဇာအား သူ့ပေါင်ပေါ် တင်လိုက်ပြီး မျက်နှာကလေးကို မော့ခိုင်း၍ အားရပါးရ နမ်းလေသည်။ နောက် သူမက ပြောသည်မှာ-

'ကံအတိုင်းပဲ ထားလိုက်ကြပါစို့ ဂျင်၊ ဖြစ်သမျှ အကြောင်းတွေကို အကောင်းချည်းပဲ ထားနိုင်ဖို့ ပြင်ထားရင် ပြီးတာပဲ မဟုတ်လား'

နောက် ဆယ့်နှစ်နာရီထိုးသဖြင့် သူတို့သည် ဝီရာလမ်းကလေးသို့ ပြန်လာကြလေသည်။

*

ဒီ ဝီရာလမ်းကလေးသည် လွန်ခဲ့တဲ့သုံးလလောက်နှင့် အတော်ကွာခြားသွားလေပြီဟု လီဇာ ထင်မိလေသည်။ သူမအား ရိုးသားစွာ တကောက်ကောက်လိုက်ခဲ့သော တွမ်သည် သူမနှင့် အတော်အဆက်ပြတ်ခဲ့လေသည်။ လွန်ခဲ့သော သုံးလေးရက်လောက်က သူ့အား မြင်မိသလိုလို ရှိလေသည်။ သူ့အား မမြင်တာ ကြာပါပကောလားဟုတော့ ထင်မိရုံပဲ ထင်မိလိုက်သည်။ သည်မှ အပ ဂျင် တစ်ယောက်တည်းသာ သူမ စိတ်ထဲတွင် စွဲလမ်းနေသဖြင့် နှုတ်ဆက်ဖို့ သတိမရဘဲ လျှောက်မြဲလျှောက်သွားလေသည်။ ဒါပေမဲ့ တစ်စုံတစ်ယောက်သော သူသည် နောက်မှ သံလိုက်ဓာတ်တစ်ခုနှင့် ဆွဲသလိုလို အောက်မေ့နေရသဖြင့် လှည့်ကြည့်လိုက်မိရာ တွမ်မှာ သနားစရာ မျက်နှာကလေးနှင့် ခေါင်းငုံ့ထားပြီး ရှက်တက်တက် အမူအရာကလေးကိုပါ တွေ့လိုက်ရသည့်အတွက် သူ့အနားသို့ လျှောက်သွားကာ-

'တွမ်၊ မင်း ဘာလို့ ငါ့ကို မခေါ်သလဲကွယ်'

'ကိုယ်မှ မင်း မမြင်လိုက်ဘဲ လီဇာ'

သူသည် ထစ်ထစ်ငေါ့ငေါ့ ပြောလေသည်။

'မညာပါနဲ့ တွမ်၊ မင်း မြင်ပါတယ်၊ ဘာဖြစ်နေတယ် ဆိုတာသာ ပြောပါ'

ဂျင်က သူမအား ချစ်ရေးတွင် ဒိုးကလေးလို မွေ့နိုင်သကဲ့သို့ အခု သူမကလည်း ချစ်ရေးတွင် ဝါရင့်လာပြီ ဖြစ်သဖြင့် အရိုင်းကလေး တွမ်အား အလည်လုပ်လိုက်လေသည်။

'ဘာဖြစ်နေတယ်လို့ မပြောတတ်ပါဘူး လီဇာ'

တွမ်က စိတ်မသက်သာစွာဖြင့်ပဲ ရိုးရိုးကလေး ပြောလိုက်ပါသည်။

'ငါ မင်းကို စိတ်မကောင်းအောင် လုပ်မိသလားကွယ်၊ ဟင် တွမ်'

'ဟင့်အင်း… ဟင့်အင်း မင်းအပြစ် မရှိပါဘူး'

သူက ဝမ်းနည်းစွာဖြင့် ပြောလေသည်။ သူ့အသံမှာ တုန်နေပေသည်။

'ငါ့ဆီ မင်း တစ်ခေါက်မှ မလာဘူးနော်၊ ဘာဖြစ်လို့လဲ'

လီဇာက ကလေးတစ်ယောက်အား ချော့သည့် လေသံဖြင့် မေးလေသည်။

'မင်းက ငါလာတာ မကြိုက်ဘူး မှတ်လို့'

'ငါ မင်းကို ဒီပြင်လူ တစ်ယောက်ယောက်ထက်မနည်း မေတ္တာထားတယ် ဆိုတာ ယုံပါကွယ်'

'ဒါပေမဲ့ မေတ္တာထားတဲ့ လူတွေက အများကြီးဟာပဲကွယ်'

သူက ရှက်တက်တက် မျက်နှာကလေးနှင့်ပင် ပြောရှာသည်။

'မင်း ဘာဆိုလိုတာလဲ'

လီဇာသည်လည်း ရှက်သွားလေသည်။ သူများ သူမအကြောင်း သိနေပြီလားဟု စိုးရိမ်မိလေသည်။ သူတစ်ယောက်တည်းကိုတော့ ဘာဖြစ်လို့လဲ မသိ၊ လီဇာသည် အသိမပေးချင်သေးပေ။

'ဘာရယ်လို့ မဟုတ်ပါဘူးကွယ်'

တွမ့် အဖြေကို လီဇာ မကျေနပ်ပေ။

'ဘာဆိုလိုမှန်း မသိဘဲနဲ့ မင်း စကားတစ်ခွန်း ပြောလိုက်တာ၊ မင်း ရူးသလားဟင် တွမ်'

'အေး ဟုတ်တယ်၊ ရူးတယ်၊ ငါ တကယ့်အရူးပဲ'

တွမ်သည် လီဇာအား ဝမ်းနည်းပန်းနည်းကြီး ကြည့်လိုက်ပြီး ရုတ်တရက် လှည့်ထွက်သွားလေတော့သည်။ လီဇာသည် သူ့နောက်ပိုင်းကို မျက်စိတစ်ဆုံး လိုက်ကြည့်လိုသည်။

ပထမတော့ လီဇာသည် သူမအကြောင်း တွမ် သိသွားလေသလားဟု ထိတ်သွားလေသည်။ နောက်တော့ သူမ ဘာကိုမှ ဂရုမစိုက်တော့ချေ။ မည်သူတွေက ဘယ်လိုပဲထင်ထင် နောက်ဆုံးမတော့ သူမနှင့် ဂျင်နဲ့ ချစ်ရင် ပြီးရော မဟုတ်လား။ တကယ်ဆိုတော့ အခုနေအခါမျိုးမှာ လီဇာသည် ဘယ်သို့သော အပြစ်ဆိုးနဲ့ဘဲကြုံကြုံ ဒီလိုပဲ ဖြေနိုင်ပါသည်။ သူမ အားကိုးစရာမှာ ဂျင် တစ်ယောက်ပဲ ဖြစ်ပါသည်။ ဂျင်အား သူမ တစ်ကိုယ်လုံး

ပုံထားပြီး ဖြစ်သည်။ ထိုနေ့မှစ၍ တွမ်အား ဘယ်မှာပဲတွေ့တွေ့ သူမကပင် စပြီး ရှောင်လေသည်။ မလွှဲသာလို့ မျက်နှာချင်းဆိုင် တွေ့သည့်တိုင်အောင် သူမသည် မျက်လုံးများကို သူ့အပေါ် ကျော်၍ရှုပြီး ကြည့်လေသည်။ ဒါပေမဲ့ မသိမသာ စောင်းငဲ့ကြည့်မိသောအခါ သူ့မျက်လုံးတွင် မျက်ရည်များ ဝိုင်း နေသည်ကို တွေ့ရသောအခါများ၌ မနည်းစိတ်ကို တင်းထားလိုက်ရလေ သည်။ အိမ်ရောက်သောအခါ သူနှင့် ရန်သူကြီးလို ဖြစ်သွားရသည့်အတွက် ငိုမိသွားပြီး နောင်တရမိလေသည်။ တကယ်ဆိုတော့ တွမ်သည် သူမ သူငယ် ချင်း၊ နှိုပြီး ရိုးသားစွာ ချစ်သူမဟုတ်ပါလော။

နောက် တစ်နေ့တခြား သူမသည် ဝီရာလမ်းကလေးကို ပျင်းရိငြီးငွေ့ လာတော့သည်။ တစ်လမ်းလုံးက မေးငေါ့ကာ ထွီကြလေသည်။ အချစ်ဆုံး သူငယ်ချင်း တွမ်နဲ့လည်း မတည့်တော့။ သူမသည် တွမ်အား ပြန်ဆက်ချင် သည်။ အကယ်၍သာ တွမ်က ပြန်ဆက်ပါလျှင် သူမသည် ဝမ်းသာစွာနှင့်ပဲ လက်ခံရပါမည်။ မိတ်ဖြစ်ဆွေဖြစ်ထက်ပဲ ကျော်ပြီး တောင်းဆိုဦးတော့၊ သူမ သည် မျက်ရည်လည်ရွဲနှင့် သူ့ခြေထောက်ကို ဖက်ဖို့ အဆင်သင့် ဖြစ်နိုင် ပါသည်။ ဒါပေမဲ့ သူမကတော့ သူ့ထံသွားပြီး တောင်းပန်တိုးလျှိုးဖို့ဆိုရာ မှာလည်း မဖြစ်နိုင်။ ဒီတော့ တွမ်က သူမအား ဘယ်လို ခွင့်လွှတ်နိုင်ပါအံ့ နည်း။

ရှယ်လီနှင့်လည်း အိမ်ထောင်ရက်သားကျမှ အရင်ကလို မတွေ့ရ တော့ချေ။ အလုပ်ကတောင်မှ သူ့ယောက်ျားက နုတ်လိုက်ပေပြီ။ မင်းတိုင်ပင် အမတ်လောက်နီးနီး အမြော်အမြင်ဉာဏ်ဖြင့် ပြည့်စုံသော သူမယောက်ျား ဟယ်ရီက ပြောသည်မှာ-

'မိန်းမအလုပ်ဟာ အိမ်ထောင် ထိန်းသိမ်းဖို့ပဲ မဟုတ်လား။ ယောက်ျား လုပ်သူက ထမင်းတစ်လုတ်မှ ကျွေးမထားနိုင်ဘူးဆိုရင် ဘာဖြစ်လို့ ဒီ ယောက်ျားကို ယူရသေးသလဲ'

သူ့စကားကို သူ့ယောက္ခမကြီးက ကောင်းချီးသြဘာပေးပြီး ထောက် ခံကာ-

'ဟုတ်တယ်လေ၊ နောက် ကလေးတွေ ဘာတွေတောင် မွေးပေးဖို့ တာဝန်ရှိသေးတယ် မဟုတ်လား။ ငါ့ကို ကြည့်ပါလား၊ ကလေးတစ်ဒါဇင်

တောင် မွေးခဲ့တယ် မဟုတ်လား။ အေး၊ လင်ကတော့ တကယ့် ထင်ထင်ပေါ်ပေါ်က နှစ်ယောက်ပဲ ဆိုပါတော့လေ'

လီဇာမှာ ရှယ်လီကို အားကျလိုက်မိသေးသည်။ သူမသည် သီချင်း တအေးအေးနှင့် အမြဲ ရယ်ကာပြုံးကာ ကျေနပ်နေလေသည်။

'တကယ့်ကိုပဲ လီဇာ၊ ငါတော့ သိပ်ပျော်တာပဲကွယ့်။ ဟယ်ရီက အတော်သဘောကျစရာကောင်းတဲ့ ချစ်သူတစ်ယောက်ပဲကွယ်။ ဘယ်တော့မှ စိတ်ဆိုးတာရယ်လို့ မရှိဖူးဘူး။ ဒီပြင်လူတွေတော့ မသိဘူးကွယ်၊ လင်ယူရတာ ကိုယ့်အဖို့တော့ တကယ့်ကို ဇိမ်ပဲ။ တစ်ခါတလေများ ဝမ်းသာလွန်းလို့ ကျွမ်းတောင်ပစ်မိတယ်'

လင်စည်းစိမ် တစ်လလောက်တောင် မခံစားရသေးသော ရှယ်လီက ဤသို့ အားရပါးရ လင့်အရသာကို ဖော်ထုတ်လေရကား လီဇာသည် အဘယ်မှာ အားမကျဘဲ နေပါအံ့တော့နည်း။

ဒါပေမဲ့ အလိုလေး ဘုရားရေ၊ နောက်တစ်လတောင် မကြာလိုက်ပါကလားဟင်၊ လီဇာသည် တစ်နေ့တွင် ရှယ်လီအား ဒူးနှင့်မျက်ရည် သုတ်နေသည်ကို တွေ့ရသဖြင့် အလွန်တမင်း အံ့ဩသွားကာ–

'ဟော့… ရှယ်လီ၊ ဘာဖြစ်လို့လဲကွယ်ဟင်၊ အို ဘာလို့ ဒီလောက်ငိုနေရတာတုံး'

လီဇာက သူမအား ကြည့်၍ မေးလိုက်ရာ ရှယ်လီသည် မျက်ရည်များကို သုတ်လိုက်ရင်း–

'သွားကိုက်လို့ပါ လီဇာရယ်၊ ကိုက်လွန်းတော့ ငိုမိတာပါပဲကွယ်'

လီဇာသည် ဒီအဖြေနှင့်ပင် ကျေနပ်လိုက်ရတော့သည်။ ဒါပေမဲ့ တစ်ခုသော စနေနေ့ ညနေမှာ လီဇာသည် ဂျင့်ထံသို့အသွားတွင် လမ်း၌ ရှယ်လီတို့ အပေါ်ထပ်ကို မော့ကြည့်နေကြသဖြင့် လီဇာ တက်သွားလေသည်။ ရှယ်လီတို့အခန်းမှာ ပိတ်ထားပြီး အထဲမှ ငိုသံရှိုက်သံများ ကြားရလေသည်။ လီဇာသည် ရှယ်လီ နာမည်ကို ခေါ်၍ တံခါးထုမှ ငြိမ်သွားလေသည်။ နောက် ယောက်ျားသံ တစ်သံဖြင့်–

'ဘယ်သူလဲ'

'လီဇာပါ'

တော်တော်ကလေးကြာမှ ရှယ်လီက တံခါးထဖွင့်ပေးရာ လီဇာ ဝင်သွားလေသည်။ ဟယ်ရီသည် သုန်မှုန်သော မျက်နှာကြီးဖြင့် လီဇာကိုပင် နှုတ်မဆက်ဘဲ ထွက်သွားလေသည်။ ရှယ်လီ အငိုရပ်အောင် မနည်းကြိုးစား နေရရာ သူမကိုယ်ကလေးမှာ တုန်နေပေသည်။

'ဘာဖြစ်ပြန်သလဲ ရှယ်လီ'

'ဘာမှ မဖြစ်ပါဘူး'

သူမသည် လက်ကိုင်ပဝါကလေးဖြင့် မျက်နှာကို အုပ်ကာ ရှိုက်နေလေသည်။ ထို့ကြောင့် လီဇာသည် သူမအမေအား လှည့်၍ မေးလိုက်ရလေသည်။

'ဟိုအကောင်ပေါ့ လီဇာ'

မိန်းမကြီးက ရှုံ့ကာမဲ့ကာ ပြောလေသည်။

'ဘယ်သူလဲ၊ ဟယ်ရီလား… ဟင်'

'ဟယ်ရီပေါ့၊ သဘောက်မသား'

'ဘယ့်နဲ့ လုပ်သလဲ၊ ရိုက်သလား'

လီဇာက ထပ်မေးပြန်လေသည်။

'အေးပေါ့၊ မိန်းကလေးတစ်ယောက်ကို နိုင်လိုမင်းထက် သူမို့ မရှက်တယ်'

'မသိပါဘူး ရှင်'

'အို… တစ်လမ်းလုံးကို ကျွက်ကျွက်ဆူလို့'

'သူ့အပြစ် မဟုတ်ပါဘူး မေမေရယ်၊ ရှယ်လီ့အပြစ်ပါ။ သူ မမူးတဲ့အခါ အမေ သိတယ်မဟုတ်လား၊ ဘယ်လောက် ကောင်းသလဲ၊ အခု အတော် အလွန်အကျွံ သောက်လာလို့ပါ'

ရှယ်လီက ဝင်ပြီး သူမ ယောက်ျားအတွက် ဖာဖာထေးထေး ပြောရာ၊ မိန်းမကြီးသည် ပို၍ ဒေါပွသွားကာ-

'အေး… ကောင်းနေ၊ ညည်းသာ ကောင်းနေ၊ ယောက်ျားများ ဒီလိုပဲ၊ သောက်လာရင် ကျားထက် ဆိုးသေးတယ်။ ငါက ယောက်ျားနှစ်ယောက် ရဖူးလို့ သိတာ။ ဒီမှာ ကြည့်စမ်း လီဇာ၊ လက်ငါးချောင်းရာ ထင်အောင်

တောင် ကိုယ့်မယား ရိုက်ရတယ်တဲ့။ အပြစ်ကအေ သိပ်ကြီးတာ၊ အပြင် ခဏထွက်လည်လို့ တဲ့'

သူမသည် သူ့သမီး ကျောကို အင်္ကျီလှန်ပြီး လီဇာအား ပြလေသည်။ ရှယ်လီကတော့ သူ့ယောက်ျားဘက်က လိုက်ပြီး ပြောတုန်းပဲ ဖြစ်လေသည်။

'ငါက ဟော့ တော်... မတော်ဘူးလား၊ မင်း ငါ့သမီးကို ဒီလို နှိပ်စက်နေရင် မခံဘူး၊ ပုလိပ်တိုင်ရမယ် ဆိုမှ ရပ်သွားတယ် လီဇာ'

မိန်းမကြီးသည် ဤသို့ပြောပြီး ဒေါသဖြင့် တောက်တခေါက်ခေါက် လုပ်နေလေရာ ရှယ်လီက-

'အစကတော့ သိပ်ကောင်းပါတယ် လီဇာ၊ ဒါပေမဲ့ ကလေး တစ်ယောက်တောင် မရသေးဘူး၊ ဒီလိုဖြစ်ရတာ။ ငါ အသည်းနာလွန်းလို့ပါကွယ်'

ရှယ်လီသည် ဤသို့ပြောပြီး ငိုလေရာ လီဇာက ချော့ရ အားပေးရလေသည်။ နောက် သူမသည် ဂျင်အား တွေ့စရာရှိသေး၍ သူတို့သားအမိအား နှုတ်ဆက်ပြီး ပြန်လာလေတော့သည်။

လီဇာသည် ချိန်းထားသော နေရာတွင် ဂျင်အား မတွေ့ရ၍ အတော်ကြာ စောင့်နေရသေးသည်။ နောက်မှ ဂျင်သည် အနီးအနားရှိ အရက်ဆိုင်ကလေးထဲမှ ထွက်လာသည်ကို တွေ့ရလေသည်။ သူ့အနားသို့ ရောက်သောအခါ လီဇာက စ၍ နှုတ်ဆက်လေသည်။

'ဂွတ်နိုက် ဂျင်'

'ဟဲ... ဟဲ အမိ ပေါ်ပဲလာသေးတယ် ဟင်'

သူက ပြန်တောင်မှ နှုတ်မဆက်ဘဲ အာလုတ်သံကြီးနှင့် ကြောက်မက်ဖွယ် ပြောလေရကား လီဇာသည် ထိတ်လန့်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဒီလို တစ်ခါမှ မပြောဖူးချေ။

'ဘာဖြစ်လဲ ဂျင်'

'ဒီမှာ စောင့်နေတာ ဘယ်လောက်ကြာပြီ မှတ်သလဲ ဟင်'

သူ အတော်သောက်လာသည်ကို လီဇာသည် ရိပ်မိသွား၍ လေအေးနှင့်ပင်-

'လီဇာ အစောကြီးက ထွက်လာပါတယ်ကွယ်၊ ဒါပေမဲ့ လမ်းမှာ

ရှယ်လီတစ်ယောက် သူ့လင်က ရိုက်တာနဲ့ ဝင်နေလို့ပါကွယ်၊ စိတ်မဆိုးပါနဲ့နော်'

'ရိုက်သလား၊ သေအောင် ရိုက်ဖို့တောင် ကောင်းသေးတယ်။ မင်းလဲ အရိုက်ခံထိမယ်၊ နားလည်လား'

လီဇာသည် ထပ်မပြောတော့ပေ။ သူသည် လီဇာအား ရုတ်တရက် လက်ကို လှမ်းဆွဲလိုက်၍-

'လာ… မင်းကော တစ်ခွက်လောက် သောက်လှည့်ဦး'

'မသောက်ချင်ဘူးကွယ်'

'လာပါ၊ သောက်ရမယ်'

သူ့အသံသည် မာကျောသည်။ အာဏာသံလည်း ပါလေသည်။

'မသောက်ပါနဲ့တော့ ဂျင်ရယ်၊ ရှင် အတော်မူးနေပြီ၊ လီဇာ သိတယ်'

သူမ အသံသည် ငိုသံပါလာလေသည်။

'အေး… မင်း မလိုက်ချင်နေ၊ ငါ သွားသောက်ရဦးမယ်'

သူသည် ထွက်သွားမည်ပြုရာ လီဇာက သူ့လက်ကို လှမ်းဆွဲလိုက်ရင်း-

'မသွားပါနဲ့ ဂျင်ရယ်'

သူသည် ရုန်းထွက်ပြီး သွားမည် လုပ်လေသည်။ လီဇာက ထပ်ဆွဲထားလေသည်။ နောက် ဆွဲလိုက် ရုန်းလိုက်နှင့် ဂျင်သည် လက်ကို တွက်ပြီး ရုန်းလိုက်ရာ လီဇာ မျက်နှာကို အရှိန်နှင့် တိုးမိသွားလေသည်။ လီဇာသည် မျက်လုံးထဲက မီးပွင့်သွားသည်ဟု ထင်မှတ်လိုက်ကာ လက်နှင့် အုပ်လိုက်ပြီး ငိုလိုက်လေသည်။

'ရက်စက်တယ် ဂျင်'

ဒီတော့မှ ဂျင်သည် ပျော့ကျသွားကာ-

'လီဇာ၊ ဘယ်နာသွားသလဲ ဟင်'

သူမသည် မဖြေဘဲ နေလေသည်။ သူသည် လီဇာအား အတင်းပွေ့လိုက်ပြီး-

'လီဇာ မနာပါဘူးကွယ်နော်၊ မတော်လို့ပါကွယ်၊ ငါ တောင်းပန်ပါတယ်'

သူသည် မျက်နှာကြီးနှင့် လီဇာ့ မျက်နှာကလေးအား ပွတ်ကာ ချော့လေရာ လီဇာသည် ပြုံးပြုံးကလေး ဖြစ်လာပြီး-

'ဟင်း.... ခုမှ တော်ပါ၊ ခိုက်မိတာက မနာပါဘူး။ ဂျင် ဒီလိုပြောလိုက်တာတွေ အတွက်သာ လီဇာ ဝမ်းနည်းမိပါတယ်'

'တမင်လုပ်လိုက်တာ မဟုတ်ပါဘူးကွယ်၊ မင်း နာအောင်လဲ ဘာမှ မပြောရပါဘူး။ ဒီနေ့ အိမ်ကပဟာကြီးနဲ့ ဘုကျတာနဲ့ အပြင်ထွက်လာတာ မင်း မတွေ့လို့ ဝင်သောက်မိတာပါ'

'ကျေပါတယ် ဂျင်ရယ်၊ ဒီ့ထက်မကတောင် အနှိပ်စက်ခံနိုင်ပါသေးတယ်။ ဂျင်ကသာ လီဇာကို ချစ်နေသမျှ ကာလပတ်လုံး'

သူသည် လီဇာအား မွေးလိုက်လေသည်။ လီဇာသည် ခုနက ခိုက်မိသဖြင့် နာသည်တို့ ပျောက်သွားသည်။ ဒါပေမဲ့ ဒီဒဏ်ရာသည် နောက်တစ်နေ့ လီဇာအား အကြီးအကျယ် ချောက်ကျစေလေသည်။ နံနက် အိပ်ရာက ထသောအခါ လီဇာ၏ မျက်လုံးတစ်ဖက်မှာ ညိုပြီး ရောင်နေလေသည်။ သူမသည် ရေချိုးပြီး ကျပ်ပူထိုးလေသည်။ မရ။ ကွက်ညိုနေလေသည်။ သူမသည် အလုပ်ဆင်းရမည်ဖြစ်ရာ လူမြင်မှာ စိုးသည်အတွက် ဦးထုပ်ကို ရှေ့သို့ စိုက်နိုင်သမျှ စိုက်၍ ဆောင်းကာ အလုပ်ဆင်းလေသည်။ ဒါပေမဲ့ အချို့သော မိန်းကလေးများက မြင်သွားမိကာ-

'လီဇာ၊ မင်းမျက်လုံးတစ်ဖက် ဘာဖြစ်လို့လဲ'

သူငယ်ချင်းမ တစ်ယောက်က မေးလေရာ-

'ဟင်... ဘာဖြစ်လို့လဲ'

လီဇာသည် လက်တစ်ဖက်ဖြင့် ဘာမှ မဖြစ်သည့်ဘက်ကို စမ်းလိုက်ရင်း အကြောင်ရိုက်လိုက်ရာ-

'မျက်ကွင်းကြီး ညိုလို့'

'မဟုတ်တာကွာ'

'ဟုတ်ပါတယ်ကွ၊ ကြည့်ပါလား၊ ဘာဖြစ်လို့လဲ'

'မသိပါဘူးကွာ၊ ငါ သတိကို မထားမိဘူး'

'မညာပါနဲ့ကွယ်၊ ဘာမှမဖြစ်ဘဲ ဒီလောက် ရောင်နေမလား'

'ဩော်… ဩော် ခုံပေါ် ချော်လဲမိတာကြောင့်များလား မသိပါဘူး ကွယ်'

မကြာမီ သူငယ်ချင်းမ လေးငါးယောက်လောက် လီဇာ့ မျက်လုံးကို စိတ်ဝင်လာကြပြီး-

'ယုံတမ်း မပြောပါနဲ့ကွယ်၊ မင်း သခင်ကြီးက အချစ်စမ်းလွှတ်လိုက်တာ မဟုတ်လား'

သူမသည် လီဇာတို့သတင်း ကြားပြီးသူ ဖြစ်သဖြင့် အတပ် ပြောလိုက်လေရာ လီဇာက ရှက်ပြီး-

'ဘယ်က ကိုယ့်သခင်လဲ၊ လီဇာ့မှာ သခင်လဲ မရှိဘူး'

'မသိနိုင်ဘူးလေ'

သူမတို့ စကားပြောနေရာမှာ လမ်းမတွင် ဖြစ်လေရာ၊ ထိုအချိန်မှာပင် ဂျင်၏မိန်းမကြီး အဝေးမှ လျှောက်လာသည်ကို လီဇာ တွေ့ရရာ မျက်နှာမထားတတ်အောင် ရှက်သွားလေသည်။ တစ်ယောက်က လီဇာ့အမူအရာကို သတိထားမိလိုက်၍-

'ဟော့… ဘာလို့ ရှက်နေရတာလဲကွ'

လီဇာအား တစ်လှည့်၊ ဂျင့်မိန်းမကြီးအား တစ်လှည့် ကြည့်ရင်း ပြောလေရာ၊ လီဇာသည် ထွက်လုဆဲဆဲ ဖြစ်နေသော မျက်ရည်ကို မနည်း ချုပ်ထားလိုက်ရပြီး သူတို့အနားမှ ထွက်ခဲ့လေသည်။ သူတို့သည် ရယ်၍ ကျန်ရစ်ခဲ့ကြလေသည်။

လီဇာသည် အိပ်ရာထဲ ရောက်သောအခါ မှောက်၍ ငိုချလိုက်လေသည်။

( ၁၁ )

ရက်အတော် ကြာသွားပြန်သောအခါ လီဇာသည် ရှယ်လီနှင့် တစ်ခါ ထပ်တွေ့ပြန်ရာ ရှယ်လီသည် နောက်ဆုံးတစ်ခါထက် စိတ်နွမ်းနယ်နေပုံ ရလေသည်ကို လီဇာက ကောင်းစွာ သတိထားမိလေသည်။

'အရင်က ငါ ထင်ခဲ့သလောက်တော့ သူ မကောင်းဘူးပေါ့ကွယ်။ ဒါပေတဲ့ သိပ်အဆိုးကြီးလည်း မဟုတ်လှပါဘူး။ ဒီလိုပဲ သည်းညည်းခံပေါင်းရင် ဖြစ်နိုင်ပါတယ်။ ကလေး ရလာရင် သူ နည်းနည်းကြင်နာလာကောင်းရဲ့လို့ မျှော်လင့်ရတာပဲ လီဇာ'

'အေးကွယ် သည်းညည်းခံပါကွယ်၊ ကြာတော့လည်း ဒုက္ခရယ်လို့ မထင်ရတော့ဘဲ ရိုးလာမှာပါပဲ၊ သည်းညည်းခံနိုင်ဖို့သာ ကြိုးစားပါ'

အိမ်ထောင်သည် ဘဝကို သုံးသပ် လေ့လာခဲ့သမျှသော ဗဟုသုတကလေးနှင့်ပင် လီဇာသည် ရှယ်လီကို အားပေးရှာလေသည်။ နောက်ထပ် ဒီပြင်စကား အနည်းငယ် ပြောဆိုပြီးကြသောအခါ ရှယ်လီသည် သူ့မယောက်ျားအတွက် လက်ဖက်ရည်သောက်ချိန် နီးပြီဆိုပြီး ထွက်သွားမည်ပြုပြီးမှ လီဇာအား မပြောရဲ ပြောရဲ မျက်နှာကလေးဖြင့် -

'လီဇာ မင်းလဲ သတိထားနေဦးနော်'

'ငါ သတိထားရမယ်၊ ဘာ သတိထားရမှာလဲကွယ်'

လီဇာသည် အံ့ဩစွာဖြင့် မေးလိုက်မိလေသည်။

'တကယ် မင်း မရိပ်မိဘူးလားဟင် လီဇာ'

'ဟင့်အင်း'

'ဂျင့်မိန်းမကြီးလေ ညည်းကို အားကြီး ကြိမ်းနေတယ်တဲ့'

ဂျင့်မိန်းမ ဆိုသည့်အသံ ကြားလိုက်သည်နှင့်ပင် လီဇာသည် ကျောထဲက စိမ့်သွားရှာသည်။

'အေး သူက မင်းကို လုပ်ရမယ်လို့ တစ်ကြိမ်းတည်း ကြိမ်းနေတယ်တဲ့။ အဲဒါ ငါ ကြားလာလို့ သတိပေးတာပဲကွယ်'

'ဘာဖြစ်လို့ ငါ့ကို ကြိမ်းရသတဲ့လဲကွယ်'

ရှယ်လီသည် ပြောဖို့၊ မပြောဖို့ ချိန်ဆနေပြီးမှ အားနာလျက်နှင့်ပင်-

'မင်း မင်းက သူ့ယောက်ျားကြီးနဲ့ ဖြစ်နေတယ် ဆိုလို့တဲ့နော်။ အဲဒီလို အရပ်ထဲက ပြောသံကြားတာပဲကွယ်၊ စိတ်မဆိုးနဲ့နော် လီဇာ'

လီဇာသည် ဘာမှမပြောနိုင်ဘဲ ငြိမ်ကျသွားလေရာ ရှယ်လီသည် နှုတ်ဆက်ပြီး ထွက်သွားလေတော့သည်။

လီဇာသည် ခြေဖျားလက်ဖျား အေးမတတ် လန့်သွားရှာလေသည်။ သူမကိုယ်တိုင်ပင် ဂျင့်မိန်းမကြီး၏ ကြောက်စရာ မျက်နှာပေးကြီးကို ခဏခဏ တွေ့မိရာ အဘယ်မှာ မကြောက်ဘဲ နေနိုင်ပါအံ့နည်း။ ဒါပေမဲ့ သူမအား ဒီလောက် ရန်လိုနေပေလိမ့်မည် ဟူ၍တော့ တစ်ခါမှ မထင်မိခဲ့ချေ။ သူမသည် စဉ်းစားရင်း နဖူးမှ ချွေးကလေးများပင် စို့လာရှာပေတော့သည်။ အကယ်၍သာ သူမက လုပ်မည်ဆိုလျှင် လီဇာသည် ဘာမျှတတ်နိုင်မည် မဟုတ်ချေ။ သူမနှင့်ဆိုလျှင် ဗလချင်းရော၊ အသက်ချင်းရော ဆင်နှင့်ကြွက်လောက် ကွာခြားပေသည်။ အကယ်၍သာ သူမအား လာသတ်လျှင် ဘယ်လိုလုပ်ရမည်ကို မစဉ်းစားတတ်အောင် ပူပန်သွားမိလေသည်။

ထိုညမှာ လီဇာသည် ဂျင်အား ကစားသလို လုပ်ပြောမိလေသည်။

'ဒီမယ်ဆရာကြီး၊ ရှင့်မယားက လီဇာကို တွေ့ရင် ကိုင်ဆောင့်မယ်လို့ ကြိမ်းနေတယ် ဆိုပါလား'

'ဟုတ်လား၊ ဘယ်က ကြားသလဲ'

'အရပ်ထဲမှာ လူတွေ ပြောနေသံ ကြားရတာပဲ'

'အို… သူ သတ္တိရှိရင် လီဇာကို ထိရုံ ထိကြည့်ပါလား၊ ကောင်မကြီး အသက်ပါ ပြုတ်သွားမှာပေါ့။ သူ့တော့ တစ်ခါလောက် မှတ်အောင် ဆုံးမရမယ်လို့ အခွင့်ကောင်း စောင့်နေတာ ကြာပြီ။ အခုတလော သိပ်အမြင်ကတ်စရာ ကောင်းနေတယ်'

သူသည် လက်သီးကြီးကို ဆုပ်ကာ၊ မုတ်ဆိတ်မွေးကြီး သပ်ကာနှင့် လီဇာ အားရှိအောင် ပြောနေလေသည်။ ဒါပေမဲ့ လီဇာသည် ကြောက်တုန်းပဲ ဖြစ်လေသည်။

လီဇာသည် ထိုမိန်းမကြီးအကြောင်း ထည့်မစဉ်းစားဝံ့လောက်အောင် ပင် ကြောက်နေပါသည်။ သူမသည် ဂျင် မပါဘဲ လမ်းဝေးဝေးတောင်မှ မလျှောက်ရဲဘဲ ဖြစ်နေလေတော့သည်။

အလုပ်သို့ သွားတာတောင်မှပင် သူမသည် မျက်လုံးများ ကျီးကန်း တောင်းမှောက်နှင့် မိန်းမ ဝဝကြီး မြင်တိုင်း ရှောင်ကွင်း၍ သွားလေသည်။ ညညများတွင်လည်း ချောက်အိပ်မက်များ မက်လေသည်။ ဂျင့်မိန်းမကြီး၏ ကြောက်စရာကောင်းသော မျက်နှာကြီး ပေါ်လာသည်နှင့် တစ်ပြိုင်နက် သူမသည် လန့်နိုးရှာလေသည်။ နောက် အိပ်ရာထဲတွင် မျက်ရည်တွေရော၊ ချွေးတွေရော ရွှဲနေပေတော့သည်။

နောက် စနေနေ့ တစ်နေ့မှာပဲ ဖြစ်လေသည်။ လမ်းသည် မိုးရွာထား ပြီးခါစ ရွှဲနေလေသည်။ ကောင်းကင်မှာလည်း သိပ်မလင်းလှဘဲ ဆွေးစရာ၊ စိတ်ညစ်စရာကောင်းလေသည်။ ညနေ လေးနာရီလောက်တွင် လီဇာသည် အလုပ်မှအပြန် ဝီရာလမ်းထဲသို့ အဝင်တွင် ဂျင့်မိန်းမကြီး အဝေးမှ လာနေ သည်နှင့် ပက်ပင်းပါ တိုးလေသည်။ လီဇာသည် မြောက်တက်သွားသည်ဟု ထင်လိုက်ရပြီး ချာခနဲ လှည့်ထွက်သွားကာ တခြားလမ်းဘက်မှနေ၍ အိမ် သို့ အရောက်ပြန်မည်ဟု စိတ်ကူးလိုက်ရလေသည်။ သူမသည် နောက်ကို တောင်မှ လှည့်မကြည့်နိုင်ရှာဘဲ ဝီရာလမ်း ဟိုဘက်ထိပ်မှ ရပ်ပြီး သူမ အိမ်ဘက်သို့ မျှော်ကြည့်မိရှာလေသည်။ သူမအိမ်သည် ထိုဘက်ထိပ်မှ ပို နီးသော်လည်း ဂျင့်မိန်းမ ပေါ်လာမည်စိုး၍ ရုတ်တရက် မသွားရဲသေးချေ။ သူမသည် နာရီဝက်ခန့် အရိပ်အခြည် စောင့်ကြည့်ပြီး မိန်းမကြီးကို မမြင်ရ တော့မှ အရဲစွန့်ပြီး အိမ်သို့အရောက် အပြေးကလေး သွားလေသည်။ ဒါပေမဲ့ ဘယ်က ဘယ်လိုရယ်မသိ၊ မိန်းမကြီးသည် ရုတ်တရက် ပေါ်လာကာ သူမ ရှေ့မှ ကာထားလိုက်သဖြင့် သူမလက်ထဲ ရောက်တော့မတတ် ဖြစ်သွား ရှာလေသည်။

လီဇာသည် လန့်၍တောင်မှ အော်မိသွားရှာသည်။ ဒါပေမဲ့ မိန်းမကြီးသည် ကြောက်မက်ဖွယ် အသံကြီးဖြင့် –

'ညည်းက ငါ့ကို မတွေ့ချင်ဘူးပေါ့လေ၊ ဟုတ်လား'

လီဇာသည် မဖြေဘဲ သူမအား ရှောင်သွားဖို့ ကြိုးစားလေသည်။ ဒါပေမဲ့ သူမက လိုက်ကာထားလေသည်။

'အမယ် သိပ်အရင်လိုနေ မှတ်တယ်'

'ဟုတ်... ဟုတ်ပါတယ်၊ ကျွန်မ အိမ်ပြန်ရမယ်'

လီဇာက တိုးပြီး ပြန်ဖို့ ကြိုးစားရင်း တုန်ယင်စွာ ပြောလေသည်။

'ကဲ... ငါ မင်းကို မသွားရဘူး ဆိုရင်ကော ဟင်'

သူမသည် လီဇာအား လမ်းပိတ်ထားကာ ပြောလေသည်။ လီဇာက ငိုမဲ့မဲ့ကလေးနှင့် –

'ဖယ်ပါရှင်၊ ကျွန်မ သွားပါရစေ၊ ရှင့်ကို ကျွန်မ ဘာလုပ်လို့ နှောင့်ယှက်ရတာလဲ'

'ငါ့ကို ညည်း ဘာမှမလုပ်ဘူး ဟုတ်လား၊ ကြိုက်တယ်ကွယ် ညည်း ပြောပုံကလေးကို'

'သွားပါရစေ၊ ကျွန်မ စကားမပြောအားပါဘူး'

'အေး... ညည်းက ငါ့ကို စကားမပြောချင်ဘူးဆိုတာ ငါ သိတယ်။ ဒါပေမဲ့ ငါက ပြောချင်တာ၊ ပြောမပြီးသေးခင် ညည်း မသွားရဘူး'

လီဇာသည် ဘေးပတ်လည်သို့ အကူအညီ ရလိုရငြား လိုက်ရှာလေသည်။ အစကတည်းက အရက်ဆိုင်ထဲမှ သူမတို့အား စောင့်ကြည့်နေပုံရသူ တစ်စုတို့သည် သူမတို့အနားသို့ ဝိုင်းအုံလာကြလေသည်။ နောက် လမ်းသွားလမ်းလာတို့ကလည်း ရပ်ကြည့်လေသည်။ ဒီလိုနှင့် တစ်စတစ်စ လူအုပ်ကလေး ဖြစ်လာပြီး သူမတို့အား ဝိုင်းကြည့်နေကြလေသည်။ လီဇာသည် လူတွေအားလုံးအား လိုက်ကြည့်လေသည်။ သူတို့အားလုံး သူမကိုပဲ စိုက်ကြည့်နေကြသည်။ ပြုံးလို့ တချို့၊ အံ့သြလို့ တချို့။ မိန်းမများမှာတော့ သူမအား နည်းနည်းကလေးမှ သနားပုံ မရကြချေ။ သူမတို့သည် လင်ရှိမယားများ ဖြစ်ကြရာ မျောက်မွေးသူအဖြစ် သူမအား ဒေါသထွက်နေကြပုံ ရလေသည်။ လီဇာသည် အကူအညီ တောင်းလိုပါသော်လည်း သူမဘက်က

ဝင်ပြီး တစ်ယောက်မှ ကြင်နာမည့်ပုံ မပေါက်သဖြင့် မတောင်းရဲတော့ပေ။ သူမသည် မိန်းမကြီးရှေ့တွင် အသားတွေ ဖြူရော်ပြီး ဒူးတုန်နေရှာလေသည်။

'သူ မရှိပါဘူးအေ့၊ ညည်းလင်ကို လိုက်ရှာနေလို့ အပိုပါပဲ'

မိန်းမကြီးက မဲ့ကာရွဲ့ကာ သူမအား ပြောလေသည်။

'ရှင်ပြောတာ လီဇာ နားမလည်ဘူး၊ သွားမယ် ဖယ်ပါရှင်၊ ရှင့်ကို ဘာလုပ်လို့လဲ'

လီဇာက ဒီလိုပြောလိုက်ရာ မိန်းမကြီးသည် အော်ကျယ် အော်ကျယ် ဖြင့်-

'ဘာ… ဘာ ငါ့ကို ညည်း ဘာမှမလုပ်ဘူးလား။ မသိရင် ငါ ပြောမယ်။ ညည်း ငါ့လင်ကို ကြောင်တောင်နိုက်တဲ့ ကောင်မ မဟုတ်လား။ ညည်းနဲ့ ဖြစ်ကတည်းက ငါ့လင်က ငါ့ကို စကားတောင် မပြောတော့ဘူး။ ညည်းနောက်ကိုပဲ တန်းတန်းလိုက်နေလို့ အိမ်တောင် ပြန်မကြည့်နိုင်တော့ ဘူး သိရဲ့လား။ ပိုက်ဆံလဲ တစ်ပြားမှ မပေးဘူး။ ကလေးတွေတောင် ငါ စုထားတာကလေး မရှိရင် ငတ်သေတာ ကြာလှပြီ၊ နားလည်ရဲ့လား။ ညည်း ကိုချည်းပဲ စွဲရလွန်းလို့'

သူမသည် လက်သီးဆုပ်ကာ လီဇာ့ မျက်နှာနား ယမ်း၍ ပြောလေ သည်။

'လီဇာ ဘယ်သူ့ဆီကမှလဲ တစ်ပြားမှ မရပါလား ရှင်'

'ညည်း မညာပါနဲ့ ခွေးမ၊ ညည်း ကိုယ့်ဖအေလောက်ရှိတဲ့ လူကြီး ကို မယားကြီးရှိလျက်နဲ့ လင်တော်ချင်ရတာ မရှက်ဘူးလား ဟင်'

'အေး… ဟုတ်တယ်၊ ဒါတော့လဲ သူများလင် ခိုးတာ ဘယ် တရားမလဲ'

ဘေးက ကြည့်နေသူ မိန်းမ တစ်ယောက်က ဝင်ပြီး မှတ်ချက်ချ လေသည်။

'ငါ ညည်းကို ဆုံးမ မလို့၊ နားလည်လား'

မိန်းမကြီးသည် ပို၍ ဒေါသထွက်ကာ လက်သီးဆုပ်၍ ရှေ့သို့ တိုး လာသဖြင့် လီဇာသည် နောက်သို့ တွန့်သွားရှာလေသည်။

'ညည်းကို ငါ စောင့်နေတာ ဆယ်ရက်လောက်ရှိပြီ၊ သိရဲ့လား ဖာမ'

'ကျွန်မ ဖာ မဟုတ်ဘူး'

လီဇာက မခံချင်လွန်းသဖြင့် ပြန်ပြောလေသည်။

'ညည်း ဖာနဲ့ ဘာထူးသေးသလဲ။ ညည်းကို သူက ဖာထက် ပိုပြီး သဘောထားမယ် မှတ်လို့လား၊ ကြည့်ပါလား၊ ညည်းမျက်လုံးတစ်ဖက် ညိုနေတာ သူ လုပ်လို့မဟုတ်လား။ ညည်းကိုက ပိုက်ဆံရရင် နှစ်ဖက်စလုံး လုပ်တာတောင် ခံနေဦးမှာပဲ'

မိန်းမကြီးသည် မျက်လုံးကြီး ပြူးပြီး မေးရိုးတွေ ထောင်ကာ ကြောက်စရာ ကောင်းစွာဖြင့် လီဇာအား ကြိမ်းမောင်းနေလေသည်။ လူတွေသည် ငြိမ်ပြီး စောင့်ကြည့်နေကြလေသည်။ နောက် မိန်းမကြီးသည် လီဇာအား စက်ဆုပ်သော အမူအရာနှင့် တစ်ချက် ကြည့်လိုက်ပြီး 'ဒီလောက်တောင် လင်ငတ်တဲ့ ကောင်မ' ဆိုကာ-

'ဖြန်း'

သူမ၏ လက်ကြမ်းကြီးနှင့် လီဇာ့ ပါးပြင်နုနုကလေးကို တအား လွှဲချလိုက်လေသည်။ လီဇာသည် လန့်၍ အော်လိုက်မိပြီး နောက်သို့ ခြေ တစ်လှမ်း ဆုတ်ကာ ပါးကလေးကို ပွတ်နေစဉ်-

'ဖြန်း'

ကျန်ပါးတစ်ဖက်ကို ရိုက်လိုက်ပြန်လေသည်။ နောက် သူမသည် လီဇာ့မျက်နှာတည့်တည့်ကို တံတွေးနှင့် အားရပါးရ ထွေးလိုက်လေသည်။

လီဇာသည် ရှက်ရှက်နှင့် ဘယ်သို့လုပ်လိုက်မိသည်မသိ၊ မိန်းမကြီး မျက်နှာမှ သွေးတွေ ကျလာသည်ကို ငိုင်ကြည့်နေပြီးမှ သူမ လက်ချောင်း ကလေးတွေကို ပြန်ကြည့်လိုက်ရာ လက်သည်းကြားတွေထဲတွင် သွေးတွေ ခြင်းခြင်းနီနေသည်ကို တွေ့ရလေတော့သည်။ သူမသည် မိန်းမကြီးကို ကျား လို ခုန်အုပ်လိုက်ပြီး တအားကုတ်လိုက်မိလေသည်။ မိန်းမကြီးသည် သွေး တွေကို စမ်းကြည့်ပြီး ဒေါသဖြင့် လီဇာ ဆံပင်ကို လှမ်းဆွဲလိုက်ကာ တအား ဆွဲဆောင့်လေတော့သည်။ လီဇာသည် ခေါင်းကွဲမတတ် နာကျင်သွားစဉ် ဘေးမှ လူများက ခွဲပေးလိုက်ကြပြီး-

'ဟော့… မင်းတို့ သတ်ကြပါလား၊ ဘာဖြစ်လို့ ကုတ်လား ဆွဲလား လုပ်ကြရတာလဲ'

သူတို့က ဒိုင်လူကြီးများပမာ ဩဇာပေးကြလေသည်။

'လာလေ သတ်မယ်၊ သူက စ ကုတ်တာကို:'

မိန်းမကြီးက လက်မောင်းပင့်ရင်း ပြောလေရာ လီဇာသည် ဒူးများ တဆတ်ဆတ် တုန်ကာဖြင့် သူမ၏လက်မှ သွေးတွေကို ကြည့်ပြီး နောက်သို့ တွန့်ဆုတ်သွားလေသည်။ နောက်-

'ဟင့်အင်း မသတ်ဘူး၊ မသတ်ဘူး၊ ရန်မဖြစ်ချင်ဘူး'

သူမသည် ငိုသံပါကလေးနှင့် သနားစရာ ပြောရှာလေသည်။ သူမ သည် ပြေးပေါက်ကို ရှာသည်။ ဒါပေမဲ့ လူတွေက စေ့နေအောင် ဝိုင်းထား ကြသည်။

'အမယ် ဒီလိုနဲ့ ဘယ် ပြီးနိုင်ပါ့မလဲ အေ၊ လာပါ လင်ခိုးမ၊ ခုမှ ကြောက်မနေပါနဲ့'

'ဟင့်အင်း သူက ကျွန်မထက် ကြီးတယ်၊ မသတ်ရဲဘူး။ ကျွန်မပဲ သေမှာပေါ့'

လီဇာသည် ကလေးလို ငိုချလိုက်လေသည်။

'ညည်း ကြောက်ရင် အစက မတွေးမိဘူးလား'

ဒီလိုပြောရင်း မိန်းမကြီးသည် လီဇာအား ကြောက်မက်ဖွယ်ရာ သတ် ပုတ်လေသည်။ မိန်းမကြီး၏ လက်သီးချက်များကို လီဇာသည် မကာကွယ် နိုင်တော့သည့်အဆုံး သူမလိုပင် ပြန်ပြီး ထုလေသည်။ ဒါပေမဲ့ အားချင်း မမျှသဖြင့် လီဇာ့ မျက်နှာ၊ ဗိုက်တို့မှာ ပြင်းထန်စွာ အထုခံရလေသည်။ လီဇာသည် ဗိုက်ကို တစ်ချက် ပြင်းပြင်းအထုခံလိုက်ရသဖြင့် မြောသွားသလို ဖြစ်ပြီး ကြောင်သွားရာ မိန်းမကြီးသည် သနားကြင်နာကင်းမဲ့စွာ ထပ်၍ ထပ်၍ ထုရိုက်လေသည်။ ဒီတော့မှ ဒိုင်လုပ်သူသည် ဖျန်လိုက်လေသည်။

'ဟော့··· အားချင်းမှ မမျှတဲ့ဟာ၊ ဘယ်တရားမလဲကွ'

လီဇာသည် မြေပြင်တွင် ဗိုက်ကို နှိပ်ထားရင်း သတိမရတစ်ချက် ရတစ်ချက် နေရာက ကြားလိုက်ရာ အနည်းငယ် အားတက်သွားလေသည်။

'ဒါတော့ သူ့အပြစ်ပဲ။ အစက ဘာလို့ သူများလင် ခိုးသေးသလဲ'

မိန်းမကြီးတစ်ယောက်က မှတ်ချက်ချလေသည်။

'အို··· ဒါပေတဲ့ ဒီလောက် ရက်စက်ရသလား'

ယောက်ျားတစ်ယောက် အသံပင် ဖြစ်သည်။

'ဘာဖြစ်လဲ၊ မသနားပေါင်၊ သူများလင် ခိုးချင်တဲ့ကောင်မ သေတာ ကောင်းတယ်'

'ငါ့လင်သာ ခိုးရင် ဒီလိုဟာမျိုး အရေတောင် ခွာပစ်လိုက်ဦးမယ်'

'ဒီလိုမှ မှတ်မယ်၊ နို့မို့ရင် သူများတကာ လင်တွေ လျှောက်ခိုး နေဦးမှာ'

'အမယ်လေး ဒါမျိုးများ အိမ်လာမှာတောင် ကြောက်ပါတယ်တော်၊ ကိုယ့်မလဲ လင်နဲ့'

ဤသို့ မိန်းမတွေသည် လီဇာအား ရက်စက်စွာ ရေနစ်သူကို ဝါးကူ နှစ်ကြလေသည်။ ထိုအချိန်တွင် လီဇာမှာ အားလျော့ဝမ်းနည်းစွာဖြင့် ငိုနေ လေရာ ကောင်လေး နှစ်ယောက်သည် သူမ နဖူးက ရောင်နေသည်ကို ကျပ်ပူ တိုက်သလို လုပ်ပေးရင်း ထိုးနည်း သတ်နည်းကို ရယ်မောစွာ ပြောပြ သွန် သင်နေလေသည်။ တစ်ယောက်က ယပ်ခတ်ပေးနေလေသည်။ လီဇာသည် အားကိုးရာမဲ့စွာဖြင့် ဆောင့်၍ ဆောင့်၍ ရှိုက်လိုက်လေသည်။ သူမ၏ ကစား ဘက် ကလေးများသည် ဒီလို ဒုက္ခမျိုးမှာတောင် လှောင်ရက်ကြပေသည်။ ထို့မျှ သူမသည် အများတံတွေးခွက်တွင် ပက်လက်မျောနေရှာပါသလော။ အို ဂျင်ရယ်၊ လီဇာ အစက ဒီလိုအဖြစ်ကို မမျှော်လင့်ခဲ့ပါဘူးကွယ်။

'ကဲ... အမောဖြေပြီး တစ်ချီလောက် သတ်ကြဦးဟေ့'

လီဇာသည် လိပ်ပြာလွင့်မသွားအောင် အတော်ကြိုးစားရလေသည်။ သူမသည် ပုလိပ်လာပါစေတော့ဟု ဆုတောင်းနေလေသည်။ သူမသည် ထောင်ထဲမှာ နေရတာက သက်သာလိမ့်ဦးမည်ဟု အောက်မေ့လေသည်။ ဒါပေမဲ့ ဘယ်ပုလိပ်ကမှ မလာ။

သူမ ငေးနေစဉ်ပင် မိန်းမကြီးက စ၍ သတ်လေသည်။ လီဇာသည် တတ်နိုင်သမျှ ခုခံရှာလေသည်။

'ဟေ့ အကြီးဘက်က တစ်လေး နှစ်လေး လောင်းမယ်ဟေ့'

'ဟာ... နောက်ကောက်ပဲ ဟေ့'

မိန်းမကြီးက လီဇာအား လွှဲ၍ ထုလိုက်စဉ် ဩဘာပေးကြခြင်း ဖြစ် လေသည်။ လီဇာသည် ယိုင်ထိုး ယိုင်ထိုးနဲ့ လဲသွားပြီး နှာခေါင်းထဲမှ သွေး

များ ထွက်လာလေသည်။ နောက် လီဇာသည် အရှုးကဲ့သို့ ခုန်ထလိုက်ပြီး မိန်းမကြီးအား ကုတ်လေတော့သည်။ မိန်းမကြီးကလည်း ပြန်ကုတ်လေသည်။ လီဇာမှာလည်း မထူးတော့ပြီဟု သဘောထားလို့လား မသိ၊ ရဲရင့်စွာ သတ်ပုတ်လေသည်။ နှစ်ယောက်စလုံးမှာ သွေး၊ ဖုန်၊ နုပ်တို့နှင့် လုံးထွေးနေလေတော့သည်။

'ဟေ့… ဘာဖြစ်တာလဲ၊ ဟာ… လီဇာပါလား'

လူတစ်ယောက်သည် လူအုပ်ထဲသို့ အတင်းဖြဲဝင်လာရာ 'ဟေ့… သူ့ယောကျ်ားကြီးဟေ့' ဟု တီးတိုး ပြောကြလေသည်။ ဂျင်သည် လုံးခဲနေသော မိန်းမနှစ်ယောက်ကို အတင်းဆွဲဖျန်လိုက်ပြီး သူ့မိန်းမကြီးအား ဆွဲဆောင့်လိုက်ရင်း-

'ဟင်း… နင်တော့လား အိမ်ကျမှ သိမယ်၊ လာ'

သူသည် လီဇာအား ကြည့်လေသည်။ လီဇာက သွေးတွေ မျက်လုံးထဲတွင် ပိတ်နေသဖြင့် သူ့အား မှုန်ဝါးဝါး မြင်လေသည်။ သူမသည် မဲ့၍ မဲ့၍….

နောက် လူတစ်ယောက် အပြေးဝင်လာပြီး-

'လီဇာ… ဘုရားရေ… လာ'

'တွမ်'

လီဇာက သူ့အား ဝမ်းသာအားကိုးစွာ ခေါ်လိုက်ရာ သူသည် ဂျင်တို့စုံတွဲအား အံခဲ၍ တစ်ချက်ကြည့်လိုက်ပြီး လီဇာကို ကြင်နာစွာ ဖေးမကာ အပြင်သို့ ထုတ်သွားလေသည်။ တွမ့်မျက်နှာမှာ ဒေါသဖြင့် တင်းမာနေလေသည်။ လီဇာက သူ့ကိုမှီ၍ ရှိုက်ကာ လိုက်လာလေသည်။ တွမ်သည် သူ့မျက်နှာက သွေးစသွေးနကလေးတွေကို သုတ်ပေးလေသည်။

'တွမ် ငါ သိပ်မိုက်ခဲ့တယ်ကွယ်၊ ဒါပေမဲ့ သူ့ကို မချစ်ဘဲလည်း မနေနိုင်ဘူး၊ ခက်ပြီ'

တွမ်သည် သက်ပြင်းကလေး ချလိုက်လေသည်။ နောက် လီဇာ့အိမ်ဝ ရောက်သောအခါ လီဇာက-

'သွားတော့မလား တွမ်၊ ဝင်ပါဦး'

လီဇာသည် သူမ အိပ်ခန်းကလေးထဲသို့ ဖိတ်ခေါ်သွားလေသည်။

သူမသည် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်လေသည်။ နောက် အားရစွာ ငိုလေသည်။ တွမ်သည် အနားက မျက်နှာသုတ်ပဝါကို ယူပြီး ရေဆွတ်ကာ လီဇာ့မျက်နှာအား သုတ်ပေးလေသည်။ သွေးနှင့် မျက်ရည်သည် ထွေးနေလေသည်။ လီဇာသည် မော့မော့ကလေး ရှိုက်နေသည်ကြားက တွမ်၏ အယုအယကို ခံနေရှာသည်။

'တွမ်၊ မင်း ငါ့အပေါ်မှာ ကောင်းတုန်းပဲနော်'

'တိတ်ပါတော့ကွယ်'

သူက ကြင်နာစွာပဲ ပြန်ပြောလိုက်လေသည်။ သူ့မှာ ဘာမှ မမျှော်လင့်သော အမူအရာ ပေါ်လွင်နေသည်။ ရိုးရိုး မိတ်ဆွေတစ်ယောက်၏ ကြင်နာခြင်းသာ သူ့မျက်နှာတွင် ပေါ်နေလေသည်။ လီဇာသည် ရေတစ်ခွက် ယူခိုင်းပြီး သောက်လေသည်။ လီဇာသည် တွမ်အား စိုက်၍သာ ကြည့်နေရှာပါသည်။ နောက် သူမသည် အငိုရပ်လိုက်ကာ-

'တွမ်··· တွမ် မင်းကို သိပ်ကျေးဇူးတင်ပါတယ်ကွယ်'

သူမ အသံမှာ ငိုသံဖြင့် ပြတ်တောင်း ပြတ်တောင်း ဖြစ်နေရှာသည်။

'အို··· ဒါ မိတ်ဆွေတစ်ယောက်ရဲ့ တာဝန်ပဲကွယ်၊ ဘာမှထူးပြီး ကျေးဇူးတင်ဖို့ မလိုပါဘူး'

လီဇာသည် တွေနေပြီးမှ-

'တွမ် မင်းနဲ့ နောက်ဆုံး လမ်းပေါ်မှာ တွေ့တုန်းက ငါ စိတ်ဆိုးခဲ့တာတွေအတွက် ငါ တောင်းပန်ပါတယ်ကွယ်'

သူမသည် တွမ့်ဘေးနား သွားထိုင်ပြီး တွမ့်လက်ကို ကိုင်ကာ ဆုပ်နေလေသည်။

'အို··· ဒါတွေ မေ့လိုက်ပါကွယ်။ မင်း ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့'

'ဒါပေမဲ့ ငါ မင်းအပေါ်မှာ အမြဲဆိုးခဲ့တယ် မဟုတ်လား၊ ခုမှ ငါ သိပြီ'

သူမသည် ရှိုက်လိုက်ကာ သူ့လက်ကို သူမ ရင်ခွင်တွင် သွင်းထားလေသည်။

'တွမ်··· တွမ် မင်း တို့အကြောင်း သိတာ ကြာပြီနော်'

တွမ်၏ မျက်နှာကလေးတွင် ရှက်သွေးဖြန်းသွားပြီး-

'အင်း…'

'ငါလဲ အထင်သားပဲ။ မင်း ဒါကြောင့် ငါနဲ့ တွေ့တိုင်း ရှောင်နေတာကိုး။ မင်း ငါ့ကို အဲ့ဒီတုန်းက ချစ်နေလို့ပေါ့နော်'

သူမသည် ဝမ်းနည်းစွာဖြင့် ဖြည်းဖြည်းချင်း သူ့အား မေးလေသည်။

'အခုလဲ ချစ်တုန်းပါပဲ လီဇာ'

'နောက်ကျပြီ တွမ်'

သူမသည် သက်ပြင်းမှုတ်ထုတ်လိုက်ရင်း ပြောလေသည်။

'လီဇာ၊ မင်း ဟိုကောင်နဲ့ ဖြစ်နေပြီဆိုတဲ့အကြောင်း လာပြောတဲ့ အကောင်ကို ငါ ဘာလုပ်လွှတ်လိုက်တယ်မှတ်လဲ ဟင်၊ နောက် မပြောနိုင်အောင် ကန်လွှတ်လိုက်တယ် သိရဲ့လား'

'ဟင်… ဒါနဲ့ မင်း သိတယ် ဆို'

'အေးလေ မယုံလို့မှ မဟုတ်ဘဲ၊ လီဇာ့အကြောင်း မကောင်းပြောတာ မကြားချင်လို့ပဲ'

လီဇာသည် သူ့အား ဖက်လိုက်ပြီး ယုယစွာ မွေးလေသည်။

'ဟုတ်တယ်၊ သူတို့ တို့ကို လိုက်ချောင်းနေကြတာပဲ။ မင်း တစ်ယောက်ပဲ မချောင်းတာ'

'ကဲ… ဒါတွေ ထားပါတော့လေ၊ အခု ငါနဲ့ ယူမလား'

'မဖြစ်တော့ပါဘူး တွမ်ရယ်၊ ဟိုတုန်းက မင်း ပြောကတည်းက မင်းစကား နားထောင်လိုက်ရင် ဒီလို ဒုက္ခရောက်ရမှာ မဟုတ်ဘူးနော်'

သူမသည် တွမ်အား သနားကရုဏာမိုး ရွေရင်း ပြောလေသည်။

'အို… လီဇာ ချစ်တယ်ဆိုရင် ပြီးရော၊ ဘယ်သူတွေ ဘာပြောပြော။ ငါ ပြောမယ် လီဇာ၊ မင်း မရှိရင် ငါ မနေတတ်ဘူး'

လီဇာသည် သူ့အား ဝမ်းနည်းပက်လက် မော့ကြည့်ရှာသည်။ နောက်-

'မဖြစ်ဘူး တွမ်၊ မဖြစ်ဘူး။ မဖြစ်တဲ့ အကြောင်းက…'

လီဇာက သူ့နားနားသို့ တိုးတိုးကလေး ပြောပြလိုက်လေသည်။ တွမ်သည် အားပြတ်သွားသူကဲ့သို့ ပုံကျသွားလေသည်။ နောက် သူသည် ဆုံးဖြတ်လိုက်သော အမူအရာနှင့်-

'ကိစ္စမရှိဘူး၊ ငါ ယူမယ်လေ'

လီဇာသည် အသံထွက်၍ ငိုလိုက်လေသည်။

'မဖြစ်ပါဘူး တွမ်၊ ဒါပေမဲ့ မင်း ငါ့အပေါ် ကောင်းခဲ့တာတွေကို တော့ ငါ ဘယ်လိုကျေအောင် ကျေးဇူးဆပ်ရမယ် မသိဘူး'

လီဇာသည် တွမ်အား လည်ပင်းမှ သိုင်း၍ ဖက်လိုက်လေသည်။ နောက် သူမ၏ ကိုယ်ကလေးကို တွမ်၏ ပေါင်ပေါ်တွင် ပျော့ချလိုက်ကာ မော့လိုက်ပြီးလျှင် မျက်ရည်တွေကြားမှ ချစ်စရာ အပြုံးကလေးဖြင့်–

'မင်းကို လက်မထပ်တာ တစ်ခုကလွဲလို့ မင်းသဘော တစ်ခုပါပဲ ကွယ်။ မင်းအလို လိုက်ဖို့ဆို ဘာမဆို ငါ ကြည်ဖြူပါတယ်'

တွမ်သည် လီဇာ ဘာဆိုလိုသည်ကို သိသူ မဟုတ်ရကား သူသည် ကိုယ်ကို ကိုင်းညွတ်ကာ လီဇာ၏ နဖူးပေါ်တွင် အသာအယာ မွှေးလိုက်ပြီး–

'ကျေးဇူးတင်ပါတယ် လီဇာ'

ဒါပဲပြောပြီး သူသည် အခန်းထဲမှ ထွက်သွားလေရကား လီဇာသည် ငို၍ ကျန်ရစ်ခဲ့လေတော့သည်။ နောက် သူမသည် ပျင်းရိ နွမ်းနယ်ခြင်းဖြင့် အိပ်ရာပေါ်သို့ ပစ်လှဲလိုက်ကာ မှောက်၍ ငိုလေတော့သတည်း။

နောက် လီဇာသည် ဂျင်တို့အိမ်ဘက်မှ ဆူဆူညံညံတွေ ကြားသဖြင့် နားစွင့်လိုက်မိလေသည်။ ပြတင်းမှ ထွက်ကြည့်ရာ မိန်းမတွေ ဝိုင်းနေကြသည် ကို တွေ့ရလေသည်။ မိန်းမတွေသည် ဟိုပြေးဒီပြေးနှင့် ဖြစ်နေကြလေသည်။ နောက် လီဇာ့အမေ ရောက်လာလေသည်။ ဟိုအိမ်ပေါ်ထပ်မှာ လင်မယား သတ်နေသည့်အကြောင်း၊ တံခါးပိတ်ပြီး ရိုက်နေကြောင်း၊ မိန်းမကြီးမှာ ဝက် အော်သလို အော်နေ၍ ဘေးမှ မကြည့်ရက်သူများက အတင်းတက်ပြီး တောင်းပန်နေကြကြောင်းတို့ကို ပြောကြားလေသည်။ ဒီအတိုင်း ကြည့် နေလျှင် မိန်းမကြီး အမှန်သေမည် ဖြစ်လေသည်ဟု သူမက မှတ်ချက်ချ လေသည်။

'အရှက်မရှိတဲ့ ယောကျ်ားတွေပဲ၊ သူ့ဗလကြီးနဲ့ ထိုးလိုက်တာ မိန်းမ ကြီးကို ပုံ ပုံ ကျသွားတာပဲ တဲ့'

လီဇာသည် သူမ ရန်သူဖြစ်ပေမဲ့ သနားသွားလေသည်။ မစ္စက်ကင့် သည် လီဇာ့မျက်နှာကို သေသေချာချာ ကပ်ကြည့်၍–

'ဟင်… လီဇာ၊ နင့်မျက်နှာမှာ ဘာဖြစ်လို့လဲ'

လီဇာသည် မဖြေနိုင်ဘဲ သူမ မိခင်၏ ကြင်နာသည့် အသံကြောင့် ဝမ်းနည်းသွားကာ ရှိုက်၍ ငိုလေတော့သည်။ ဒီတော့မှ မစ္စက်ကင့်သည် အထိတ်တလန့်နှင့် သူမ မျက်နှာကို စမ်းကြည့်ရင်း–

'မငိုပါနဲ့ သမီးရယ်၊ ဘာဖြစ်တယ်ဆိုတာ ပြောပါ'

'စိတ်ညစ်တယ် မေမေ'

'စိတ်ညစ်တာနဲ့ မျက်နှာကို ဘယ့်နဲ့လုပ်သလဲ၊ ကြည့်စမ်း… ရောင်လို့၊ ကုတ်ရာတွေနဲ့'

'ဘယ့်နဲ့မှ မလုပ်ပါဘူး'

'ဘယ့်နဲ့မှ မလုပ်ဘဲနဲ့ အလိုလို ဖြစ်လာသလား'

'လမ်းပေါ်မှာ မိန်းမကြီးတစ်ယောက်နဲ့ ရန်ဖြစ်လို့'

လီဇာသည် ပြောပြီး ငိုလေသည်။

'ဩော်… ဒါ သူက လုပ်လွှတ်လိုက်တာပေါ့လေ၊ ကြည့်စမ်း၊ မျက်လုံးတွေလဲ ရောင်လို့ ရဲလို့'

'ခေါင်းထဲက မူးလိုက်တာ မေမေ'

'အေး… ညည်း သိပ်ထိတ်လာလို့ပါ၊ ငါလဲ ထိတ်တဲ့လန့်တဲ့အခါ ဒီလိုပဲ ဖြစ်တတ်တာပဲ။ ဒါလေး တစ်ခွက်လောက် လုပ်လိုက်'

သူမသည် ကြောင်အိမ်ထဲက ပုလင်း တစ်ပုလင်း ထုတ်လာပြီးလျှင် သူမအား ဖန်ခွက်ကလေးတစ်ခွက်နှင့် ထည့်ပေးလေသည်။ လီဇာသည် နမ်းကြည့်လိုက်ကာ မျက်စိမှိတ်ပြီး မော့ချလိုက်လေသည်။ သူမသည် အကုန် မသောက်နိုင်ဘဲ သူမ မေမေအား ပြန်ပေးလိုက်လေသည်။

'အို… သောက်လိုက်ရောပေါ့ကွယ်၊ ငါတောင် ဒါ လိုလိုမည်မည် ဆောင်ထားတာ၊ မသောက်ရက်ဘူး။ ဒါ အကောင်းစား ဘရန်ဒီကွယ့်'

သူမသည် ဒီလိုပြောပြီး ဖန်ခွက်ထဲက အကျန်ကို အကုန်မော့လိုက်လေသည်။

'နံလိုက်တာ'

လီဇာသည် ရှုံ့မဲ့ကာ ပြောရင်း မှိန်းနေလိုက်သည်။ သူမ လည်ချောင်းထဲတွင်လည်း ရှသွားလေသည်။ ဒါပေမဲ့ မကြာမီ လီဇာသည် နွေးတေးတေး

ဖြစ်လာကာ သက်သာသည်ဟု ထင်လိုက်ရလေသည်။ သူမ မေမေသည် အရက်တရား ဟောနေလျက် ရှိလေသည်။ လီဇာသည် မကြားတချို့၊ ကြားတချို့နှင့် ဝေဒနာတစ်မျိုး ခံစားနေရလေသည်။ သူမသည် လီဇာ အရက်မကြိုက်ကောင်းလားဟု အပြစ်တင်နေလေသည်။ နောက် သူမသည် ထုံးစံအတိုင်း အရက်ဆိုင်သို့ ဘီယာသောက်ရန် ထွက်သွားလေတော့သည်။ သူမသည် တစ်ယောက်တည်း သက်သောင့်သက်သာ နေရတာမှ ကောင်းသေးသည်ဟု ထင်နေစဉ် မစ္စက်ကင့် ပြန်ရောက်လာပေသည်။

'ကဲ လီဇာ၊ ဒါက ခုနကဟာလောက် မပြင်းဘူး၊ သောက်လိုက်ဦး'

လီဇာသည် စိတ်ညစ်ညစ်နှင့် သူမ ပြောသည့်အတိုင်း သောက်ချလိုက်ပြန်သည်။

'လီဇာ ညည်းနဲ့သတ်တဲ့ မိန်းမဟာ ဘယ်သူလဲဟင်၊ ငါနဲ့ သတ်ချင်တယ်ကွယ်။ အခု ငါ ၆၅ နှစ် ရှိပေမဲ့ မကြောက်ပါဘူး၊ သတ်ရဲပါတယ်။ ငါ့သမီးကို စော်ကားတဲ့ဟာမနဲ့ တစ်ပွဲလောက်တော့ . . .'

လီဇာသည် သူမ၏လက်ထဲက အရက်ကို သောက်မြဲ သောက်နေလေသည်။

'အေး . . . ဒါမှ ငါ့သမီး၊ ကုန်အောင် သောက်လိုက်၊ ဆေးလို သဘောထားပြီး သောက်ပါကွယ်။ မမိုက်ပါနဲ့'

လီဇာသည် နောက်ထပ် ငှဲ့၍ သောက်ရလေသည်။ သူမသည် ခေါင်းမထောင်နိုင်အောင် မူးရိပ် မူးရိပ်ဖြစ်လာလေသည်။ သူမ မေမေသည် စကားတွေ အဆက်မပြတ် ပြောနေလေသည်။ သူမ ကလေး ဆယ့်သုံးယောက်မွေးခဲ့သည့်အကြောင်းတွေကို ကြွားလေသည်။ သူမ ယောကျ်ားအကြောင်းတွေကိုလည်း ပြောလေသည်။ မိန်းမတွေ၏ တာဝန်အကြီးဆုံးမှာ ကလေးမွေးဖို့တာဝန် ဖြစ်သည့်အကြောင်းတို့ကို မနားတမ်း ပြောနေလေရာ လီဇာသည် သည်းညည်းမခံနိုင်တော့၍-

'သောက်လိုက်ပါဦး၊ မေမေ မမူးသေးဘူးနဲ့ တူတယ်'

လီဇာက ခုံပေါ်တွင် ထောင်ထားသည့် ပုလင်းကို မျက်စပစ်ပြပြီး ပြောလေသည်။

'အား… ဒါမှ ငါ့သမီး လိမ္မာတယ်။ ဒီလို ပြောဖော်ရတာ အမေ အများကြီး ကျေးဇူးတင်တယ်။ တစ်ဝက်စီနော်'

သူမသည် လီဇာ့ဖို့လည်း ထည့်ပေးလေသည်။ လီဇာသည် အရှိန် ရသွားပြီ ဖြစ်သဖြင့် မငြင်းဘဲ သောက်လိုက်လေသည်။

'ပျော်တယ် မေမေ၊ လီဇာ ပျော်တယ်'

လီဇာသည် အာလေးလျှာလေးကြီးနှင့် ပြောလိုက်ရာ သူမသည် သဘောကျသွားလေသည်။

'အေး ပျော်ရမယ်၊ အရက်အရသာ တွေ့သွားပြီနော်။ ညည်း အခု မသောက်ပေတဲ့ ကလေးမွေးတဲ့အခါ မသောက်လို့ မဖြစ်ဘူး။ ငါ ကလေး ဆယ့်သုံးယောက်မွေးခဲ့တယ် မဟုတ်လား။ မွေးတိုင်း မွေးတိုင်း မမွေးခင် ရော မွေးပြီးတဲ့အခါရော သောက်တာပဲ'

လီဇာသည် တကယ်ပင် ပျော်သလို ဖြစ်လာလေသည်။ ခြေတွေ လက်တွေကို အားရပါးရ ခါပစ်လေသည်။ နောက် သီချင်းတစ်ပုဒ်ကို အားရပါးရ ဆိုလေသည်။ ပြီးတော့ တဖြည်းဖြည်း ဝမ်းနည်းသလို ဖြစ်လာ ကာ အလွမ်းသီချင်းတစ်ပုဒ်ကို ဆိုပြန်လေသည်။

မကြာမီ သူတို့သားအမိ နှစ်ယောက်စလုံး ငြိမ်ကျသွားလေတော့ သည်။ မစ္စက်ကင့်သည် အတော်ကြာသောအခါ ဟောက်စ ပြုလေသည်။ လီဇာသည်လည်း ခေါင်းငိုက်စိုက်ကျသွားကာ သတိလစ်သွားလေတော့ သည်။

( ၁၂ )

ညဥ့်သန်းခေါင်ယံ အချိန်လောက်တွင် လီဇာသည် နိုးလာလေတော့သည်။ သူမ၏ပါးစပ်သည် ပူ၍ ခြောက်နေလေသည်။ ခေါင်းထဲမှလည်း စစ်ခနဲ စစ်ခနဲနှင့် ထိုး၍ ထိုး၍ ကိုက်လေသည်။ သူမ မေမေသည်လည်း သူမ ဘေးတွင် အဝတ်အစားတွေ ဖရိုဖရဲနှင့် ဖြစ်နေလေသည်။ လီဇာသည် အအေး ဒဏ်ကို မခံနိုင်သဖြင့် သူမ အမေအောက်က စောင်ကို ဆွဲယူလေရာ သူမ သည် လန့်အော်ပြီး စောင်ကို ပြန်ဆွဲယူထားလိုက်လေသည်။ ထို့ကြောင့် လီဇာသည် ဂါဝန်ကလေးကိုပဲ ခြေထောက်လုံအောင် ထားရင်း ကွေးကွေး ကလေး ပြန်အိပ်ဖို့ ကြိုးစားရလေတော့သည်။ သို့သော်လည်း သူမသည် အိပ်လို့ မရတော့ချေ။ သူမ ခြေတွေ၊ လက်တွေ ချက်ချင်း ပူလာလေတော့ သည်။ ခေါင်းကလည်း အလွန်ကိုက်ရာ ရေငတ်သဖြင့် ရေထအသောက် တွင် ခေါင်းထဲတွင် စူးခနဲ ဖြစ်သွားပြီး အိပ်ရာပေါ် လဲကျသွားလေတော့ သည်။ နောက် သူမသည် တစ်ကိုယ်လုံး ဟိုကနာ၊ ဒီကနာဖြင့် ဝေဒနာ တစ်မျိုးကို လူးလိမ့်ရင်း ခံနေရလေသည်။ မကြာမီ တစ်ကိုယ်လုံး မခံမရပ် နိုင်အောင် တုန်တက်လာပြီး သွားချင်းရိုက်နေကြလေသည်။ အလွန် ချမ်း လေသည်။

'မေမေ အဝတ်ထပ်ပေးစမ်းပါ မေမေရယ်၊ ချမ်းလို့ သေရချည့်ရဲ့'

သူမ မေမေသည် မကြား။ သူမသည် တစ်ယောက်တည်း ကြိတ်ခံ ရင်း သတိလစ်သွားပြန်လေသည်။ နောက်တစ်ခါ သတိရလာသောအခါ သူမ တစ်ကိုယ်လုံးသည် ချစ်ချစ်တောက်ပူနေပြီး ချွေးတွေ ပြန်လာလေရာ သူမသည် စောင်တွေကို ခွာချလိုက်လေသည်။

'မေမေရယ် ရေလေး တစ်ခွက်လောက် သောက်စမ်းပါရစေ မေမေ ရယ်'

သူမသည် သတိလစ်သွားပြန်သည်။ သူမ မေမေမှာတော့ အိပ်မြဲ အိပ်နေလေသည်။ တစ်ခါတစ်ခါ ဟောက်တောင်မှ ဟောက်သေးသည်။

လီဇာသည် သေလုအောင် ချမ်းနေသည့်ဒဏ်ကို သတိမရတရနှင့် မှိတ်ပြီး တစ်ယောက်တည်း ခံနေရရှာလေသည်။ အသက်ပြင်းပြင်း ရှူလိုက် ဟောက်လိုက်နှင့် လုပ်နေသော သူမ မေမေအား စောင်းငဲ့ကြည့်လိုက်၍ အားရပါးရသာ ငိုပစ်လိုက်လေသည်။ သူမသည် ခေါင်းအုံးကို ရင်ဘတ် အောက်သို့ ထား၍ ဖက်ထားရင်းက-

'အို... ငါ ဘာလို့ အိပ်လို့မရပါလိမ့်ကွယ်၊ မေမေ့လို အိပ်ပျော်သွား ချင်လိုက်တာ'

ပြီးတော့ မှောင်မိုက်ခြင်းကို လန့်၍လည်း နေပေသေးသည်။ သူမ သည် ခါတိုင်း မနိုးလို့ပဲလား မသိ၊ မှောင်မည်းခြင်းကို ဂရုမပြုဘူးချေ။ ကြောက်စရာ ကောင်းလေတော့သည်။ ပြတင်းပေါက်အပေါ်က လေဝင် ပေါက်မှ မှိန်မှိန်ကလေး တိုးဝင်နေသည့် မီးရောင်ကလေးကို လီဇာသည် အကြောက်ပြေရန် ကြည့်နေရတော့လေသည်။ ည ကုန်လွန်ပါစေတော့ဟု သူမ စိတ်ထဲက ဆုတောင်းလေသည်။ ဒီညမှပဲ ကုန်ခဲလိုက်တာနော်။ တစ် မိနစ်ဟာ တစ်နာရီလောက်ပဲ ကြာနေရှော့သလား။

သူမသည် တစ်ခါမှ မခံစားဖူးသော တစ်ကိုယ်လုံး နာကျင်သည့် ဝေဒနာကို ခံစားနေရရှာရင်း အားကိုးရာမဲ့စွာဖြင့် မိုးမလင်းမချင်း ခံရတော့ ပေမည်ဟု တွေးမိလေသည်။ ညကလည်း ရက်စက်စွာ ရှည်လျားနေပေ တော့သည်။ သူမသည် အတင်းအိပ်ဖို့ ကြိုးစားလေရာ တစ်ခါတစ်ခါ သတိ လစ်သလို မှေးရုံသာ မှေးရလေသည်။ ဒါပေမဲ့ သူမအဖို့ ပို၍ ဆိုးရွားစေလေ သည်။ အဘယ်ကြောင့်ဆိုသော် ထိုခဏမျှ မှေးမှေးကလေး ဖြစ်သွားသည့် အတောအတွင်း ချောက်အိပ်မက်များ မက်နေသောကြောင့် ဖြစ်ပေသည်။ သူမသည် မစ္ဆက်ဂျင်နှင့် အိပ်မက်ထဲတွင် သတ်ရပြန်လေသည်။ မိန်းမကြီး ၏ ကိုယ်သည် တဖြည်းဖြည်း မြင့်မြင့် ကြီးကြီးလာလေပြီ။ သူမအား ပါးစပ်

ကြီးတွေ ဖြဲပြသဖြင့် သူမသည် တအားပြေးရလေသည်။ နောက် ခလုတ်တိုက် လဲ၍ သူမ လန့်နိုးလေတော့သည်။

သူမသည် လင်းအရုဏ်ကို အနည်းငယ် တွေ့မိလိုက်ရာ အားတက်သလိုလို ဖြစ်သွားလေသည်။ သူမ မေမေသည် အသက်ရှုပြင်းပြင်းနှင့် ဟောက်တုန်းပင်။ လီဇာသည် ခံသာသလိုလို အောက်မေ့၍ မနိူးဘဲ သူမ အနိုးကို စောင့်နေလေသည်။ တော်တော်ကလေး ကြာသောအခါ သူမ နိုးလာလေသည်။

'လီဇာ'

'ဘာလဲ မေမေ'

လီဇာသည် အလွန်အားနည်းစွာ ယဲ့ယဲ့အသံကလေးဖြင့်သာပဲ ဖြေနိုင်ရှာလေသည်။

'ငါ့ဖို့ လက်ဖက်ရည် တစ်ခွက်လောက် ဖျော်စမ်းကွယ်'

'မေမေ၊ လီဇာ မထနိုင်ဘူး မေမေ၊ ညက သိပ်ဖျားတယ်'

'တယ်...'

မစ္စက်ကင့်သည် အံ့ဩစွာဖြင့် ထိုသို့ ရေရွတ်လိုက်ရင်း သူမ နားသို့ ထ လာလေပြီးလျှင် သူမ မျက်နှာကို ကြည့်၍ နောက်တွန့်သွားကာ-

'ဟဲ့... ဟဲ့ နင့်မျက်နှာ ဘယ့်နှဲ့ဖြစ်နေတာလဲဟင်၊ ကြောက်စရာကြီးပါလား၊ သိပ်ရောင်နေပါလား'

'ဘာဖြစ်လို့လဲ မသိဘူး မေမေရယ်၊ ညက သေလုအောင် ခံရတာပဲ။ မေမေက အိပ်လိုက်တာ နှိုးလို့တောင် မရဘူး'

'ဩော်... သိပြီ သိပြီ၊ ဟုတ်တယ်၊ ညည်း မသောက်စဖူး သောက်လို့၊ ငါ့ကြည့်ပါလား ဘာမှဖြစ်ဘူး။ လန်းတောင် လန်းသေးတယ် မဟုတ်လား။ ဘရန်ဒီဟာ မမှားနိုင်ပါဘူးကွယ်၊ တော်တော်ကြာ ညည်း သက်သာလာမှာပါ'

မစ္စက်ကင့်သည် ညက ပုလင်းကို ထုတ်၍ ရေနှင့်ချိန်ဆပြီး ရောနေပြန်လေသည်။ နောက် လီဇာအား ပေးလေသည်။ လီဇာက ခေါင်းခါ၍-

'ယူသွားပါ မေမေ၊ ကျွန်မ မသောက်ချင်ဘူး။ အနံ့တောင် မခံနိုင်တော့ဘူး။ တော်ပြီ၊ နောက်ဆို ဘယ်တော့မှ သောက်ရမှာ မဟုတ်တော့ဘူး'

လီဇာသည် တစ်နေ့လုံး မထတော့ပေ။ တွမ်သည် သူမအား လာမေးသည်တွင် သူမ မေမေက အတော်ဖျားနေသည်ဆို၍ ပြန်သွားရလေသည်။ လီဇာသည် သတိရလာသောအခါ ဘယ်သူတွေ လာမေးသလဲဟု မေးသည်။ ဘယ်သူမှ မလာဟု သူမ မေမေက ပြောသည်တွင် သူမသည် သက်ပြင်းကလေး မှုတ်ထုတ်လေသည်။ အဖျားသည် မကျတော့ဘဲ အတက်သာ ရှိတော့၍ သူမသည် ခေါင်းမထူနိုင်အောင် မူးဝေလျက် ရှိတော့သည်။ သူမ အမေသည် သူမအား မေးရုံ ဝင်မေးပြီး ပြန်အိပ်သွားလေတော့ရာ လီဇာမှာ တစ်ယောက်တည်းပဲ ဝေဒနာခံစားနေလေသည်။ နောက် တစ်ညလုံး အပြင်းအထန် ခံစားရပြန်ကာ မိုးလင်းခါနီး နိုးလာသောအခါ ကယောင်ကတမ်းနှင့် အိပ်ရာခင်းတွေကို ဆုပ်ပြီး တအားအော်လိုက်လေသည်။ ဒီတော့မှ မစ္စက်ကင့်သည် နိုးလာလေသည်။ လီဇာအား ကြည့်လိုက်ရာ လိမ့်နေလေသည်။

မစ္စက်ကင့်သည် တစ်ယောက်တည်း ဗျာများသွားပြီး အပေါ်သို့ ပြေးတက်သွားကာ မစ္စက်ဟောက်အား ခေါ်လေသည်။ မစ္စက်ဟောက်သည် မဆိုင်းမတွ ဆင်းလိုက်လာရှာလေသည်။ သူမသည် အရပ်ဝမ်းဆွဲဆရာမ တစ်ယောက် ဖြစ်လေသည်။

'ဟာ... ကလေးလျှောတာပဲ၊ ဆရာဝန် သွားခေါ်မှပဲ'

'ဒီအချိန်ကြီးမှာ ဘယ်သူ့ခေါ်ခိုင်းမလဲ'

'ကျုပ်ယောက်ျား သွားပြောလိုက်ဦးမယ်'

သူမသည် သူမ ယောက်ျားအား ပြေးပြောပြီး ဆရာဝန် အခေါ်ခိုင်းလိုက်လေသည်။ နောက် ပြန်လာလေသည်။

'မစ္စက်ကင့် ကျုပ်ကို လာပြောတာ ကံကောင်းတယ်။ ကျုပ်က ဆရာမ လုပ်နေတာပဲ။ ဒါမျိုးတော့ ကြည့်လိုက်ရုံနဲ့ သိတယ်'

'ကျုပ်လည်း အံ့သြသွားတယ်။ လီဇာကို ဒီလို မထင်ဘူး၊ သူကလဲ ပြောမပြဖူးဘူး'

'ဘယ်သူနဲ့လဲ၊ ရှင် သိပါ့မလား'

'မသိပါဘူးရှင်၊ တွမ်ဆိုတဲ့ ကောင်ကလေးနဲ့တော့ တွဲနေတာ တွေ့ရတာပဲ။ သူပဲ ဖြစ်မှာပဲ။ ဖြစ်မိရင်လဲ ယူလိုက်ကြရောပေါ့အေ'

'မဟုတ်ဘူး၊ တွမ် မဟုတ်ဘူး'

လီဇာသည် အသံတိုးတိုးကလေးနှင့် ပြောပြီး ရှိုက်နေလေသည်။

'မငိုနဲ့ကွယ် ကလေးမ'

မိန်းမကြီးက အားပေးရှာလေသည်။

'ဒါဖြင့် ဘယ်သူလဲ'

သူမ မေမေက မေးလေသည်။ လီဇာသည် အဖြေမပေးချေ။

သူ့အမေက ထပ်ကာ ထပ်ကာ မေးသည့်တိုင်အောင် လီဇာသည် မဖြေပေ။

'ကိစ္စမရှိပါဘူးကွယ် မစ္စက်ကင့်ရယ်၊ ရောဂါပျောက်တော့မှ မေးတာပေါ့'

မစ္စက်ဟောက်က သနားသဖြင့် လီဇာဘက်က ဝင်ပြောလေသည်။ ထို့နောက် ငြိမ်သွားကြပြန်ကာ မိန်းမကြီးနှစ်ယောက်သည် ဆရာဝန်ကို တမျှော်မျှော်နှင့်နေစဉ် လီဇာသည် အသက်ရှူကျပ်ကာ မောလျက် ရှိနေလေသည်။ တစ်ခါတစ်ခါ ဂျင့်မျက်နှာ ပေါ်လာရာ သူမသည် အော်ခေါ်လိုက်မည် ပြုပြီးမှ သတိထားလိုက်ရလေသည်။

ဆရာဝန် လာလေပြီ။

'ဆရာ အတော် ဆိုးနေပြီလား ဟင်'

မစ္စက်ဟောက်က မေးလိုက်ရာ ဆရာဝန်သည် လေးလေးကြီးနှင့် -

'အင်း… အတော်တော့ ဆိုးတာပဲ။ ဒါပေမဲ့ ညနေ လာခဲ့ပါဦးမယ်'

'အို… ဆရာဝန်ရယ် ကျွန်မ ကိုယ်လက်ကိုက်တဲ့ ရောဂါအတွက် လဲ ကြည့်ပြီး ဆေးပေးခဲ့ပါဦး။ ဒီသမီးကလေး တစ်ယောက်ပဲ ပြုစုနိုင်တာ၊ အခု သူ လဲရင် ပိုဆိုးတော့မှာပဲ'

မစ္စက်ကင့်က ဆရာဝန် သွားခါနီး ပြောလိုက်ခြင်း ဖြစ်လေသည်။

တစ်နေ့လုံး လီဇာသည် မသက်သာဘဲ ရှိနေလေသည်။ ညနေကျသောအခါ မစ္စက်ဟောက်သည် အောက်ထပ်သို့ ဆင်းလာလေသည်။ မစ္စက်ကင့်သည် လီဇာဘေးနားတွင် အိပ်နေရာမှ လန့်နိုးလာပြီးလျှင် -

'မှေးခနဲ အိပ်သွားတယ် ထင်တယ်'

'ဘယ့်နှယ့်လဲ မစ္စက်ကင့်၊ ကလေးမကလေး ဒီအတိုင်းပဲလား'

မစ္စက်ဟောက်က မေးလိုက်ရာ သူမသည် လီဇာအား တစ်ချက်ကြည့်လိုက်၍-

'ကျုပ် အကိုက်အခဲက အရေးထဲမှာ ထနေပြန်လို့ မကြည့်အားပါဘူး ရှင်၊ ကျုပ် ကုသိုလ်ပဲ။ လုပ်ပေးမဲ့ လူတစ်ယောက်ရှိတာ၊ အဲဒီတစ်ယောက်က ခု လဲနေတော့'

မစ္စက်ဟောက်သည် သူမ အဖြေကို မစောင့်တော့ဘဲ လီဇာ အနားသွား၍ အခြေအနေကို စမ်းသပ်ကြည့်နေလေသည်။ လီဇာသည် မနက်က အတိုင်းပဲ အိပ်ရာထဲတွင် ပက်လက်ကလေး မျက်နှာကလေးတွေ အန်းပြီး ပါးစပ်ကလေး ဟ ကာ မောမောပန်းပန်း အသက်ရှူနေရှာတုန်း ဖြစ်လေရာ သနားသွားမိလေသည်။

'ကလေးမ လီဇာ'

သူမ၏အမေးကို လီဇာက မဖြေနိုင်ရှာတော့ပေ။

'သတိမရတော့ဘူးနဲ့ တူပါရဲ့ မစ္စက်ဟောက်ရယ်၊ တစ်နေ့လုံး ဘယ့်နှယ့်နေသလဲ၊ ဘယ်သူနဲ့ ဖြစ်တာလဲဆိုတာ တမေးတည်း မေးနေတာ ပါပဲရှင်၊ သူ တစ်ခုမှလဲ မကြားပါဘူး၊ အို ကျွန်မတော့ ဒုက္ခပါပဲရှင်'

မစ္စက်ကင့်က ငိုသံပါကြီးနှင့် ပြောလေသည်။

'သနားပါတယ် မစ္စက်ကင့်ရယ်၊ ဒါပေမဲ့ ...'

မစ္စက်ဟောက်က လှိုက်လှဲစွာ ပြောရာလေသည်။

'ထင်လိုက်သားပဲ မစ္စက်ဟောက်ရယ်၊ ရှင် ဆင်းလာပြီး ဘာဖြစ်တယ်ဆိုတာ ပြောကတည်းက ကျွန်မတော့ ထိပ်သွေးရောက်ပြီး မွှန်ထူသွားတာပဲ ရှင်၊ မရတော့ဘူးလို့' '

'ကျုပ်က ချက်ချင်းကြည့်ရုံနဲ့ ပြောလိုက်နိုင်တယ် မဟုတ်လား'

မစ္စက်ဟောက်သည့် အရေးထဲမှာ ကြွားမိလိုက်သည့်တိုင်အောင် လီဇာအား သနားလျက် ရှိလေသည်။ နောက် သူမသည် သူမ၏ကိုယ်တွေ့ကို မစ္စက်ကင့်အား ပြောပြနေလေသည်။ သူမ အကျပ်အတည်းနှင့် တွေ့သည့်အခါ ကြိုးကြိုးစားစား မွေးပေးခဲ့ပုံ၊ ဆရာဝန်၏ ချီးမွမ်းခံရပုံတို့ကို ပြောလေသည်။

လီဇာ၏သတင်းသည် ပျံ့နှံ့သွားလေသည်တွင် မိတ်ဆွေတို့သည်

လာ ၍ မေးကြစမ်းကြလေသည်။ ထိုညနေစောင်းလောက်တွင် တွမ်သည် ပေါ် လာပြန်လေသည်။ တွမ်မှာ အခေါက်ပေါင်းများစွာ လာသော်လည်း လီဇာ သတိမရသည်နှင့် ကြုံ၍ချည်းသာ နေသဖြင့် ပြန်သွားရလေသည်။

'လာလေ… တွမ် ဝင်ကြည့်ပါလား'

တွမ်သည် အခန်းပေါက်တွင် ရပ်နေရာမှ ခြေဖျားထောက်၍ ဝင် သွားလေသည်။ နောက် လီဇာ့ မျက်နှာကလေးအား မျက်တောင်မခတ် ကြည့်နေလေသည်။ လီဇာသည် လှုးလွန့်လာပြီး ပါးစပ်ကလေး လှုပ်ပြနေ လေရာ မစ္စက်ဟောက်သည် ရေတစ်ခွက် ပြေးယူကာ ပါးစပ်တွင် တေ့ပေး လေသည်။ တွမ်သည် မျှော်လင့်ကြီးစွာဖြင့် စောင့်နေလေသည်။ လီဇာသည် ရေကလေး ပါးစပ်စွတ်တယ်ဆိုရုံ သောက်ပြီး မျက်လုံးများ ဖွင့်ကြည့်သည် တွင်-

'လီဇာ… တွမ်လေ'

တွမ်သည် သူမ မျက်နှာနားကပ်ကာ ညင်သာစွာ ပြောလေသည်။ လီဇာသည် အားမရှိ၊ ပကတိအရောင်ကင်းသော မျက်လုံးကလေးများဖြင့် သူ့အား ကြည့်နေလျက် ရှိသော်လည်း စကားမပြောနိုင်ရှာပေ။ ယဲ့ယဲ့အပြုံး ကလေးကိုတော့ တွမ် သတိထားမိလိုက်ပါသည်။ သူသည် နဖူးကလေးကို သပ်ပေးရှာလေသည်။

'လီဇာ၊ ဂျင့်ကို ခေါ်ပေးမယ်လေ'

လီဇာသည် တွမ်အား ကြည့်ရင်း မျက်လုံးကလေးများကို ပြန်မှိတ် လိုက်ကာ ခေါင်းခါပြလိုက်လေသည်။ နောက် သူမ လက်ကလေးတွေသည် ကြွတယ်ဆိုရုံ ကြွလာလေရာ တွမ်သည် ဆုပ်ကိုင်ထားလိုက်လေသည်။ တွမ်သည် သူ့ရင်ဘတ်နားသို့ ဆွဲယူလေသည်။ လီဇာက ကျေနပ်သော အပြုံး ကလေးကို ပြရှာလေသည်။ သူမ မျက်လုံးများမှာ တွမ်အား ဆွဲခေါ်နေသည် ဟု ထင်ရသဖြင့် တွမ်သည် ငုံ့ပြီး ဖြည်းညင်းစွာ နဖူးကလေးကို မွှေးလေ သည်။ လီဇာသည် နောက် သတိမရတော့ပေ။

တွမ်သည် လူတွေရှေ့တွင် လီဇာအား နမ်းလိုက်ရသဖြင့် ရှက်သွေး ကလေး ဖြန်းလျက်သားနှင့် လှည့်ထွက်ခဲ့လေသည်။ သူ့မျက်နှာမှာ ငိုတော့ မလို ဖြစ်နေလေသည်။

'သူပဲပေါ့၊ လီဇာနဲ့ အမြဲတွေ့နေတာ'

လီဇာ့ မေမေက မစ္စက်ဟောက်အား ပြောလိုက်လေသည်။

မကြာမီ ဆရာဝန် တစ်ခေါက်ပြန်လာလေသည်။

'ဆရာ ဘယ့်နှယ်ထင်သလဲ'

မစ္စက်ဟောက်က ဝါစုဂ္ဂတ လုပ်၍ မေးလေသည်။

'မနက်ကထက် ပိုဆိုးလာတယ်'

ဆရာဝန်က ဖြေလေရာ-

'မျှော်လင့်ချက် မရှိတော့ပါဘူးနော်'

မစ္စက်ဟောက်ကပင် ပြောလေသည်။ ဒါပေမဲ့ ဆရာဝန် နားနားသို့ ကပ်၍ တိုးတိုးကလေးမေးခြင်း ဖြစ်လေသည်။ ဘေးက လူတွေသည် သူမအား ဝိုင်းကြည့်နေကြသည်။

'ဟုတ်တယ်'

ဆရာဝန်သည် လီဇာ ဘေးတွင် ထိုင်ပြီး ရှူဆေးတစ်ခုခုကို ပေးနေလေသည်။ မစ္စက်ဟောက်သည် မစ္စက်ကင့်ဘက် လှည့်၍ ခေါင်းညိတ်ခေါ်လိုက်ပြီး နားနားကပ် ပြောလေပြီးသည့် အခြားမဲ့၌ မစ္စက်ကင့်သည် လက်ကိုင်ပဝါနှင့် မျက်နှာကိုအုပ်ပြီး မျက်ရည်သုတ်နေလေသည်။ နောက် မစ္စက်ဟောက်သည် အခန်းဝက စောင့်နေကြသည့် လူတွေဆီကို သွားလေသည်။ ထိုလူအုပ်ထဲတွင် တွမ်အားလည်း တွေ့ရလေသည်။

'ဘာတဲ့လဲ မစ္စက်ဟောက်'

သူတို့သည် သိချင်ဇောနှင့် လှမ်းမေးကြလေသည်။

'အို··· ငါ ပြောတဲ့ အတိုင်းပါပဲ အေ၊ မရတော့ဘူးလို့ ငါ ပြောတယ် မဟုတ်လား'

မိန်းမတွေသည် ကရုဏာသက်လိုက်ကြကာ စုတ်သပ်ကြလေသည်။ အစက လီဇာအား မုန်းခဲ့သူတွေသည် အခု မျက်ရည်ကလေးတွေ ဝိုင်းနေရှာကြသည်။ ထိုအထဲမှ တွမ်၏ရှိုက်သံသည် ပေါ်ထွက်လာလေတော့သည်။

နောက် မိန်းမတွေသည် မစ္စက်ဟောက်၏ အရည်အချင်းကို ချီးကျူးနေကြလေသည်။ မစ္စက်ဟောက်အား အရေးတယူ လုပ်ကြကာ ဗိုက်နဲ့မိန်းမများသည် ချက်ချင်း ပါးစပ် စရန်သတ်သွားကြလေသည်။ နောက် သူတို့သည်

လူမမာအကြောင်း ဘေးချိတ်၍ မီးဖွားသည့်အကြောင်းကို စုဝေး ပြောနေကြလေသည်။

လီဇာ့အခန်းကို တစ်စုံတစ်ယောက်သောသူသည် အပြင်မှ ခေါက်နေလေရာ မစ္စက်ကင့်သည် ထဖွင့်ပေးသည်တွင် ဂျင်သည် ဝင်လာလေသည်။ သူသည် ဘယ်သူ့မှ မကြည့်၊ အိပ်ရာပေါ်မှ လီဇာအားသာ ကြည့်လေသည်။ မစ္စက်ဟောက်က မျက်ရိပ်ပြပြီး သူ ဘယ်သူလဲဟု မေးရာ၊ မစ္စက်ကင့်က ခေါင်းခါပြလေသည်။ သူမသည် သူ့ရဲ့ မုတ်ဆိတ်မွေးညို ကြီးနှင့် ဖြူရော်သော အသား၊ ကြောက်စရာကောင်းသော မျက်နှာပေးကို လန့်သွား၍ လှမ်းလှမ်းတွင် သွားရပ်နေလေသည်။

'ဆရာ သိပ်ဆိုးနေသလား'

ဆရာဝန်သည် ခေါင်းညိတ်ပြလေသည်။

'ဆရာ ကျုပ်ကြောင့်ပဲဆရာ၊ ကျုပ်အပြစ်ပဲ၊ မရတော့ဘူးလားဟင်'

ဆရာဝန်သည် ခေါင်းညိတ်ပြန်ရာ ဂျင်သည် လီဇာ့လက်ကလေးကို သွားကိုင်လိုက်ပြီး–

'မသေသေးပါဘူးနော်'

'အခုတော့ အသက်ရှိပါသေးတယ်'

ဂျင်သည် လီဇာ့ မျက်နှာနားသို့ ကပ်လိုက်လေသည်။

'လီဇာ၊ ငါ့ကို အပြစ်လွှတ်ပါနော် လီဇာ'

သူသည် မျက်ရည်တွေတွေကျကာ ကြေကွဲသော အသံဝါဝါကြီးနှင့် ပြောလေသည်။ ဆရာဝန်က–

'သူ ခင်ဗျား ပြောတာ ကြားမှာ မဟုတ်ဘူးဗျ'

'အို… ကြားရမယ်၊ လီဇာ… လီဇာ'

သူသည် လီဇာ့အိပ်ရာဘေးတွင် ဒူးထောက်ချလိုက်လေသည်။

နောက် တစ်ခန်းလုံး ငြိမ်ကျသွားလေသည်။ မစ္စက်ကင့်သည် နောက်ဆုံးမှ လင်ကောင်ပေါ်လာသဖြင့် တော်သေးရဲ့ဟု မှတ်ချက်ချလေသည်။ နောက် မစ္စက်ဟောက်နှင့် မသာရထားအကြောင်း စသည်ကို ဆွေးနွေးနေလေသည်။ မစ္စက်ဟောက်က သူမ အရည်အချင်းကို တစ်ခါတစ်ခါ ကြွားနေတုန်း ဖြစ်လေသည်။ မိန်းမကြီးတစ်ယောက်က အသက်အာမခံအကြောင်း

ပြောနေလေသည်။ နောက်ဆုံး မစ္စက်ကင့်နှင့် မစ္စက်ဟောက်သည် မသာ ရထားငှားဖို့ ဘယ်သူက ကောင်းတယ်၊ မကောင်းဘူး ငြင်းနေဆဲတွင် ဆရာဝန် သည် ထ လိုက်ပြီး လီဇာ့မျက်လုံးကို ဖြဲကြည့်လေသည်။

အားလုံး ငြိမ်သွားကြပြန်လေသည်။ သူတို့သည် တုတ်တုတ်မျှပင် မလှုပ်ဘဲ ငြိမ်နေကြပြန်ရာ ငြိမ်သက်ခြင်းသည် ခြောက်လှန့်သလို ဖြစ်နေ လေသည်။ ရာသီဥတုသည် အေး၍ စိမ့်တိမ့်တိမ့် ဖြစ်လာသည်။

နောက် လီဇာသည် တစ်ချက်လွန့်လိုက်ရာ ငြိမ်သက်ခြင်းကို အနည်း ငယ် ဖျက်ဆီးလိုက်လေသည်။ ဆရာဝန်သည် လီဇာ့လက်ကလေးကို ကိုင် ပြီး ပြန်ချထားလိုက်သည်။ နောက် စောင်တစ်ထည်နှင့် မျက်နှာကို အုပ်ပြီး ဖြည်းညင်းစွာ အခန်းထဲမှ ထွက်သွားလေသည်။

ဂျင်သည်လည်း ဆရာဝန်နောက်က ခေါင်းကြီးစိုက်ကာ လိုက်သွား လေသည်။ မိန်းမကြီးနှစ်ဦးသည် ကြိတ်၍ ရှိုက်နေလေသည်။ အလင်းရောင် ဖျော့ဖျော့ကလေးသည် ပြတင်းပေါက်မှ ဖြတ်၍ လီဇာ့ မျက်နှာပေါ်ကို ထိုး နေလေသည်။ လင်းအရုဏ် လာပြီဖြစ်ရာ မစ္စက်ကင့်သည် စားပွဲပေါ်က မီးအိမ်ကလေးကို မှုတ်လိုက်လေတော့သတည်း။ ။

[ ရှုမဝ၊ (မေ၊ ၁၉၅၀) ]

လီဇာသည် ဝီလျံမ်ဆမ်းမားဆက်မွမ်၏ ပထမဆုံး ဝတ္ထုဖြစ်သည်။ ယင်းကို ၁၈၉၇ တွင် ရေးသည်။ ဆရာဝန်လုပ်ရန် လန်ဒန်မြို့ တောင်ဘက် စိန့်သောမတ်ဆေးရုံ၌ လက်တွေ့ဆင်းနေစဉ် ရေးသည့် ဝတ္ထု ဖြစ်သည်။ ယင်းမှာ ထိုဆေးရုံဝန်းကျင် လင်းဗတ် လူဆင်းရဲရပ်ကွက်၌ ကျင်လည် ပျော်မွေ့စဉ်က ရသည့် အတွေ့အကြုံကို ဝတ္ထုဖွဲ့ခြင်း ဖြစ်သည်။ ထိုဝတ္ထုကို ဝေဖန်ရေးဆရာတို့က များစွာ ချီးကျူးကြသည်။ ထိုအခါ မွမ်မှာ စိတ်ဓာတ် တက်ကြွလာသည် ။ စာရေးဆရာ ဖြစ်ပြီ။ စာရေးဆရာ လုပ်စားနိုင်ပြီ ဟူ၍လည်း အားတက် မိသည်။

-ကျော်အောင်၊ ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ (၁၉၈၆)။ စာ ၁၇ - ၁၈။

လွတ်လပ် ပွင့်လင်း ဆိုရှယ်ကျလွန်းသော အပျံသင်စ ဆယ်ကျော်သက် အပျိုဖြန်းကလေး၏ အတွေ့အကြုံရင့် အိမ်ထောင်ရှင် ကျားသတ္တဝါနှင့် ပျော်ပွဲ ကစားရာမှသည် အတွေ့နောက် ကောက်ကောက်ပါလျက် ရေတိမ်နစ် ဘဝပျက်သုဉ်းရသည့် ဝတ္ထုလတ်။




YP495
9 781995 004952